# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## အကျိုးစီးပွားဖြစ်ထွန်းနိုင်

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည် လည်းကောင်း၊ သဒ္ဓါတရားတို့သည် လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာ ၅ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၅၈)၊ အမှတ် (၀၆၆)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ) တက်ရောက်အမှာစကားပြောကြား

## နည်းပညာအရှိန်အဟုန်တိုးတက်နေတဲ့ခေတ်ကြီးမှာ နည်းပညာသစ်တွေရဲ့ အကောင်း၊ အဆိုး အကျိုးနှစ်သွယ်လုံး ကလေးများသိအောင် လုပ်ပေးဖို့လို

**နေပြည်တော် ဒီဇင်ဘာ ၄**

ပညာရေးဝန်ကြီးဌာနက ကျင်းပသည့် ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ)ကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ (MICC-2) ၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက် အမှာစကားပြောကြားသည်။

နှီးနှောဖလှယ်ပွဲသို့ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ ဆရာတော်များ ကြွရောက်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးဝန်ကြီးများ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၊ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီတို့မှ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပါမောက္ခချုပ်များ၊ ပညာရေးကောလိပ်များမှ ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များမှ ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ တပ်မတော်ကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကိုယ်စားလှယ်များ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာ၊ ဆရာမ အသင်းအဖွဲ့၊ ကျောင်းသားအသင်းအဖွဲ့နှင့် မိတ်ဖက်စာကြည့်တိုက်များမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ✤



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ ( အခြေခံပညာကဏ္ဍ) တွင် အမှာစကားပြောကြားစဉ်။

သတင်းစဉ်




KBZ BANK

STRENGTH OF MYANMAR

'BANK OF THE YEAR IN MYANMAR 2017'

Awarded by Financial Times (The Banker)

# ပြည်သူ့ဘဏ္ဍာ သုံးစွဲကြသည်ဆိုရာတွင်

ဘတ်ဂျက်အသုံးပြုမှုနှင့် ပတ်သက်၍ လွှတ်တော်များတွင် ဆွေးနွေးပြောဆိုသံများ မကြာခဏဆိုသလို ကြားရပါသည်။ နိုင်ငံအုပ်ချုပ်ရေးတွင် အရေးကြီးဆုံးဟုဆိုရမည့် ကိစ္စများထဲမှာ ဘတ်ဂျက်လည်း ပါဝင်ပါသည်။ ဘတ်ဂျက်စနစ်ကျနမှု မရှိလျှင် တိုင်းပြည်ရေးရာများကို မှန်မှန်ကန်ကန် ဆောင်ရွက်ဖို့ မဖြစ်နိုင်။

ဘတ်ဂျက်ဆိုသည်က ပြည်သူ့ဘဏ္ဍာငွေများကို စနစ်တကျသုံးစွဲနိုင်ရန် ထိန်းကွပ်ထားခြင်းဖြစ်ပါသည်။ ပြည်သူ့ငွေများကို စီမံခန့်ခွဲမှု အလွဲများ မဖြစ်စေရန်၊ အကျိုးသက်ရောက်မှုရှိ၍ သုံးသမျှ ထိရောက်စေရန်၊ စနစ်တကျ စီမံခန့်ခွဲနိုင်ရန်၊ သုံးစွဲရာ၌လည်း အလွဲသုံးစားမလုပ်နိုင်ရန် စသည်တို့အတွက် ထိန်းကွပ်ပေးသည့်စနစ် ဖြစ်၏။

ပြည်သူ့ငွေများကို အစိုးရဌာနများက ဘာအတွက်လိုသည်၊ မည်မျှလိုသည်၊ မည်သည့် နေရာတွင် မည်မျှသုံးစွဲမည်၊ မည်မျှ ပြန်လည်ဝင်မည်၊ ချေးငွေမည်မျှလိုမည်၊ မည်သို့ဆပ်မည်၊ ရေရှည်တွင် ထိန်းသိမ်းစရိတ်မည်မျှ လျာထားမည်၊ အမြတ်မည်မျှ အရှုံးမည်မျှ ပေါ်မည်တို့ကို ဘတ်ဂျက်ရေးဆွဲတောင်းခံတင်ပြခြင်း၊ မှန်ကန်တိကျခြင်း ရှိ မရှိ၊ ထိထိရောက်ရောက် သုံးစွဲနိုင်ခြေ ရှိ မရှိ၊ မည်သို့ ထိန်းချုပ်မချုပ်ကို ဆန်းစစ်ကာ ပြည်သူ့ကိုယ်စားလှယ်များက စိစစ်အတည်ပြုပေးရခြင်းတို့ ဖြစ်၏။

ပြည်သူ့ငွေများကို အစိုးရအုပ်ချုပ်ရေးဌာနအသီးသီးက မည်သို့ သုံးစွဲနေသည်ကို ပြည်သူတို့က သိခွင့်ရှိအောင်၊ မည်သို့သုံးစွဲမည် ဆိုသည်ကို ပြည်သူတို့ နားလည်သဘောတူနိုင်အောင် ဘတ်ဂျက်လျာထားခြင်း၊ ဘတ်ဂျက် တောင်းခံခြင်း၊ ဘတ်ဂျက် အတည်ပြုပေးရခြင်းဆိုသည့် လုပ်ငန်းများကို အစိုးရဝန်ကြီးဌာနအသီးသီးနှင့် ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်သည့် လွှတ်တော်များက ညှိနှိုင်းစိစစ် ဆောင်ရွက်ပေးရသည်။

ဘတ်ဂျက်စနစ်ဆိုသည်က ပြည်သူလူထု၏ငွေကို သုံးစွဲရာ၌ ပြည်သူလူထုလိုအပ်သည့်နေရာကို ဖြည့်ဆည်းပေးရမည်၊ ပြည်သူကို အသိပေးရမည်၊ ပြည်သူလူထု၏ သဘောဆန္ဒကို ယူရမည်ဟူသည့် အနှစ်သာရပေါ်တွင် အခြေခံပါသည်။

ထို့ကြောင့် အစိုးရဌာနများသည် လွှတ်တော်များတွင် မိမိတို့ သက်ဆိုင်ရာ ဌာနအသီးသီး၏ ရှေ့လုပ်ငန်းစဉ်များနှင့် ဌာနတွင်း သုံးစွဲရန် လိုအပ်သည်များကို တင်ပြပြီး ထိုလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် ငွေတောင်းခံတင်ပြကာ ဘတ်ဂျက် အတည်ပြုမှုရယူရပါသည်။ ဤသည်က ပြည်သူလူထု၏ သဘောဆန္ဒပေါ် အခြေခံသည့် ဒီမိုကရေစီနိုင်ငံများ၏ အလေ့အကျင့်ဖြစ်ပါသည်။ ပြည်သူ့ဘဏ္ဍာကို ပြည်သူ့သဘောမပါဘဲ သုံးချင်တိုင်း သုံးလို့မရအောင် ကန့်သတ်ထိန်းကွပ်ထားခြင်း ဖြစ်ပါ၏။

ပြည်သူ့ဘဏ္ဍာငွေသုံးစွဲရာ၌ လွှတ်တော်များတွင် တောင်းခံကာ ဘတ်ဂျက်အတည်ပြုသည့်စနစ်က အရေးကြီးသကဲ့သို့ ထိုရရှိသည့် ဘတ်ဂျက်ကို စနစ်တကျ အသုံးပြုရေး၊ အမှန်တကယ် ပြည်သူလူထု အကျိုးရှိမည့် အသုံးချမှုဖြစ်ရေးတို့ကလည်း အရေးကြီးပါသည်။

ဘတ်ဂျက်တောင်းခံရရှိပြီးသည့်နောက် ဘတ်ဂျက်အသုံးပြုရန် ကာလအတွင်းတွင် လိုသည်ဖြစ်စေ၊ မလိုသည်ဖြစ်စေ မကုန်ကုန်အောင် သုံးစွဲကြသည့် ဌာနဆိုင်ရာတို့၏ ဖြစ်လေ့ဖြစ်ထ၊ လုပ်လေ့လုပ်ထရှိသော အမူအကျင့်တို့ကိုလည်း များစွာသတိပြု ဆောင်ရွက်ကြရန် လိုအပ်သည်ဟု ယူဆပါသည်။ ဘတ်ဂျက်တောင်းခံရရှိပြီးသည်ဆိုသည်မှာ ပြည်သူ့ငွေများကို သင့်လျော်ရာ နေရာတို့၌ သုံးစွဲရန် ခွင့်ပြုထားခြင်းဖြစ်ပြီး ထိုသို့ သုံးစွဲရာတွင် ပြည်သူလူထုအတွက် အမှန်တကယ် ထိရောက်မှု ရှိ မရှိ ဆန်းစစ်ရမည်ဟု ထင်မြင်ပါသည်။ အခြေအနေအရ သုံးစွဲရန်အကြောင်း မခိုင်မာသေးပါက ဘတ်ဂျက်ကာလကုန်ဆုံးချိန်တွင် ပြန်လည်အပ်နှံကာ နောင်နှစ်တွင် သုံးစွဲရန် နောက်တစ်ကြိမ်တောင်းခံသည့် အလေ့အကျင့် ရှိသင့်ပါသည်။ ထို့အပြင် တင်ပြအတည်ပြုထားခဲ့သည့်အတိုင်းသာ သုံးစွဲရမည့် မူတွင်လည်း တင်ခွင့်ရစဉ် တင်ရနိုင်သမျှ ထုတ်ယူထားဟူသည့် အရည်တည် တင်ပြခဲ့မှုများ၊ ကောင်းမွန်စွာ ဆန်းစစ်မှုများ မလုပ်ခဲ့ဘဲ လျာထားတောင်းခံခဲ့မှုများ၊ ပိုမိုကောင်းမွန်သည့် ရွေးချယ်မှုများ (သို့မဟုတ်) လွဲချော်မှုများအတွက် ပြန်လည်ပြင်ဆင် စဉ်းစားခြင်းများလည်းရှိဖို့ လိုနိုင်ပါသည်။

ဤဘတ်ဂျက်ကာလတွင် အခြေအနေအရ မသုံးစွဲဖြစ်၍ ပြန်လည်အပ်နှံခြင်းက သက်ဆိုင်ရာဌာနများအတွက် နစ်နာသွားခြင်းမဟုတ်ပါ။ ဤသည်က ပြည်သူ့ငွေကို ထိန်းသိမ်းရာရောက်ပြီး ပြည်သူ့အကျိုးကို ထမ်းရွက်ရာရောက်သည် မဟုတ်ပါလား။ ။

# မြန်မာနိုင်ငံနှင့် ဂျာမနီနိုင်ငံတို့အကြား စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ယနေ့ မွန်းလွဲ ၂ နာရီက မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီ သံအမတ်ကြီး H.E. Mrs. Dorothee-Janetzke Wenzel အား ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဂျာမနီနိုင်ငံတို့အကြား စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကဏ္ဍများတွင် ရေရှည်ပူးပေါင်းဆောင်ရွက်ရန်များ၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် ဂျာမန်ဖွံ့ဖြိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့(GIZ) တို့ပူးပေါင်း ဆောင်ရွက်သည့် SAFI စီမံကိန်း ၂၀၁၇-၂၀၂၁ အထိ အကောင်အထည်ဖော် ဆောင်ရွက်မှုများ၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် ဂျာမန်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေး ဝန်ကြီးဌာန (BMZ)တို့ ဆောင်ရွက်နေသည့် မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့သော ငါးမွေးမြူရေးအစီအစဉ် (MYSAP) စီမံကိန်း ၂၀၁၆-၂၀၂၂ ခုနှစ်အထိ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဂျာမန်ဖွံ့ဖြိုးရေးဘဏ်(KfW)တို့ ပူးပေါင်း၍ ကျေးလက်ဒေသ မီးလင်းရေး စီမံကိန်း ၂၀၁၇-၂၀၂၀ ခုနှစ်အထိ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ GIZ နှင့် ဆောင်ရွက်မည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်မီးလင်းရေး အဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် KfWနှင့် ဆောင်ရွက်မည့် ရိတ်သိမ်းချိန်လွန် ကောက်ပဲသီးနှံများ လေလွင့်ဆုံးရှုံးမှု ပပျောက်ရေး စီမံကိန်းဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ရန်များ၊ ဘာလင်မြို့တွင် ကျင်းပမည့် (၁၁) ကြိမ်မြောက် Berlin Agriculture Minister's Conference တွင် တက်ရောက်ဆွေးနွေးရန် ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# (၅၄) ကြိမ်မြောက် အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့ ဂါဗာနာကွန်ဖရင့်၊ အဆင့်မြင့်အရာရှိများအစည်းအဝေးနှင့် (၃၈) ကြိမ်မြောက် အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့ ဂါဗာနာဘုတ်အဖွဲ့ဝင်များ အစည်းအဝေးကျင်းပ




**နေပြည်တော် ဒီဇင်ဘာ ၄**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ ကျင်းပခဲ့သည့် (၅၄) ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ ဂါဗာနာကွန်ဖရင့်၊ အဆင့်မြင့်အရာရှိများ အစည်းအဝေးနှင့် (၃၈)ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ ဂါဗာနာဘုတ်အဖွဲ့ဝင်များ အစည်းအဝေးများ (The 54th SEACEN Governors-Conference/ High-Level Seminar and 38th Meeting of the SEACEN Board of Governors) သို့ တက်ရောက်ခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါကွန်ဖရင့်နှင့် အစည်းအဝေးများ၌ တိုးတက်လာသော နည်းပညာဆိုင်ရာ ပြောင်းလဲမှုများနှင့် အနာဂတ်တွင် ငွေကြေးထုတ်ဝေမှုအပေါ် ၎င်းတို့၏ အကျိုးသက်ရောက်မှုများ၊ ထွန်းသစ်စဈေးကွက်နိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရင်ဆိုင်ကြုံတွေ့ရသည့် ငွေကြေးဖောင်းပွမှုပေါ် အကျိုးသက်ရောက်သည့် အချက်များ၊ တံခါးဖွင့်ဝါဒ ကျင့်သုံးသည့် နိုင်ငံငယ်များတွင် တွေ့ကြုံရသည့် မူဝါဒဆိုင်ရာ စိန်ခေါ်မှုများနှင့် ဖြေရှင်းနိုင်သည့် နည်းလမ်းများနှင့် ပတ်သက်၍ အပိုင်းသုံးပိုင်းကို ဒေသတွင်း အတွေ့အကြုံများဖြင့် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ၂၀၁၉ ခုနှစ်အတွက် အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့ ဂါဗာနာဘုတ်၏ သဘာပတိအဖြစ် သီရိလင်္ကာဗဟိုဘဏ် ဥက္ကဋ္ဌ Dr.Indrajit Coomaraswamy အား ရွေးချယ်ခဲ့ကြသည်။

မြန်မာကိုယ်စားလှယ် အဖွဲ့သည် ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**ပဲခူးတိုင်းဒေသကြီး ပြည်မြို့ လူမှုဖူလုံရေးရုံး၌ ဒီဇင်ဘာ ၄ ရက်က လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်ပေးအပ်ပွဲတွင် ပြည်ခရိုင်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ အာမခံအလုပ်သမား ဦးသိန်းဝင်းအား အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်း ငွေကျပ် ၄၉၃၀၃၈၀ ကို တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တိုင်းဒေသကြီး တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကေသီခိုင်က ခွင့်ပြုထုတ်ပေးစဉ်။** ခရိုင်(ပြန်/ဆက်)

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနား ရန်ကုန်မြို့တွင် ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၄**

မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် မြန်မာနိုင်ငံအခြေစိုက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး(UNODC) တို့နှင့် ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်မြို့ Rose Garden Hotel ၌ ဒီဇင်ဘာ ၇ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ အကြီးအကဲများ၊ မြန်မာနိုင်ငံ အခြေစိုက်သံရုံးများမှ သံအမတ်ကြီးများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနယ်ပယ်တွင် ဆောင်ရွက်လျက်ရှိသော အစိုးရမဟုတ်သည့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်ဆင့်မှ တာဝန်ရှိသူများနှင့် ကော်မရှင်ရုံး ဝန်ထမ်းများ တက်ရောက်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အစ္စရေးသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီး H.E. Mr. Ronen Gilor အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

**နေပြည်တော် ဒီဇင်ဘာ ၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီး H.E. Mr. Ronen Gilor အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-အစ္စရေး နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံပြည်သူများအကြား ထိတွေ့ဆက်ဆံမှုမြှင့်တင်ရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပိုင်းဆိုင်ရာ အရည်အသွေးမြှင့်တင်ရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရေးဆိုင်ရာ ကဏ္ဍများတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်သွားရန် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**


# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ပါတီကော်မတီ အတွင်းရေးမှူးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပါတီကော်မတီ၊ အတွင်းရေးမှူး မစ္စတာ ချန်းဟောင်အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဗေဟုသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပါတီကော်မတီ၊ အတွင်းရေးမှူးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ယူနန်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်နေမှုအခြေအနေများ၊ နှစ်နိုင်ငံအကြား ခိုင်မာသည့် ကုန်သွယ်မှုဖြစ်စေရေး၊ နယ်စပ်ဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဒေသတွင်နေထိုင်သည့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် လမ်းပန်းဆက်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံတွင် ပြည်သူများမှ ရွေးချယ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းနေမှု အခြေအနေများ၊ ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ဆောင်ရွက်နေမှု အခြေအနေများနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန် သွားရောက်ရေးဆိုင်ရာ ကိစ္စရပ်များ အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**



# သတ္တမအကြိမ်မြောက် မီဒီယာဖွံ့ဖြိုးတိုးတက်မှုညီလာခံ အကြိုဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၄**

သတ္တမအကြိမ်မြောက် မီဒီယာဖွံ့ဖြိုးတိုးတက်မှုညီလာခံ အကြိုညစာစားပွဲ အခမ်းအနားကို ယနေ့ ည ၇ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သတင်းမီဒီယာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း **(အောက်ပုံ)**နှင့် DW Akademie အာရှနှင့် ဥရောပအကြီးအကဲ Mr. Michael Karhausen တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် သတ္တမအကြိမ်မြောက် မီဒီယာဖွံ့ဖြိုးတိုးတက်မှုညီလာခံ အကြိုဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။ **သတင်းစဉ်**



❄ *ကျောဖုံးမှ*

ပြောကြားရာတွင် UNDP မှ ကြီးမှူးပြုလုပ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ၏ လွှတ်တော်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များအတွက် ခေါင်းဆောင်မှုဆိုင်ရာ စတုတ္ထအကြိမ် ဆွေးနွေးပွဲကာလအတွင်း လွှတ်တော်ဆိုင်ရာ လုပ်ငန်းများ ညှိနှိုင်းဆွေးနွေးရန်အတွက် မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့အစည်းအဝေးကို ဆက်စပ်ကျင်းပခြင်း ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေ(မူကြမ်း)အပေါ် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ၏ ပေးပို့လာသည့် အကြံပြုချက်များထဲမှ ကောင်းမွန်သင့်တော်သည့် အချက်များကို ထပ်မံဖြည့်စွက်ပြီး ယခု နောက်ဆုံး(မူကြမ်း)ကို ရေးဆွဲပြုစုထားပါကြောင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများမှ ဆွေးနွေးအတည်ပြုနိုင်ရန် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ပြောကြားရာတွင် ပြည်ထောင်စုလွှတ်တော်ရုံးသည် တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်ရုံးများသို့ ICT ပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ဖြည့်ဆည်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းရာတွင် လွှတ်တော်များသည် ကဏ္ဍအလျောက် မှန်ကန်စွာသုံးသပ်ပြီး နယ်မြေဒေသနှင့် ပြည်သူများ၏အကျိုးအတွက် အချင်းချင်း အပြန်အလှန်လေးစားမှုဖြင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ၏ လုပ်ပိုင်ခွင့်နှင့် ဆောင်ရွက်ရမည့် တာဝန်များကို သတ်မှတ်ထားပြီးဖြစ်၍ အခြားမဏ္ဍိုင်များကို ဝင်ရောက်စွက်ဖက်သည့်ပုံစံမျိုး မဖြစ်ရန် အရေးကြီးပါကြောင်း၊ မဏ္ဍိုင်အချင်းချင်း အပြန်အလှန်ထိန်းကျောင်းသည့် ပုံစံမျိုးဖြစ်ရန် လိုအပ်ပါကြောင်းနှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူများ အခက်အခဲနှင့် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်အတွက် ဂရုပြုဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ အတွင်းရေးမှူး၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်က အစည်းအဝေး (၅/၂၀၁၈) ဆုံးဖြတ်ချက်များ အပါအဝင် လွှတ်တော်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ရုံးအဖွဲ့မှူး၊ ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေ(မူကြမ်း) တင်ပြခြင်းနှင့် လွှတ်တော်ရေးရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများက လွှတ်တော်ရေးရာ ကိစ္စရပ်များနှင့် လွှတ်တော်အလိုက် ဆောင်ရွက်ထားရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး အထွေထွေဆွေးနွေးကြသည်။

မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်နှင့် မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းတို့က ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**သတင်းစဉ်**

✤ *ရှေ့ဖုံးမှ*

နှီးနှောဖလှယ်ပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "နိုင်ငံတစ်ခုရဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်မှုဆိုတာဟာ လူသားရင်းမြစ် (Human Resource)နဲ့ ဘယ်လောက်ထိ နိုင်ငံ့အကျိုးအတွက် ဆောင်ရွက်နိုင်စွမ်းရှိသလဲအပေါ်မှာ မူတည်ပါတယ်။ လူသားရင်းမြစ်တွေ တန်ဖိုးတက်လာဖို့ "အရည်အသွေးရှိသော ပညာရေး" ကို ခိုင်မာအောင် ကျွန်မတို့တည်ဆောက်ကြရမှာဖြစ်ပြီး ဒီလိုအရည်အသွေးရှိတဲ့ ပညာရေးကို တည်ဆောက်နိုင်ဖို့ များစွာ ရင်းနှီးမြှုပ်နှံဖို့ လိုပါတယ်။ ၂၀၁၅ အမျိုးသားပညာရေးဥပဒေမှာ "နိုင်ငံတော်၏ ပညာရေးအသုံးစရိတ်ကို နိုင်ငံတော်အသုံးစရိတ် အားလုံး၏ ၂၀ ရာခိုင်နှုန်းအထိ ရောက်ရှိရေးအတွက် ရည်မှန်းချက်ထားပြီး ဆောင်ရွက်ရမည်"လို့ အတိအလင်းဖော်ပြထားသလို နိုင်ငံတော်အနေနဲ့ နှစ်စဉ်ပညာရေးအသုံးစရိတ်တွေ ပိုမိုတိုးမြှင့်သုံးစွဲနိုင်အောင် ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။

**ပညာရေးကဏ္ဍအတွက်ကူညီပေးနေ**

နိုင်ငံတော်အနေနဲ့ ပညာရေးကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံလျက်ရှိသလို "ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများ" ကလည်း ပညာရေးကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံ ကူညီဆောင်ရွက်ပေးနေပါတယ်။ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) ကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကျောင်းသားများ၊ မိဘများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းများတွင် စီမံခန့်ခွဲသူများ၊ ပညာရေးတွင် ပူးပေါင်းဆောင်ရွက်သူများ၊ နိုင်ငံတွင်းနှင့် နိုင်ငံတကာမှ မိတ်ဖက်အဖွဲ့အစည်းများရဲ့ ပူးပေါင်းဆောင်ရွက်မှု အင်အားတွေ အလွန်အရေးပါကြောင်း အထူးပြောနေဖို့ မလိုပါဘူး ထင်ပါတယ်။

**သင်ယူမှုနည်းလမ်းများအသုံးပြု**

လူ့ဘောင်လောကမှာ ရပ်တည်ရှင်သန်နိုင်ဖို့ "အချက်အလက်များကို မှတ်မိရုံသာမက တွေးတတ်၊ ခေါ်တတ်၊ စိစစ်တတ်ပြီး ပြဿနာများကို ဖြေရှင်းတတ်ဖို့" အလွန်အရေးကြီးပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေကို အလွတ်ကျက်မှတ်တဲ့ အလေ့အကျင့်နဲ့ သင်ယူစေတဲ့ အခြေအနေကနေ ကျိုးကြောင်းဆက်စပ်တွေးခေါ် သင်ယူတတ်တဲ့ကလေးတွေဖြစ်အောင် လေ့ကျင့်ပေးဖို့ အရေးကြီးပါတယ်။ ဒီလိုလေ့ကျင့်သင်ကြားရာမှာကျောင်းသား၊ ကျောင်းသူတွေကို သင်ရိုးညွှန်းတမ်းပါအကြောင်းအရာများသာမက ပြင်ပအကြောင်းအရာတွေကိုပါ ဆက်စပ်လေ့လာတတ်ဖို့အတွက် ယေဘုယျအားဖြင့် အချက်အလက် စုဆောင်းတတ်ခြင်း၊ စိစစ်ခြင်း၊ ပြဿနာများ အဖြေရှာခြင်း၊ ဆွေးနွေးခြင်းစတဲ့အချက်တွေနဲ့ ဆောင်ရွက်နိုင်အောင် အခြေခံပညာကျောင်းတွေမှာ စပြီးတော့ အစုအဖွဲ့နဲ့ လေ့လာပူးပေါင်းဆောင်ရွက်တတ်စေမယ့် သင်ကြား၊ သင်ယူမှုနည်းလမ်းများကို အသုံးပြုရပါတယ်။

**အကောင်းဆုံးနည်းလမ်းကို ရှာဖွေ**

လူငယ်တွေ၊ ကျောင်းသား၊ ကျောင်းသူတွေကို "ပြဿနာတွေကို မကြောက်တတ်ဖို့ လေ့ကျင့်ပေးဖို့ လိုပါတယ်။ လုပ်ငန်းရှိရင် ပြဿနာရှိမယ်၊ ပြဿနာဆိုတာ ကြောက်စရာမဟုတ်ဘူး၊ ဖြေရှင်းနိုင်တဲ့ အကောင်းဆုံးနည်းလမ်းကို ရှာဖွေတတ်ဖို့ကသာ အရေးကြီးတယ် ဆိုတာကို" ငယ်စဉ်ကတည်းက သင်ထားပေးရပါမယ်။

အခုဆိုရင် ကျွန်မတို့အစိုးရက ပြည်သူတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေပြီး နိုင်ငံ့သိက္ခာကို ထိခိုက်နေတဲ့ အဂတိလိုက်စားမှုတွေကို စနစ်တကျတိုက်ဖျက်သွားဖို့ ဆောင်ရွက်နေတယ်ဆိုတာ အများသိဖြစ်ပါလိမ့်မယ်။ စာရိတ္တမဏ္ဍိုင်ကို ခိုင်မာအောင် တည်ဆောက်နိုင်ဖို့ ကလေးဘဝကစပြီး လေ့ကျင့်ပျိုးထောင်ပေးဖို့ လိုပါတယ်။ နိုင်ငံနှင့် လူမျိုးဂုဏ်သိက္ခာနှင့် တိုးတက်မှုအတွက်၊ အဂတိလိုက်စားမှု ကင်းစင်ခြင်းရဲ့တန်ဖိုးကို နားလည်စေဖို့ အခြေခံပညာကျောင်းတွေမှာ သင်ကြားဖို့အရေးကြီးပါတယ်၊ အသက်အရွယ်နဲ့ ကိုက်ညီတဲ့ ဝေါဟာရတွေ၊ စကားလုံးတွေကိုသုံးပြီး အဂတိလိုက်စားမှုရဲ့ ဆိုးကျိုးများနဲ့ မိမိပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်ပုံများ၊ ရိုးသားတဲ့ အမူအကျင့်များ၊ ကိုယ်ကျိုးနဲ့ အများအကျိုးရဲ့ ဆက်စပ်နေမှုနဲ့ ကိုယ်ကျင့်တရားကောင်းမွန်မှုများကို ဖျော်ဖြေရေးပုံစံနဲ့ ပညာပေးတဲ့ အစီအစဉ်တွေ အကောင်အထည်ဖော်ဖို့ လုပ်ဆောင်လျက်ရှိပါတယ်။ ဒီအစီအစဉ်တွေဟာ ကလေးများအတွက် သာမက၊ နိုင်ငံအတွက် အလွန်ကောင်းမွန်နိုင်မှာပါ။

ကလေးတွေ အတွေးအခေါ်မြင့်မားဖို့ လေ့ကျင့်ပျိုးထောင်ရာမှာ ဆရာ၊ ဆရာမများ ကိုယ်တိုင် စာပေဖတ်ရှုလေ့လာသကဲ့သို့ တပည့်တွေ စာပေဝါသနာပါပြီး၊ ဗဟုသုတရှာဖွေရယူလိုတဲ့ အလေ့အကျင့်ကောင်းတွေရရှိစေဖို့ ပြုစုပျိုးထောင်ပေးကြရပါမယ်။ စာကြည့်တိုက်များကို အသုံးပြုပြီး အသိပညာ၊ အတတ်ပညာများ မိမိကိုယ်တိုင် သင်ယူတတ်အောင် အလေ့အကျင့်ကောင်းတွေ ဖြစ်ထွန်းအောင် လေ့ကျင့်ပေးကြစေလိုပါတယ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ)တွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုအားပေးစဉ်။ သတင်းစဉ်

**ပြုစုပျိုးထောင်ပေးနိုင်**

စာပေဟောပြောပွဲ၊ ဆွေးနွေးပွဲ၊ စာပေစွမ်းရည်ပြိုင်ပွဲများ ကျင်းပခြင်း၊ စကားရည်လုပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲများ ကျင်းပခြင်း၊ သတင်းစာ၊ ဂျာနယ်၊ စာစောင်များမှ ဖြတ်၊ ညှပ်၊ ကပ်ပြုလုပ်ကာ နံရံကပ်စာစောင်များ အပြိုင်အဆိုင် လုပ်ဆောင်စေခြင်းတို့ဖြင့် တပည့်ကလေးငယ်များ စာပေဝါသနာပါလာအောင် ပြုစုပျိုးထောင်ပေးနိုင်ပါတယ်။

ဗဟုသုတအသိပညာနဲ့ပြည့်ဝတဲ့ နိုင်ငံတော်ရဲ့ သားကောင်းသမီးမွန်များ ဖြစ်လာရုံနဲ့ မလုံလောက်ပါဘူး။ လူငယ်များ စည်းကမ်းနားလည်စောင့်ထိန်းဖို့လည်း အရေးကြီးပါတယ်။ "စည်းကမ်းသည် လူ၏တန်ဖိုး" ဆိုတဲ့အတိုင်း နိုင်ငံသားတွေရဲ့ စည်းကမ်းရှိမှုဟာ အဲ့ဒီနိုင်ငံကို တိုးတက်စေသလို ဂုဏ်လည်းတက်စေပါတယ်။ ဒါကြောင့် "အမျိုးသားစည်းကမ်းကို စာသင်ကျောင်းက စစေချင်ပါတယ်"။ လူ့ဘောင်အသိုင်းအဝိုင်းရဲ့ တားမြစ်ချက်တွေ၊ လိုက်နာရမယ့် ဥပဒေတွေကို ဒီ "စည်းကမ်း" ကပဲ ထိန်းချုပ်ထားတာ ဖြစ်ပါတယ်။ တကယ်တော့ စည်းကမ်းဆိုတာ နေရာတိုင်းမှာလိုက်နာဖို့ လိုပါတယ်။ လိုက်နာတတ်အောင်လည်း လေ့ကျင့်ပျိုးထောင်ပေးရပါမယ်။ ကမ္ဘာ့နိုင်ငံတိုင်းလိုလိုမှာ ပြည်သူ့နီတိဘာသာရပ်ကို နာမည်အမျိုးမျိုးပေးပြီး သင်ကြားနေကြတာ တွေ့ရပါတယ်။ ကျွန်မတို့နိုင်ငံမှာလည်းစာရိတ္တနဲ့ ပြည်သူ့နီတိကို ထိရောက်အောင် သင်ကြားပေးခြင်းဖြင့် အလေ့အကျင့်ကောင်းများရအောင် လေ့ကျင့်ပေးရပါမယ်။ အချိန်ကိုလေးစားလိုက်နာခြင်းဆိုတဲ့ စည်းကမ်းက အထူးတန်ဖိုးရှိပါတယ်။ ကျွန်မတို့ရဲ့ ကလေးတွေကို အချိန်ကိုလေးစားတဲ့ ယဉ်ကျေးမှုတစ်ခုတော့ ထူထောင်ပေးဖို့ လိုအပ်ပါတယ်။ "အချိန်ကိုလေးစားခြင်း"သည် မိမိဌာနနဲ့ မိမိပတ်ဝန်းကျင်ကို လေးစားခြင်းဖြစ်တယ်ဆိုတာကို လူသားတိုင်း သိရှိရမှာဖြစ်ပါတယ်။ ကျောင်းသား၊ ကျောင်းသူများကိုပါ သိရှိအောင် ဆောင်ရွက်ဖို့ လိုပါတယ်။ ကျွန်မတို့ပြည်သူပြည်သားတွေဟာ အချိန်ကိုလေးစားတဲ့ အလေ့အကျင့်ဟာ တကယ်တော့အားနည်းနေပါတယ်။ တစ်ချိန်တည်းမှာ ကျောင်းတွေကနေ လေ့ကျင့်ပေးမယ်ဆို ရိုးရိုးလေးပါ။ စည်းကမ်းထိန်းသိမ်းခြင်းဟာ အမှိုက်မပစ်ဖို့ ကိစ္စပါပဲ။ ဒါဟာ ကျွန်မတို့နိုင်ငံ တစ်နိုင်ငံလုံးအတွက် အရေးကြီးပါတယ်။ လူကြီးတွေ၊ ဆရာ၊ ဆရာမတွေက အမှိုက်တွေပစ်နေရင် ကလေးတွေက လိုက်ပစ်မှာပဲ။ ငယ်ငယ်ကတည်းက အလေ့အကျင့်ကောင်းတွေကို စွဲသွားအောင်လုပ်မှ ကျွန်မတို့နိုင်ငံအတွက် ကောင်းမှာပါ။ သေးသေးလေးတွေကစပြီး အမှိုက်မပစ်ဖို့၊ အချိန်ကို လေးစားဖို့၊ ကလေးတွေကို အချိန်လေးစားစေချင်ရင် ဆရာ၊ ဆရာမတွေကလည်း အချိန်ကို လေးစားဖို့လိုပါတယ်။ အသေးအဖွဲလေး ဆိုပေမယ့် အင်မတန်အရေးကြီးပါတယ်။

**အားကစားပြိုင်ပွဲကျင်းပပေးဖို့လို**

ကျောင်းက ကလေးတွေကို စိတ်ပိုင်းဆိုင်ရာသာမက ရုပ်ပိုင်းဆိုင်ရာလည်း ဖွံ့ဖြိုးတိုးတက်နေဖို့ လေ့ကျင့်ပျိုးထောင်ပေးရပါမယ်။ အခြေခံပညာကျောင်းတွေမှာ ငယ်စဉ်ကတည်းက အားကစားကို စိတ်ဝင်စားအောင် လေ့ကျင့်ပေးဖို့လိုပါတယ်။အသက်အရွယ်အလိုက် အားကစားပြိုင်ပွဲတွေ ကျင်းပပေးဖို့လိုပါတယ်။ ဒီလိုကျန်းမာကြံ့ခိုင်တဲ့ ကလေးတွေ မွေးထုတ်ပေးနိုင်ဖို့ဆိုတာ ဆရာ၊ ဆရာမကလည်း ကျန်းမာကြံ့ခိုင်နေဖို့လိုပါတယ်။ အချို့က "အားကစား" ဆိုရင် ယောက်ျားလေးတွေနဲ့သာ သက်ဆိုင်တယ် ထင်နေကြတုန်းပါပဲ။ 'ကျား' ဖြစ်ဖြစ် 'မ'ဖြစ်ဖြစ် ကိုယ်ကာယ ကျန်းမာကြံ့ခိုင်ဖို့ လိုပါတယ်။ အခုဆိုရင် ကျွန်မတို့ မိန်းကလေးတွေဟာ အားကစားမှာပိုပြီး ထွန်းပေါက်လာတာကို တွေ့ရပါတယ်။ ဒ့ါကြောင့် "အားကစားဆရာ၊ ဆရာမ" တွေကိုလည်း အခြေခံပညာကျောင်းတွေမှာ ဖြည့်တင်းပေးရပါမယ်။ အားကစားလုပ်ခြင်းဖြင့် ကိုယ်ကာယကျန်းမာမှုအတွက် ကောင်းမွန်စေသည်သာမက၊ အဖွဲ့အစည်းနဲ့ ပူးပေါင်းကြိုးပမ်း ဆောင်ရွက်ခြင်းကိုလည်း လေ့ကျင့်ပေးရာရောက်ပါတယ်။ ပညာရေးမှာ ဆရာမတွေသာမက ဆရာတွေ များလာအောင်လည်း ဆောင်ရွက်ဖို့အတွက် မူဝါဒတွေ ချမှတ်ဆောင်ရွက်ဖို့လိုပါတယ်။ ဆရာမတွေဟာ ဆရာတွေထက်စာရင် ၉၀ ရာခိုင်နှုန်းဖြစ်နေပါတယ်။ ပညာရေးဘက်မှာ အမျိုးသားတွေ ပါဝင်ခြင်းဟာ အရေးကြီးပါတယ်။ ပညာရေးဟာ လူတိုင်းနဲ့ဆိုင်တယ်။ ပညာပေးရတဲ့ အလုပ်ဟာ အင်မတန်မှ မွန်မြတ်ပါတယ်။ အမျိုးသမီးတွေသာ လုပ်ရတာမဟုတ်ဘဲ အမျိုးသားတွေပါ လုပ်သင့်ပါတယ် ဆိုတာကို ကျွန်မအနေနဲ့ တိုက်တွန်းချင်ပါတယ်။

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများနှင့် အမျိုးသားပညာရေးမူဝါဒကော်မရှင်၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၊ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ရေးကော်မတီတို့မှ အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၄ မှ*

ကလေးတွေ ဘက်စုံဖွံ့ဖြိုးစေဖို့အတွက် ကာယပညာသင်ကြားရေးအပြင် အနုပညာနဲ့ ပတ်သက်လို့ ပန်းချီ၊ ဂီတစတဲ့ရသပညာရေးကိုလည်း လေ့ကျင့်သင်ကြားပေးဖို့လိုပါတယ်။ "အနုပညာ" ဟာ လူတစ်ဦးရဲ့ ငြိမ်းချမ်းခြင်းကို အထောက်အကူဖြစ်စေပါတယ်။ ပတ်ဝန်းကျင်အလှကိုလည်း မြင်တတ်စေပါတယ်၊ ဝါသနာရှင်များ အကြားနားလည်မှု၊ ခင်မင်ရင်းနှီးမှုတွေ တိုးတက်စေမယ့် အခွင့်အရေးတွေကိုလည်း ဖန်တီးပေးနိုင်ပါတယ်။

**စိတ်ဓာတ်တွေ မွေးမြူ**

အခုဆိုရင် ကျွန်မတို့နိုင်ငံကို စစ်မှန်တဲ့ "ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု" ဖြစ်အောင် ထူထောင်နေတဲ့ အချိန်ဖြစ်လို့ ငြိမ်းချမ်းရေးဟာ အလွန်အရေးကြီးပါတယ်။ များသောအားဖြင့် ပတ်ဝန်းကျင်ရဲ့ ငြိမ်းချမ်းရေးကို တန်ဖိုးမထားသူတွေဟာ ကိုယ့်ကိုယ်ကိုယ် ငြိမ်းချမ်းအောင် တည်ဆောက်ရာမှာ အားနည်းသူတွေ ဖြစ်တတ်ပါတယ်။ ဒါ့ကြောင့် ကျွန်မတို့ ကျောင်းက ကျောင်းသား၊ ကျောင်းသူတွေရဲ့ ဘဝ၊ ဆရာ၊ ဆရာမတွေ ငြိမ်းချမ်းစွာ ပညာရယူ၊ မျှဝေနိုင်မယ့် ပတ်ဝန်းကျင် တည်ဆောက်ပေးခြင်းအားဖြင့် ငြိမ်းချမ်းရေးကို မြတ်နိုးအောင် အားပေးနိုင်ပါတယ်။ အထူးသဖြင့် ဝေးလံခေါင်ဖျားမှာ တာဝန်ထမ်းဆောင်နေတဲ့ ဆရာ၊ ဆရာမများရဲ့ဘဝတွေကို နားလည်ဖို့လိုပါတယ်။ သူတို့ရဲ့ ခံစားချက်ကိုသိမှ ဘာတွေကို ပံ့ပိုးရမလဲဆိုတာ သိနိုင်မှာဖြစ်ပါတယ်။ ဆရာ၊ ဆရာမတွေဘဝလုံခြုံမှ သူတို့ပြုစုပျိုးထောင်ပေးနေတဲ့ ကလေးတွေလည်း ငြိမ်းချမ်းစွာနဲ့ ပညာသင်ကြားနိုင်မှာ ဖြစ်ပါတယ်။ မြေပြန့်၊ တောင်ပေါ်မခွဲခြားဘဲ ပညာသင်ယူမှု အခွင့်အလမ်းတွေ တန်းတူရအောင် ဖန်တီးပေးရပါမယ်။ ဆရာ ဆရာမတွေအနေနဲ့ ပိုပြီးတော့ ခက်ခဲတဲ့ နေရာတွေမှာသွားပြီးတော့ တာဝန်ထမ်းဆောင်မယ်ဆိုတာကို စိန်ခေါ်မှုတစ်ခုအနေနဲ့ မြင်စေချင်ပါတယ်။ နိုင်ငံအတွက် ထိထိရောက်ရောက်တာဝန်ထမ်းဆောင်လို့ရမယ့်အခွင့်အရေးတစ်ခုဆိုပြီး မြင်စေချင်ပါတယ်။ ဒီလိုစွန့်စားတဲ့စိတ်ဓာတ်တွေကို အထူးသဖြင့် ငယ်ရွယ်တဲ့ဆရာ ဆရာမတွေမှာ ရှိစေချင်ပါတယ်။ ခက်ခဲတဲ့ နေရာတွေမှာ ပညာသင်ကြား ပေးရတာ ပိုပြီးတန်ဖိုးရှိတယ်ဆိုတဲ့ စိတ်ဓာတ်တွေ မွေးမြူပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံလိုပါတယ်။

ဆရာသည် ကလေးများကို ကျောင်းသင်ဘာသာရပ်များကိုသာ သင်ပေးခြင်းနဲ့ မလုံလောက်ပါဘူး။ ဘေးကင်းလုံခြုံစွာ နေထိုင်တတ်ဖို့လည်း သင်ကြားပေးရပါတယ်။ လူငယ်တွေ မူးယစ်ဆေးဝါး သုံးစွဲပြီး လမ်းမှားကိုမရောက်ဖို့ အခြေခံပညာကျောင်းတွေမှာ မူးယစ်ဆေးဝါးနဲ့ ပတ်သက်တဲ့ အစီအစဉ်တွေ လုပ်ပေးစေချင်ပါတယ်။ ယခုနည်းပညာ အရှိန်အဟုန် တိုးတက်နေတဲ့ ခေတ်ကြီးမှာ၊ နည်းပညာသစ်တွေရဲ့ အကောင်း၊ အဆိုးအကျိုးနှစ်သွယ်လုံး ကလေးများသိအောင် လုပ်ပေးဖို့လည်း လိုပါတယ်။ ဒီလိုလုပ်ငန်းတွေမှာ ဆရာတွေနဲ့မိဘတွေ ပူးပေါင်းဆောင်ရွက်ဖို့ အထူးအရေးကြီးပါတယ်။ စာသင်ခန်းထဲမှာပဲ သင်ပေးလို့ မလုံလောက်တော့ပါဘူး။ မိဘတွေကပါ ဝိုင်းဝန်းပြီးကူညီမှ ဝိုင်းဝန်းပြီးတော့ ပူးပေါင်းဆောင်ရွက်မှ မူးယစ်ဆေးဝါး ပြဿနာ၊ နောက်ပြီးတော့ လက်ကိုင်ဖုန်းတွေကဝင်လာတဲ့ အချက်အလက်တွေ အမျိုးမျိုးပေါ့၊ လူငယ်တွေနဲ့ သင့်တော်တာတွေပါမယ်၊ မသင့်တော်တာတွေလည်း ပါတယ်။ ဒါတွေဟာ တစ်ချိန်လုံးဝင်နေတာပဲ။ ကိုယ့်ကလေးတွေ မှန်ကန်တဲ့ လမ်းရောက်အောင်လို့ သူတို့ ဘာတွေမြင်နေရလဲ၊ တွေ့နေကြလဲ၊ ဘာတွေကို ဖတ်နေကြလဲ၊ ဘာတွေကို ကြားနေကြလဲဆိုတာကို မိဘဆရာတွေက သိမှသာလျှင် ကလေးတွေကို ကူညီပြီးတော့ ဘယ်ဟာကို ပယ်သင့်တယ်၊ ဘယ်ဟာကိုတော့ လက်ခံသင့်တယ်ဆိုတာကို သင်ပေးနိုင်မှာ ဖြစ်ပါတယ်။

**သက်မွေးပညာရေးကိုမြှင့်တင်**

ကျွန်မတို့ဟာ လူငယ်တွေကို အနာဂတ်မှာ နိုင်ငံ့တာဝန်များ ကျေပွန်စွာ ထမ်းဆောင်နိုင်တဲ့ လူသားကောင်းတွေ ဖြစ်ဖို့၊ လေ့ကျင့်မွေးထုတ်ပေးရမယ့် သမိုင်းပေးတာဝန်ရှိပါတယ်။ တစ်ကမ္ဘာလုံးရဲ့လိုအပ်ချက်၊ ကျွန်မတို့မြန်မာနိုင်ငံရဲ့ လိုအပ်ချက်အရအသက်မွေးဝမ်းကျောင်းပညာကို အားပေးဖို့လည်း လိုပါတယ်။ အခြေခံပညာ အထက်တန်းအဆင့် ပြီးမြောက်သွားတဲ့ ကလေးတွေထဲမှာ တက္ကသိုလ်ပညာဆက်သင်တဲ့ ကလေးတွေရှိသလို၊ အသက်မွေးဝမ်းကျောင်း ပညာဘက်ကိုလိုက်တဲ့ ကလေးတွေရှိဖို့ အလွန်အရေးကြီးပါတယ်။ အသက်မွေးဝမ်းကျောင်းပညာဆိုတာ ဒုတိယတန်းစားပညာမဟုတ်ပါဘူး၊ သင်ယူသူတွေအတွက်သာမက နိုင်ငံ့အတွက်၊ ကမ္ဘာ့အတွက် တန်ဖိုးရှိလှတာကြောင့် ယခုခေတ်ရဲ့လိုအပ်ချက်နဲ့အညီ သက်မွေးပညာရေးကို မြှင့်တင်ပေးဖို့ အရေးကြီးပါတယ်။

၂၀၁၆ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ လာမယ့် တစ်ဆယ့်ငါးနှစ် ကာလအတွင်း ကြိုးပမ်းဆောင်ရွက်ကြရမယ့် ကမ္ဘာ့ဖွံ့ဖြိုးမှု လမ်းညွှန်အဖြစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များရဲ့ ပန်းတိုင်(၄) ဖြစ်တဲ့ လူသားအားလုံး အကျုံးဝင်ကာ ညီညွတ်မျှတပြီး အရည်အသွေးရှိတဲ့ ပညာသင်ယူနိုင်ရေးနှင့် ဘဝတစ်လျှောက် အစဉ်လေ့လာသင်ယူနိုင်သော အခွင့်အလမ်းရရှိရေးအတွက် တာဝန်ယူမှု၊ တာဝန်ခံမှု စိတ်စေတနာ အပြည့်အဝဖြင့် အကောင်အထည် ဖော်ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ မသန်စွမ်းကလေးများနဲ့ အထူးလိုအပ်ချက်ရှိတဲ့ ကလေးများအပါအဝင်၊ ကလေးတိုင်း သာတူညီမျှ အခွင့်အလမ်းရရှိအောင် ဆောင်ရွက်ပေးကြရမှာ ဖြစ်ပါတယ်။

**ကလေးတွေ ကျောင်းစာသင်ခန်းထဲ ရောက်ဖို့ ဝိုင်းဝန်းကြိုးပမ်း**

ဆရာ၊ ဆရာမတွေဟာ ကျောင်းအတွင်းမှာ ရောက်လာတဲ့ကလေးမှ ငါတို့နဲ့ ဆိုင်တယ်လို့ သဘောမထားစေချင်ပါဘူး။ ကျောင်းပြင်ပရောက်နေတဲ့ ကလေးများ သင်ယူမှုအခွင့်အလမ်းတွေရအောင်လည်း ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ဆိုလိုတာက ကျောင်းနေအရွယ်ကလေးများ ပညာသင်ယူဖို့ အခွင့်အရေးရအောင် ဆရာ၊ ဆရာမတွေနဲ့ မိဘတွေ ပူးပေါင်းဆောင်ရွက်ကြဖို့လိုပါတယ်။ ဆရာ၊ဆရာမ စိတ်ဓာတ်နဲ့ဆိုရင် ကျောင်းတက်တဲ့ အချိန်မှာ ကျောင်းမတက်ဘဲဆော့နေတဲ့ ကလေးတွေမြင်လို့ရှိရင် သွားပြီးတော့ မေးစေချင်တယ်။ ကျောင်းမတက်ဘူးလား၊ ဘာဖြစ်လို့ ကျောင်းမတက်တာလဲ၊ ကျောင်းမတက်နိုင်လို့လား၊ ကျောင်းပြေးနေတာလား၊ စိတ်ဝင်စားမှုရှိစေချင်တယ်။ လမ်းဘေးမှာ ကလေးတွေရောက်နေတယ်ဆိုတာ မကောင်းပါဘူး။ လမ်းဘေးက ကလေးတွေ ကျောင်းစာသင်ခန်းထဲ ရောက်ဖို့အတွက် ကျွန်မတို့အားလုံး ဝိုင်းဝန်းကြိုးပမ်းစေလိုပါတယ်။

ယခင်တုန်းကတော့ "ကျောင်းဆိုတာ တိတ်ဆိတ်ငြိမ်သက်စွာ သင်ယူတဲ့နေရာလိုမျိုး ဖန်တီးနိုင်တာကို ဂုဏ်ယူခဲ့ကြတာကို" ကြားဖူးပါတယ်။ တကယ်တော့ ကျောင်းဆိုတာ စာသင်ခန်းထဲမှာ တိတ်ဆိတ်ငြိမ်သက်စွာနဲ့ လက်ပိုက်ပြီး ဆရာပြောသမျှ နားထောင်တဲ့ အစဉ်အလာကိုတော့ အားမပေးသင့်ပါဘူး။

> **"ဆရာသည် ကလေးများကို ကျောင်းသင်ဘာသာရပ်များကိုသာ သင်ပေးခြင်းနဲ့ မလုံလောက်ပါဘူး။ ဘေးကင်းလုံခြုံစွာ နေထိုင်တတ်ဖို့လည်း သင်ကြားပေးရပါတယ်။ လူငယ်တွေ မူးယစ်ဆေးဝါးသုံးစွဲပြီး လမ်းမှားကိုမရောက်ဖို့ အခြေခံပညာကျောင်းတွေမှာ မူးယစ်ဆေးဝါးနဲ့ပတ်သက်တဲ့ အစီအစဉ်တွေ လုပ်ပေးစေချင်ပါတယ်။ ယခုနည်းပညာ အရှိန်အဟုန် တိုးတက်နေတဲ့ခေတ်ကြီးမှာ နည်းပညာသစ်တွေရဲ့ အကောင်း၊ အဆိုး အကျိုးနှစ်သွယ်လုံး ကလေးများသိအောင် လုပ်ပေးဖို့လည်း လိုပါတယ်။ ဒီလိုလုပ်ငန်းတွေမှာ ဆရာတွေနဲ့မိဘတွေ ပူးပေါင်းဆောင်ရွက်ဖို့ အထူးအရေးကြီးပါတယ်"**

ဒီလိုပြောခြင်းအားဖြင့် နားထောင်ရမယ့် အချိန်မှာ နားမထောင်ရဘူးလို့ ပြောလိုခြင်း မဟုတ်ပါဘူး။ ဒါပေမယ့် တစ်ချိန်လုံး ဆရာကပဲပြောမယ်။ ကျောင်းသားတွေက နှုတ်ဆိတ်ပြီးနားထောင်ရမယ်၊ မေးခွန်းလည်းမထုတ်ရဘူး၊ ဆရာ ဆရာမပြောတာ အကုန်မှန်၏ဆိုပြီး အဲသလိုသင်ယူတဲ့ စနစ်မျိုးနဲ့က ကျွန်မတို့ အခုခေတ်နဲ့ မီအောင်လိုက်နိုင်မှာ မဟုတ်ပါဘူး။ ကျောင်းသား၊ ကျောင်းသူတွေ လွတ်လပ်ပေါ့ပါး စိတ်ဝင်စားစွာနဲ့ သင်ယူနိုင်ဖို့ လိုပါတယ်။ စာတစ်ခုတည်းမဟုတ်ဘဲ အားကစား၊ ဂီတ၊ အနုပညာ၊ စိုက်ပျိုးရေး စတာတွေကိုပါ ပီပီပြင်ပြင် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် လေ့ကျင့်ပေးကြရမှာပါ။ ကျွန်မတို့နိုင်ငံမှာရှိတဲ့ ကလေးတွေကို ပြောရဲ၊ ဆိုရဲ၊ သွက်လက်ထက်မြက်နေတဲ့ ကလေးတွေဖြစ်အောင် ဆရာ၊ ဆရာမတွေက လေ့ကျင့်ပေးရပါမယ်။ "ဒီမိုကရေစီအစ စာသင်ကျောင်းက" ဆိုတဲ့ အတိုင်းကျောင်းတွင်းမှစပြီး ဒီမိုကရေစီစနစ် ဖွံ့ဖြိုးရှင်သန်စေမယ့် အမူအကျင့်တွေ သင်ကြားပေးရမှာပါ။ ကလေးများ နားလည်နိုင်မယ့်၊ စိတ်ဝင်စားမယ့် နည်းတွေသုံးပြီး မိမိတို့ တစ်သက်တာအတွက်၊ နိုင်ငံ့အနာဂတ်အတွက်၊ အကျိုးဖြစ်စေမယ့် အတွေးအခေါ်များကို သင်ကြားပေးစေချင်ပါတယ်။ ကြုံတုန်းပြောရမယ်ဆို ကျွန်မ မကြာခင်လတွေတုန်းက တွေ့ခဲ့တဲ့ ကလေးတွေကို ကျွန်မအားရပါတယ်။ မူလတန်းကလေးတွေရော၊ အထက်တန်းကလေးတွေပါ ပြောရဲဆိုရဲ ရဲရဲဝံ့ဝံ့ရှိကြတယ်။ မေးလို့ရှိရင်ဖြေတယ်။ သူတို့စိတ်ထဲမှာ ရှိတဲ့အတိုင်းပြောတယ်။ နည်းနည်း ရှက်တာတော့ ရှိပေမယ့် ရှက်တာနဲ့ ကြောက်တာမတူဘူး။ ကလေးတွေဆိုတော့ ရှက်တာကတော့ သဘာဝကျပါတယ်။ နောက်ပြီး သူတို့တတ်တဲ့ပညာကိုသူတို့ ဂုဏ်ယူတယ်။ နည်းနည်းပဲတတ်တဲ့ပညာကိုတောင် အများကြီးဂုဏ်ယူတယ်။ ဒါကြောင့်မို့လို့ ကျောင်းဆရာ ဆရာမများရဲ့အလုပ်ဟာ အင်မတန်မွန်မြတ်ပါတယ်ဆိုတာကို လူတိုင်းလူတိုင်းကို မိမိကိုယ်ကို တန်ဖိုးထားတတ်အောင်၊ ဂုဏ်ယူတတ်အောင်လို့ သင်ပေးတာဟာ တကယ့်ဆရာ ဆရာမများရဲ့အကြီးမားဆုံး စွမ်းဆောင်မှုပဲဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်မတို့ ကလေးတွေကို ထက်ထက်မြက်မြက်၊ ရဲရဲတင်းတင်းနဲ့ ဘဝကို ရင်ဆိုင်နိုင်အောင်လို့ ကူညီပေးကြပါ။

**ပြုစုပျိုးထောင်ပေး**

မြန်မာနိုင်ငံရဲ့ အမျိုးသားပညာရေးစနစ် ပြောင်းလဲရာမှာ ကလေးများအနေနဲ့ တီထွင် ဖန်တီးခြင်းနဲ့ ဆန်းစစ်ဝေဖန်ပိုင်းခြားခြင်းဆိုင်ရာ ကျွမ်းကျင်မှုများ၊ ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးထားမှုများနဲ့ ကျင့်ဝတ်များရရှိကာ မိမိဘဝအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရွေးချယ်လုပ်ကိုင်နိုင်တဲ့ အရည်အချင်းများနဲ့ ပြည့်စုံအောင် ပြုစုပျိုးထောင်ပေးရမှာ ဖြစ်ပါတယ်။ ဒါမှ မြန်မာနိုင်ငံရဲ့လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးပြုနိုင်သည့် ပညာရေးဖြစ်မယ်လို့ ယုံကြည်ပါတယ်။

**ကျန်းမာရေးနဲ့ ပညာရေးက တန်းတူတန်ဖိုးရှိ**

"အရည်အသွေးရှိတဲ့ ပညာရေး" ရရှိဖို့အတွက် ကလေးများဟာ ကျန်းမာသန်စွမ်းနေဖို့ လိုပါတယ်။ ကျန်းမာသန်စွမ်းမှ သင်ယူလိုတဲ့ အကြောင်းအရာများကို စိတ်အားထက်သန်စွာ သင်ယူနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျောင်းတွေမှာ အာဟာရပြည့်ဝအောင်၊ ကျန်းမာသန်စွမ်းအောင် ဘယ်လိုနေထိုင်ရမယ်ဆိုတာကိုလည်း လမ်းညွှန်သင်ကြားပေးကြရပါမယ်။ ကျွန်မကျောင်းသားမိဘတွေကို မေးတဲ့အခါမှာ အထူးသဖြင့် ရွာကလေးတွေ၊ မြို့ကလေးတွေမှာ မေးလို့ရှိရင် ပညာရေးကို အမြဲတမ်း ကျန်းမာရေးရဲ့ ရှေ့မှာထားပြီး ပြောပါတယ်။ အဲဒါကို ကျွန်မစိတ်ဝင်စားပါတယ်။ မိဘများဟာ သားသမီးများရဲ့အနာဂတ်ကို ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့ ကြည့်ပြီး ပညာသိပ်တတ်စေချင်တယ်။ ဒါကြောင့် ကျွန်မအမြဲတမ်း သတိပေးရတယ်။ ပညာတတ်ပြီး မကျန်းမာရင် ဘဝမှာ ရပ်တည်ဖို့ မလွယ်ကူဘူး။ ဒါကြောင့် ကျန်းမာရေးနဲ့ ပညာရေးက တန်းတူ တန်ဖိုးရှိတယ်ဆိုတာကို အတန်းထဲမှာ ဆရာ၊ ဆရာမများဟာ သင်ကြားရမယ်။ မိဘများကလည်း နားလည်ဖို့လိုပါတယ်။ ကျန်းမာရေးပညာပေးတယ် ဆိုတာကလည်း တစ်သက်တာပိုပြီးခိုင်ခိုင်မာမာ ရပ်တည်နိုင်ဖို့အတွက် ဖြစ်ပါတယ်။

ပညာရေးလုပ်ငန်းရဲ့ သော့ချက်အကျဆုံးနေရာမှာ ရှိနေသူများက "ဆရာ"များ ဖြစ်ပါတယ်။ ဆရာတွေဆိုတာ "ပညာပြည့်ဝနှလုံးလှ" ဖို့လိုပါတယ်။ "ပညာ" ဆိုတာ လက်ဆင့်ကမ်းတဲ့အရာ ဖြစ်ပါတယ်။ လက်ဆင့်ကမ်းရာမှာ ဦးနှောက်နဲ့ရော၊ နှလုံးသားနဲ့ပါ လက်ဆင့်ကမ်းဖို့ လိုပါတယ်။ ကိုယ့်ရဲ့ပညာအရည်အသွေးကို ပြည့်ဝအောင်တစ်သက်တာ သင်ယူ ကြိုးစားပြီး ကိုယ့်ရဲ့တပည့်တွေကို ကိုယ့်ထက်သာတဲ့သူတွေ ဖြစ်အောင် လုပ်နိုင်စွမ်း ရှိစေချင်ပါတယ်။ ဆရာစားမချန်ပါနဲ့။ တကယ်သိက္ခာရှိတဲ့၊ ဂုဏ်ရှိတဲ့ ဆရာတွေဆိုတာ မိမိတို့ထက်ပိုတော်တဲ့ တပည့်တွေကို မွေးထုတ်နိုင်တဲ့ ဆရာ ဆရာမတွေပဲ ဖြစ်ပါတယ်။

*စာမျက်နှာ ၇ သို့*

# ချင်းတွင်းတံတား (ထမံသီ)အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေခွဲဝေရရှိပါက ဆောက်လုပ်ရေးဝန်ကြီးဌာနက အင်အားအကောင်းဆုံး စက်ယန္တရားများဖြင့် တည်ဆောက်ပေးမည်

နေပြည်တော် ဒီဇင်ဘာ ၄

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာတစ်ခု ဖတ်ကြားတင်ပြခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။**

အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ရှင်းလင်းဖြေကြားသည်။

စေတုတ္တရာ မဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၏ **စေတုတ္တရာမြို့နယ် မြောက်ပိုင်း မုန်းချောင်းအနောက်ဘက်ကမ်းရှိ သွားလာရေးခက်ခဲသောကျေးရွာ ၁၉ ရွာ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးအတွက် မုန်းချောင်းအားဖြတ်၍ ကြိုးတံတား သို့မဟုတ် ဘေလီတံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက အဆိုပါ တံတားတည်ဆောက်မည့် လမ်းပိုင်းများ၏ အခြေအနေသည် အလယ်ဟန်ဒေါက်-ဘူးလမ်းမှာ ကျောက်ချောလမ်း (၁၀/၁) မိုင် Class (A) ဦးစားပေး(၁)နှင့် မြေသားလမ်း ၆ မိုင် Class (A) ဦးစားပေး (၂) တို့ဖြစ်ပြီး မုန်းချောင်းကူးတံတားအား တည်ဆောက်ပြီးပါက ကျေးရွာ ၁၉ ရွာတွင် နေထိုင်ကြသည့် ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ အလယ်ဟန်ဒေါက်-ဘူး-တပွင့်လမ်းပေါ်ရှိ မုန်းချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှ စတင်၍ ဘဏ္ဍာငွေ ထည့်သွင်းလျာထားပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

မိုင်းပန် မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး၏ **ရှမ်းပြည်နယ် တောင်ပိုင်းနှင့် အရှေ့ပိုင်းတွင် ဆက်သွယ်ထားသည့် သံလွင်မြစ်ကူးတံတား(တာဆန်း)သည် မူလကြိုးတံတား ဖြစ်ခြင်း၊ ခံနိုင်ဝန် ကန့်သတ်ချက်ရှိခြင်းတို့ကြောင့် တန် (၇၀) ခံနိုင်ဝန်ရှိသည့် အဆင့်မြင့် သံကူကွန်ကရစ် တံတားတစ်စင်း ထပ်မံတည်ဆောက်ပေးနိုင်ခြင်းရှိ၊ မရှိ သိလိုခြင်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ပြည်သူများ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရန်နှင့် လုံခြုံစိတ်ချစွာ သွားလာနိုင်ရန်အတွက် မိုင်းတုံ- မိုင်းဆတ်လမ်းပေါ်ရှိ သံလွင်တံတား (တာဆန်း)ကို တန် ၆၀ ခံနိုင်ဝန်ရှိသော Steel Truss သံပေါင်တံတား အမျိုးအစားကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်းများအား စတင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ လုံလောက်စွာရရှိပါက အပြီးတည်ဆောက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းဖြစ်သည့်အတွက် တံတားတည်ဆောက်ရန် ရေရှည်စီမံချက် Master Plan တွင် ထည့်သွင်းရေးဆွဲထားပြီးဖြစ်

လေရှီး မဲဆန္ဒနယ်မှ ဦးကျော်ဌေး၏ **လေရှီးမြို့နယ်၏ အဓိက ပင်မလမ်းကြောင်းဖြစ်သော ထမံသီ-လေရှီး-အိန္ဒိယ နယ်စပ်လမ်းကြောင်းပေါ်ရှိ ထမံသီ ချင်းတွင်းမြစ်ကူးတံတားအား မည်သည့်ခုနှစ်တွင် စတင်ဆောင်ရွက်မည်ကို သိလိုခြင်း** နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ် ထမံသီ-လေရှီး-အိန္ဒိယနယ်စပ်လမ်းနှင့် ပင်းမရွာသို့ ဆက်သွယ်ထားသော သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းပေါ်တွင် ချင်းတွင်းမြစ်ကူးတံတား (ထမံသီ)တည်ရှိပါကြောင်း၊ အဆိုပါတံတားနှင့် အဓိကအသုံးပြုရမည့် ဆက်စပ်လမ်းသည် သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းဖြစ်သည့်အတွက် တံတားတည်ဆောက်ရန် ရေရှည်စီမံချက် Master Plan တွင် ထည့်သွင်းရေးဆွဲထားပြီးဖြစ် ပါကြောင်း။

ချင်းတွင်းမြစ်ကူးတံတား (ထမံသီ) တည်ဆောက်ပေးမည်ဆိုပါက လေရှီးမြို့အတွက် အလွန်အရေးပါသော တံတားတစ်စင်း ဖြစ်ပါကြောင်း၊ ယင်းတံတား တည်ဆောက်ပေးနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ ညှိနှိုင်းထားခြင်းများ ရှိပါကြောင်း၊ ချင်းတွင်းတံတား (ထမံသီ)၏ ခန့်မှန်းအရှည်မှာ ချင်းတွင်းမြစ်၏ အကျယ်မိုင် မိုင်ဝက်ခန့်ရှိပြီး မိုးရာသီကာလ၌ ချင်းတွင်းမြစ်ရေသည် ရေစီးအလွန်သန်သည့်အတွက်ကြောင့် တံတားတည်ဆောက်ချိန်တွင် အင်အားကောင်းသော စက်ယန္တရားများနှင့် တည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ ချင်းတွင်းတံတား (ထမံသီ) အကောင်အထည်ဖော် တည်ဆောက်ရန် ရန်ပုံငွေကန့်သတ်ချက်များ ရှိပါသဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေခွဲဝေရရှိပါက ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် အင်အား အကောင်းဆုံး စက်ယန္တရားများဖြင့် တည်ဆောက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

မြေပုံ မဲဆန္ဒနယ်မှ ဦးဖေသန်း၏ **ရခိုင်ပြည်နယ်(မင်းပြား-မြေပုံ) မြို့ရွာချင်းဆက်လမ်းအား ကြပ်စင်တံတား ဖွင့်လှစ်ပွဲအမီ ကတ္တရာလမ်းအပြီး ခင်းပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လမ်းဦးစီးဌာနအတွက် ပြည်နယ်အဆိုပြု လျာထားရန်ပုံငွေ နည်းပါးမှုကြောင့် မြေပုံ-မင်းပြားလမ်းပေါ်ရှိ ကြံ့ခိုင်မှုအားနည်းသော သစ်သားတံတားများကို သံကူကွန်ကရစ်တံတားအဖြစ် ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပါ၍ ကျန်ရှိသည့် လမ်းပိုင်း (၁၅/၂) မိုင်အား ကြပ်စင်တံတားဖွင့်ပွဲအမီ ကတ္တရာလမ်းအဖြစ် အပြီးဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း၊ နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် ရန်ပုံငွေ တင်ပြတောင်းခံသွားမည် ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။



ဒုတိယဝန်ကြီး ဦးကျော်လင်း ရှင်းလင်းဖြေကြားစဉ်။



စေတုတ္တရာမဲဆန္ဒနယ် ဦးကျော်အောင်လွင် မေးမြန်းစဉ်။

ဆက်လက်၍ အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာ၊ ရမ်းဗြဲ မဲဆန္ဒနယ်မှ ဦးကျော်ရွှေနှင့် တောင်ကုတ် မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် ဦးအေးမင်းအောင်(ခ) ဦးမင်းမင်းက ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုပါ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော မြန်မာ့သတ္တုတွင်း နည်းဥပဒေများနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်းက လွှတ်တော်သို့တင်ပြပြီး ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်၏ အဆုံးဖြတ်ရယူ အတည်ပြုသည်။

## မြန်မာ့သတ္တုတွင်း နည်းဥပဒေများနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိသော အချက်နှစ်ချက် လွှတ်တော်က သဘောတူအတည်ပြု

အဆိုပါ မြန်မာ့သတ္တုတွင်း နည်းဥပဒေများနှင့် စပ်လျဉ်း၍ လွှတ်တော် နှစ်ရပ် သဘောကွဲလွဲမှုရှိသော အချက်နှစ်ချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် ကော်မတီဝင် ဒေါက်တာဝေဖြိုးအောင်က အဆိုတင်သွင်းပြီး လွှတ်တော်က သဘောတူ အတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် မောက်မယ် မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း တင်သွင်းသည့် အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း မပြုနိုင်သေးမီ စပ်ကြားကာလတွင် နိုင်ငံတော်တစ်ဝန်းလုံးရှိ ရပ်ကွက်နှင့် ကျေးရွာများအားလုံး တစ်ပြေးညီ သန့်ရှင်းသပ်ရပ်လှပစေရန် စနစ်တကျအမှိုက်သိမ်းဆည်းခြင်း၊ စွန့်ပစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအတွက် လုံလောက်မှုတစေမည့် အမှိုက်စုပုံကွင်းနှင့် အမှိုက်စွန့်ပစ်ကျင်းများ တိကျစွာ သတ်မှတ်ဖော်ဆောင်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများထံသို့ ဦးစားပေးလုပ်ငန်း လမ်းညွှန်ချက်တစ်ရပ်အဖြစ် သတ်မှတ်ညွှန်ကြားပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦးက ဆွေးနွေးကြသည်။

သထုံ မဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်က မိမိတို့လူသားများနှင့် လူ့သဘာဝပတ်ဝန်းကျင်၏ သာယာလှပမှု ကျန်းမာဖွံ့ဖြိုးတိုးတက်မှုများကို ပျက်စီးစေရန် ခြိမ်းခြောက်နေသည့် အကြောင်းအရာများထဲတွင် စွန့်ပစ်အမှိုက်ပြဿနာသည်လည်း တစ်ခုအပါအဝင် ဖြစ်ပါကြောင်း၊ စွန့်ပစ်အမှိုက်ပြဿနာကို စည်ပင်သာယာနှင့် အစိုးရတို့က ဖြေရှင်းခြင်း၊ မြေနေရာရှိခြင်းတို့ဖြင့် မဖြေရှင်းနိုင်ပါကြောင်း၊ အဆိုရှင် တင်ပြသကဲ့သို့ လူတစ်ဦးချင်းစီက စွန့်ပစ်လိုက်သည့် အမှိုက်တစ်စ ပေါင်းလိုက်ပါက လူ့အဖွဲ့အစည်း တစ်ခုလုံးကို ခြိမ်းခြောက်လာနိုင်သောကြောင့် ပြည်သူအားလုံးက တာဝန်သိစွာနှင့် စွန့်ပစ်အမှိုက်များကို လျှော့ချရန် မိမိတို့အမှိုက်များကို တစ်ပိုင်တစ်နိုင်ဖြင့် ဖြေရှင်း၍ရသည့် နည်းလမ်းများဖြင့် ဖြေရှင်းရန်လိုအပ်ပါကြောင်း၊ မလိုလားအပ်သည့် ထုပ်ပိုးမှုများကို ငြင်းပယ်ခြင်း၊ ဖျက်ဆီးရခက်ခဲသည့် ပလတ်စတစ်စသည့် အသုံးအဆောင်များကို လျှော့ချခြင်းဖြင့်လည်း ဖြေရှင်းနိုင်ပါကြောင်း၊ အစိုးရနှင့် ပြည်သူလက်တွဲကူညီဖြေရှင်း ဆောင်ရွက်ခြင်းဖြင့် မိမိတို့နိုင်ငံတော်ကြီးကို သန့်ရှင်းလှပမှုများ ဆောင်ကြဉ်းပေးကြရန် လိုအပ်ကြောင်း အကြံပြုဆွေးနွေးသည်။

လှိုင်ကော် မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူက နိုင်ငံတစ်ဝန်းလုံးအတွက် စွန့်ပစ်အမှိုက်စီမံမှုသည် အလွန်အရေးကြီးသည့်အတွက် အမျိုးသားစီမံကိန်းတစ်ရပ် မအောင်မြင်မီ ကြားကာလကိုလည်း မဖြစ်မနေအာရုံစိုက်ရန် လိုအပ်လာပါကြောင်း၊ စွန့်ပစ်အမှိုက်များအတွက် အစိုးရက ဒေသဆိုင်ရာနှင့် အံဝင်ခွင်ကျဖြစ်မည့် စီမံမှု အစီအစဉ်များကို စည်ပင်သာယာရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ရေးဆွဲရာတွင် မဖြစ်မနေ ထည့်သွင်းစေလိုပါကြောင်း၊ ရည်မှန်းချက်များနှင့် လုပ်ငန်း အစီအစဉ်များကို ဆီလျော်စွာ ပြဋ္ဌာန်းသတ်မှတ်ပြီး ခိုင်လုံသည့်မူဝါဒ၊ ကတိကဝတ် ပြုမှုများ၊ ပြည်သူလူထု၊ အစိုးရအဖွဲ့အစည်း၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများ ပူးပေါင်းဆောင်ရွက်ရန် မျှော်မှန်းပါကြောင်း အကြံပြုဆွေးနွေးသည်။

ကျောင်းကုန်း မဲဆန္ဒနယ်မှ ဦးသိန်းထွန်းက စွန့်ပစ်ပစ္စည်း စွန့်ပစ်မှုသည် ကမ္ဘာကြီးကို ခြိမ်းခြောက်နေသည့် အကြီးမားဆုံး အရာတစ်ခုဖြစ်ပါကြောင်း၊ ယခုနှုန်းအတိုင်း သွားမည်ဆိုပါက ကမ္ဘာပေါ်တွင် မြို့များ၏ စွန့်ပစ်ပစ္စည်းတိုးလာနှုန်းသည် ၂၀၂၅ တွင် တစ်နှစ်လျှင် ၂ ဒသမ ၂ ဘီလီယံ တန် နှုန်းဖြစ်လာနိုင်ပါကြောင်း၊ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများကြောင့် ရေမြောင်းများ ပိတ်ဆို့ခြင်း၊ မြစ်ချောင်းအင်းအိုင်များတွင် အမှိုက်များ ပိတ်ဆို့နေမှုကြောင့် ရေကြီးရေလျှံမှုများကိုလည်း ဖြစ်ပေါ်စေပါကြောင်း၊ မြို့ကြီးများတွင် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများ ပိုမိုများပြားလာပါကြောင်း၊ လူနေအသုံးအဆောင်များလည်း ပိုမိုသုံးစွဲလာသည်နှင့်အတူ အမှိုက်စွန့်ပစ်မှုများသည်လည်း တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလာပါကြောင်း၊ ပလတ်စတစ်မျိုးစုံပမာဏသည် အတိုင်းအတာတစ်ခုအထိ ပါဝင်နေပါကြောင်း၊ အမှိုက်ခွဲခြားပစ်ရန် ဆောင်ရွက်နိုင်မှု မရှိခြင်း၊ အမှိုက်စနစ်တကျ မစွန့်ပစ်တတ်ခြင်းတို့သည်လည်း သဘာဝအလှတရားကို ထိခိုက်စေသကဲ့သို့ ပတ်ဝန်းကျင်ကိုလည်း ပျက်စီးစေပါကြောင်း။

ကျေးလက်ဒေသများတွင် အမှိုက်ကင်းစင်သောရွာ၊ စံပြရွာဟု ဆိုင်းဘုတ် တပ်ထားသော်လည်း အမှန်တကယ်သန့်ရှင်းသောရွာဖြစ်စေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ ကျေးရွာ အုပ်စုတစ်စုလျှင် တစ်ရွာကို စံပြရွာသတ်မှတ်၍ အမှိုက်ခြင်းတောင်း၊ အမှိုက်စွန့်ပစ်ကျင်းများကို စနစ်တကျ နမူနာပြ ပညာပေးဆောင်ရွက်ပေးသင့်ပါကြောင်း၊ အမှိုက်ကို စနစ်တကျ စွန့်ပစ်ရန်နှင့် အမှိုက်စွန့်ပစ်မည့် အမှိုက်စုပုံကွင်းများ၊ အမှိုက်စွန့်ပစ်ကျင်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများက တိကျစွာသတ်မှတ်ပေးရန်တို့ကို အကြံပြုဆွေးနွေးသည်။

ထို့နောက် ညောင်ရွှေ မဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး၊ ခနော့ဖြူ မဲဆန္ဒနယ်မှ ဦးတင်လှ၊ စဉ့်ကိုင် မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ကြည်မိုမိုလွင်၊ သံတောင်ကြီး မဲဆန္ဒနယ်မှ ဦးစောဇစ်တာခလိုက်၊ ဆိပ်ဖြူ မဲဆန္ဒနယ်မှ ဦးအောင်သိုက်၊ အင်းတော် မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံး၊ ညောင်လေးပင် မဲဆန္ဒနယ်မှ ဒေါက်တာ ဦးမြင့်သိန်း၊ လှိုင်လင် မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၊ ဒေးဒရဲ မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို၊ မုံရွာ မဲဆန္ဒနယ်မှ ဦးညွှန့်အောင်နှင့် မချမ်းဘော မဲဆန္ဒနယ်မှ ဦးနန်မွန်ထင်တို့က ဆက်လက် ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက စွန့်ပစ်အမှိုက်များ စနစ်တကျ စီမံခန့်ခွဲနိုင်ရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ် ADB ချေးငွေဖြင့် မော်လမြိုင်မြို့တွင် ခေတ်မီအမှိုက်သိမ်းဆည်းခြင်းစနစ်နှင့် အမှိုက်ကျင်းတွင် အမှိုက်ဖျက်ဆီးစက်ရုံ တည်ဆောက်နိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအဆိုသည် အမျိုးသားအဆင့်စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မအစီအစဉ် (၂၀၁၈-၂၀၃၀) ကို ပြဋ္ဌာန်းအကောင်အထည် မဖော်နိုင်သေးသည့် ကြားကာလအတွက် အရေးကြီးသည့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းတစ်ခု ဖြစ်ပါကြောင်း၊ ထို့ကြောင့် ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၈ ရက်တွင် ကျင်းပခဲ့သည့် (၆) ကြိမ်မြောက် အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီ အစည်းအဝေးတွင် ယခု အဆိုနှင့်စပ်လျဉ်း၍ တင်ပြခဲ့ပါကြောင်း၊ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် ပလတ်စတစ်အပါအဝင်အမှိုက်များ စနစ်တကျ သိမ်းဆည်းစုစည်းစွန့်ပစ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်တစ်ရပ် ချမှတ်ဆောင်ရွက်ရန်ဟူ၍ ဗဟိုကော်မတီ၏ ရှေ့လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် ဆုံးဖြတ်ချက် ချမှတ်ခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါ ဆုံးဖြတ်ချက်နှင့်အညီ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အဆိုအား မှတ်တမ်းတင်ထားရှိပြီး စောင့်ကြည့်ပေးပါရန် ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏ သဘောထားရယူရာ အဆိုရှင်က အတည်ပြုပေးပါရန် ပြောကြားသည်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့် စပ်လျဉ်း၍ စက်ခလုတ်အသုံးပြုပြီး လွှတ်တော်၏ ဆန္ဒမဲရယူရာ ကန့်ကွက်မဲများသည့်အတွက် အဆိုအား မှတ်တမ်းတင် စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့် စပ်လျဉ်း၍ စက်ခလုတ်အသုံးပြုပြီး လွှတ်တော်၏ ဆန္ဒမဲရယူရာ ထောက်ခံမဲ ၁၇၂ မဲ၊ ကန့်ကွက်မဲ ၁၇၉ မဲနှင့် ကြားနေမဲ နှစ်မဲဖြင့် ကန့်ကွက်မဲများသည့်အတွက် အဆိုအား မှတ်တမ်းတင် စောင့်ကြည့်မည် ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး ဒသမနေ့ကို ဒီဇင်ဘာ ၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး နဝမနေ့ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၄**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လေယာဉ်ကွင်းငယ် တည်ဆောက်မည်ဆိုပါက သက်ဆိုင်ရာအဖွဲ့အစည်း အာဏာပိုင်အဆင့်ဆင့်သို့ တင်ပြ၍ သဘောတူ ခွင့်ပြုချက်များရယူရန် လိုအပ်မည်ဖြစ်

အစည်းအဝေးတွင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်၏ **ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ခရီးသည် ၁၀ ဦးနှင့်အထက် စီးနင်း လိုက်ပါနိုင်မည့် အသေးစား လေယာဉ်ကွင်းငယ်ဖြစ်မြောက်ရေး၊ လေယာဉ်ခရီးစဉ် ပုံမှန်ပျံသန်းခွင့်ရရှိရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ် အဆင့်ဆင့်တို့ကို နိုင်ငံတော်အစိုးရမှ ကြီးကြပ်လမ်းညွှန်ပေးပြီး အောင်မြင်စွာ အကောင်အထည်ဖော်ပေးနိုင်မည့် အစီအစဉ်ကို သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လေယာဉ်ကွင်းငယ် တည်ဆောက်ရေးမှာ မြန်မာနိုင်ငံ၏ Transport Master Plan နှင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ လျာထားစီမံချက်များတွင် မပါဝင်သော်လည်း လွှတ်တော်ကိုယ်စားလှယ် တင်ပြသွားသည့် မြေနေရာအဆင်သင့်ဖြစ်ခြင်း၊ ကုန်ကျစရိတ်အတွက် အလှူရှင်နှင့် အဖွဲ့အစည်းများရှိခြင်းတို့အပေါ် အခြေခံ၍ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ အစီအစဉ်ဖြင့် ခရီးသည် ၁၀ ဦးနှင့်အထက် စီးနင်းလိုက်ပါနိုင်မည့် လေယာဉ်ငယ်များ ဆင်းသက်အသုံးပြုနိုင်ရန် လေယာဉ်ကွင်းငယ်တစ်ခုတည်ဆောက်မည်ဆိုပါက သက်ဆိုင်ရာအဖွဲ့အစည်းအနေဖြင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနနှင့် ဦးစွာညှိနှိုင်းဆွေးနွေးပြီး သက်ဆိုင်ရာအဖွဲ့အစည်း အာဏာပိုင်အဆင့်ဆင့်သို့ တင်ပြ၍ လမ်းညွှန်မှုနှင့် သဘောတူခွင့်ပြုချက်များရယူရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ခွင့်ပြုချက်များရရှိပါက လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အနေဖြင့် နည်းပညာနှင့် လေကြောင်းဆိုင်ရာကိစ္စရပ်များကို ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် အချက်အလက်များ ပြီးပြည့်စုံသည့်အခါတွင် ဆောင်ရွက်မည့် အစီအမံများနှင့်အတူ ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းပန်ဖ၏ **ကယားပြည်နယ်၊ မယ်စဲ့မြို့နယ်၊ နန်းမန်းကျေးရွာအုပ်စု၊ မယ်ဆည်နမ်ကျေးရွာအုပ်စုနှင့် ဟိုဂျစ်ကျေးရွာအုပ်စု သုံးစုတွင် MPT ဆက်သွယ်ရေးတာဝါတိုင်များ တပ်ဆင်ပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် နိုင်ငံတစ်ဝန်းလုံးရှိ မြို့ပြနှင့် ကျေးလက်ဒေသများပါမကျန် ဆက်သွယ်ရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ကောင်းမွန်စေရန်အတွက် မိုဘိုင်းဆက်သွယ်ရေးစခန်းများနှင့် တာဝါတိုင်များကို တည်ဆောက်ပေးလျက်ရှိသော်လည်း မိုဘိုင်းစခန်းများ တည်ဆောက်ရာတွင် မြေနေရာရရှိနိုင်မှုအခြေအနေ၊ မိုက္ကရိုဝေ့ဗ်၊ ဖိုင်ဘာ၊ ဂြိုဟ်တုစသည့် အဝေးဆက်သွယ်ရေးဆက်ကြောင်းများ ချိတ်ဆက်နိုင်မှုအခြေအနေ၊ လျှပ်စစ်မီးရရှိနိုင်မှု အခြေအနေ၊ မြေပြင်အနေအထား၊ ဒေသရာသီဥတုအခြေအနေ၊ လွှမ်းခြုံနိုင်မည့် လူဦးရေ၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုအခြေအနေ၊ ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်နှင့် ပြန်လည်ရရှိနိုင်မည့် ဝင်ငွေတို့ကို ထည့်သွင်းတွက်ချက်ရခြင်း စသည်တို့အပေါ် မူတည်၍ တည်ဆောက်ရခြင်းတို့ကြောင့် ကယားပြည်နယ်၊ မယ်စဲ့မြို့နယ် အတွင်းရှိ နန်းမန်းကျေးရွာအုပ်စု၊ မယ်ဆည်နမ်ကျေးရွာအုပ်စုနှင့် ဟိုဂျစ်ကျေးရွာအုပ်စုတို့တွင် ဆက်သွယ်ရေးတာဝါတိုင်များ တည်ဆောက်ပေးရန် လတ်တလောတွင် အစီအစဉ်မရှိသေးပါကြောင်း။



ဒုတိယဝန်ကြီး ဦးကျော်မျိုး ဖြေကြားစဉ်။



ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင် မေးမြန်းစဉ်။

## ဆက်သွယ်မှုကွန်ရက် လွှမ်းခြုံနိုင်မှု မရှိသေးသည့် နေရာဒေသများသို့ အဆင့်အလိုက် ဦးစားပေးအစီအစဉ်ဖြင့် ဆက်သွယ်မှုရရှိနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးသွားမည်

Telenor၊ Ooredoo နှင့် Mytel တို့အနေဖြင့်လည်း အဆိုပါ ကျေးရွာအုပ်စုတို့တွင် ဆက်သွယ်ရေးတာဝါတိုင်များ လတ်တလောတွင် တည်ဆောက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း၊ သို့ရာတွင် ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနအနေဖြင့် ဆက်သွယ်ရေးအော်ပရေတာများမှ အချိုးကျထည့်ဝင်၍ တည်ထောင်မည့် အခြေခံဆက်သွယ်ရေးလိုအပ်ချက် ဖြည့်ဆည်းခြင်းဆိုင်ရာ ရန်ပုံငွေ Universal Service Fund (USF) ၏ သတ်မှတ်စည်းမျဉ်းများအရ ဆက်သွယ်မှုကွန်ရက် လွှမ်းခြုံနိုင်မှု မရှိသေးသည့် နေရာဒေသများသို့ အဆင့်အလိုက် ဦးစားပေးအစီအစဉ်ဖြင့် ဆက်သွယ်မှု ရရှိနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဒေါ်သီရိရတနာ၏ **မွန်ပြည်နယ်၊ သထုံခရိုင်၊ ဘီးလင်းမြို့နယ်အတွင်း ရေဘေးကြုံတွေ့ခဲ့ရမှုအပေါ် ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ပြီး ယင်းဆုံးရှုံးမှုများအား အနာဂတ်တွင် ဖြစ်ပေါ်မှု လျော့နည်းစေရေး၊ ထိခိုက်မှု အနည်းဆုံး လျှော့ချနိုင်ရေး၊ ရေရှည်စီမံကိန်းများ ရေးဆွဲနိုင်ရန်အတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနတို့အား ပူးတွဲ၍ အသေးစိတ် ကွင်းဆင်းလေ့လာဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက ဘီးလင်းမြစ် ရေကြီးရေလျှံမှု လျော့ပါးသက်သာစေရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ လမ်းဦးစီးဌာန၊ မြန်မာ့မီးရထား၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ လာမည့်သုံးနှစ်အတွင်း ဆောင်ရွက်မည့် ရေတိုအစီအမံများ၏ ခန့်မှန်းကုန်ကျစရိတ်များကို မွန်ပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်း ရန်ပုံငွေသို့ တင်ပြတောင်းခံပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ရေရှည်အစီအမံဖြင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များဖြစ်သည့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်မည့် ရေလှောင်တမံ သုံးခုနှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်မည့် မြစ်ကြောင်းဖြောင့်ခြင်းလုပ်ငန်းများ၏ ကုန်ကျစရိတ်များကို ပြည်ထောင်စုရန်ပုံငွေသို့ တင်ပြတောင်းခံပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ရေရှည်တွင် ဘီးလင်းမြို့နယ်အတွင်း ရေဘေးကြုံတွေ့မှု မရှိစေရေး၊ အနာဂတ်တွင် ဖြစ်ပေါ်မှုလျော့နည်းစေရေး၊ ထိခိုက်မှုအနည်းဆုံး လျှော့ချနိုင်ရေး အတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနတို့အပြင် မွန်ပြည်နယ်အစိုးရအဖွဲ့မှ ဖွဲ့စည်းတာဝန်ပေးအပ်ထားသော ဘီးလင်းမြစ် ရေကြီးရေလျှံမှုလျော့ပါးစေရေးကော်မတီ၏ ဆက်စပ်ဌာနများမှ ရေတိုရေရှည်အစီအမံများ ရေးဆွဲဆောင်ရွက်ထားပြီး ဖြစ်ပါ၍ မွန်ပြည်နယ် အစိုးရအဖွဲ့နှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်နော်ဆာမူထူး၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဝေ့တင်းနှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်နန်းနီနီအေးက **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်သီဟက အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောကွဲလွဲသည့် အချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် အဆိုတင်သွင်းသည်။

## ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းက **တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် ... 

ဆက်လက်၍ ရေဝတီ... 

ယင်းနောက် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဒေါ်သီရိရတနာက **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အနေဖြင့် နိုင်ငံတော်၏ သက်ရှိ သဘာဝ သယံဇာတဖြစ်သော ဆင်အပါအဝင် အခြားသော တောရိုင်းတိရစ္ဆာန်များ မျိုးသုဉ်းခြင်းမှ ကာကွယ်နိုင်ရန် ရည်ရွယ်လျက် အများပြည်သူ သတိပြုမှု မြင့်တက်စေရန်နှင့် ဆင်အပါအဝင် အခြားသော တောရိုင်းတိရစ္ဆာန်များနှင့် ၎င်းတို့၏ အစိတ်အပိုင်းများ ပြောင်ပြောင်တင်းတင်း ရောင်းဝယ်ဖောက်ကားနေမှုကို ရပ်တန့်ပစ်နိုင်ရန်အတွက် ထိရောက်စွာအရေးယူမှုများ ပြုလုပ်ခြင်းဖြင့် အချိန်မီကယ်တင်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို**ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်းက ရှားပါးပြီး မျိုးသုဉ်းလုနီးဖြစ်သည့် တောဆင်ရိုင်းများ ထိရောက်စွာ ကာကွယ်ရာတွင် အထောက်အကူပြုရန်အတွက် မြန်မာ့ဆင်ပြတိုက်အား တိရစ္ဆာန်ဉယျာဉ်တွင် အမြန်ဆုံးအကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း၊ သတ်ဖြတ်ခံ ဆင်စွယ်၊ ဆင်ရိုး၊ အရေခွံ စသည်များကို ဖျက်ဆီးပစ်ခြင်းထက် လူအများသနားကရုဏာပွား၍ စာနာစိတ်ထားနိုင်ရန်

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၅ မှ*

ပညာရေး စီမံခန့်ခွဲသူတွေနဲ့ ဆရာ၊ ဆရာမတွေဟာ ဦးဆောင်လမ်းပြနိုင်မှု အရည်အသွေး၊ စီမံခန့်ခွဲမှု အရည်အသွေးပြည့်ဝနေဖို့လည်း အစဉ်ကြိုးစားစေချင်ပါတယ်။ စီမံခန့်ခွဲတဲ့နေရာမှာ မျှတမှုရှိစေချင်ပါတယ်။ "အဂတိ" တရား ကင်းရှင်း ရပါမယ်။ ပညာရေးမှာ ထူးချွန်ပြီး တော်တဲ့သူတွေကို "နေရာမှန်၊ လူမှန်" နေရာပေးမှုရှိသလို၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိတဲ့သူတွေဖြစ်ဖို့လည်း လိုပါတယ်။ ဒါဟာအစိုးရမှာလည်း တာဝန်ရှိပါတယ်။ အစိုးရက ပညာရေးဌာနကို စီမံခန့်ခွဲတဲ့နေရာမှာ မျှတမှုရှိဖို့ လိုပါတယ်။ ကျွန်မတို့ရဲ့ ပညာရေးမှာ မျှတမှုကို အတန်းထဲမှာကတည်းက ဆရာ ဆရာမတွေက သင်ပေးရမှာပါ။ ဘယ်သူ့ကို မျက်နှာလိုက်တယ်၊ ဘယ်သူ့ကို မျက်နှာမလိုက်ဘူး၊ ဘယ်သူ့သားသမီးဖြစ်လို့ဆိုတာမျိုး မရှိသင့်ပါဘူး။ နောက်ပြီးတော့ ဆရာဆရာမတွေက စာတော်တဲ့ တပည့်တွေကို မျက်နှာလိုက်ပါတယ်။ ဒါလည်း တစ်နည်းအားဖြင့် သဘာဝကျပါတယ်။ ဒါပေမယ့် ကျွန်မ အမြင်မှာတော့ စာမတော်တဲ့ ကလေးတွေကို ပိုပြီးတော့ ဂရုစိုက်ရမှာပါ။ ဘာဖြစ်လို့ မတော်တာလဲ၊ သူတို့မှာ ဘာပြဿနာရှိလို့လဲ၊ ကျောင်းစာကို ဘာကြောင့် ကောင်းကောင်း စိတ်မဝင်စားတာလဲ၊ ဘာဖြစ်လို့ စာမလိုက်နိုင်တာလဲ၊ ဘယ်လို ဒီဟာတွေကို ကူညီပေးနိုင်မလဲ ဆိုတာတွေ၊ ကျောင်းသားတွေရဲ့ အားနည်းချက်တွေကို ဘယ်လို ဖြည့်ဆည်းပေးနိုင်မလဲဆိုတာကို လုပ်မယ်ဆိုတာ ဆရာ၊ ဆရာမများရဲ့ အင်မတန်မှ အရေးကြီးတဲ့ တာဝန် ဖြစ်ပါတယ်။ တော်တဲ့ကလေးတွေကိုလည်း ပိုတော်လာအောင် ပြုစုပျိုးထောင်ပေးနိုင်ရမယ်။ နောက်မှာ ကျန်နေတဲ့ ကလေးတွေကိုလည်း လက်တွဲပြီး ခေါ်လာနိုင်ရမယ်ဆိုတာ ဆရာ၊ ဆရာမကောင်းများရဲ့ တာဝန် လို့ မှတ်ယူစေချင်ပါတယ်။

### များစွာသောအကျိုးများနဲ့သက်ဆိုင်

ပညာရေးသည် ဆင်းရဲနွမ်းပါးမှုကို လျှော့ချ၍ သာတူညီမျှရှိစေခြင်း၊ မိသားစုဝင်ငွေ မြင့်မားလာစေခြင်း၊ တစ်ဦးချင်းစီနှင့် မိသားစုကျန်းမာရေး မြှင့်တင်ပေးနိုင်ခြင်း၊ ငြိမ်းချမ်းရေးကို ရေရှည်တည်တံ့ခိုင်မြဲစေခြင်း၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေခြင်း၊ အမျိုးသားစည်းလုံး ညီညွတ်ရေးခိုင်မာစေခြင်းစတဲ့ များစွာသော အကျိုးများနဲ့ သက်ဆိုင်ပါတယ်။ ယခုကျင်းပပြုလုပ်တဲ့ နှီးနှော ဖလှယ်ပွဲမှ ဆွေးနွေးချက်တွေဟာ နိုင်ငံရဲ့ အနာဂတ်အတွက် ထိရောက်စွာအကျိုးဆောင်နိုင်မယ့် အခြေခံပညာကဏ္ဍ ပညာရေးစနစ် ပေါ်ပေါက်ခိုင်မာလာစေနိုင်မယ်လို့ မျှော်လင့်ပါတယ်။

ကျွန်မတို့ ထုံးတမ်းစဉ်လာအရ လူကြီးတွေက လူငယ်တွေကို ဆုပေးတဲ့အခါမှာ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဘေးအန္တရာယ်အမျိုးမျိုးမှ ကင်းဝေးပါစေလို့ ယေဘုယျအားဖြင့် ပြောကြပါတယ်။ ပညာပေးတယ်ဆိုတာ ဒီဟာတွေ ကိုယ့်ကိုယ်ကိုယ် ဖြစ်အောင် လုပ်နိုင်ဖို့ပဲ၊ ဒီဆုတွေကို ကိုယ့်ကိုယ်ကိုယ် ဖြည့်နိုင်တဲ့ အရည်အချင်းတွေပေးဖို့ပဲ ဖြစ်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် ကျန်းမာအောင်နေတတ်ဖို့ ပညာလိုတယ်။ ကိုယ့်ကိုယ်ကိုယ် ချမ်းသာအောင်နေတတ်ဖို့၊ ချမ်းသာအောင်ဆိုတာ ရုပ်ပိုင်းဆိုင်ရာရော၊ စိတ်ပိုင်းဆိုင်ရာရော၊ ချမ်းသာအောင်နေတတ်ဖို့ဆိုတာ ပညာလိုတယ်။ ဘေးအန္တရာယ်ကင်းဝေးအောင် နေတတ်ဖို့ဆိုတာလည်း ပညာလိုတယ်။ ကျွန်မတို့ ပညာရေးရဲ့ ရည်ရွယ်ချက်ဟာ ဘာလဲလို့ ရိုးရိုးလေးပြောလို့ရှိရင် ကျွန်မတို့တစ်တွေရဲ့ ကလေးများ၊ သားသမီးများကို နေ့စဉ်နှင့်အမျှပေးနေတဲ့ဆုတွေကို ကလေးသူငယ်တွေ မိမိတို့ကိုယ်တိုင် ဘဝတစ်လျှောက်မှာ ဖြည့်ဆည်းပေးသွားနိုင်ဖို့ ကျန်းမာအောင်၊ ချမ်းသာအောင်၊ ဘေးအန္တရာယ်ကင်းဝေးအောင် နေတတ်ဖို့ပဲဖြစ်တယ်လို့ ပြောရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်" ဟု ပြောကြားသည်။

### မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့သည် နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသည့် ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးဝန်ကြီးများနှင့် လည်းကောင်း၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများနှင့် အမျိုးသားပညာရေးမူဝါဒကော်မရှင်၊ အမျိုးသားသင်ရိုး ညွှန်းတမ်းကော်မတီ၊ အမျိုးသား ပညာရေးအဆင့်အတန်းနှင့် အရည်အသွေး အာမခံမှုအကဲဖြတ်ရေးကော်မတီတို့မှ အဖွဲ့ဝင်များနှင့် လည်းကောင်း၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ တာဝန်ရှိသူများနှင့် လည်းကောင်း၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့်လည်းကောင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

### လှည့်လည်ကြည့်ရှု

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် အဆင့်မြင့်ပညာဦးစီးဌာန (ဆရာအတတ်သင်)သင်ထောက်ကူပြခန်း၊ မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနပြခန်း၊ အခြေခံပညာဦးစီးဌာန ICT ပြခန်း၊ တိုင်းရင်းသား ဘာသာ စာပေသင်ကြား၊ သင်ယူမှုပြခန်း၊ နေပြည်တော်ပညာရေးမှူးရုံး သိပ္ပံပစ္စည်းကိရိယာပြခန်း၊ ဇီဝဗေဒ သင်ထောက်ကူပြခန်း၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး သိပ္ပံပြခန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး ဇီဝဗေဒ၊ ဓာတုဗေဒ သင်ထောက်ကူပြခန်းတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

**သတင်းစဉ်**

# ချင်းပြည်နယ် တီးတိန်(ဇိုမီး)အဖွဲ့က ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ချင်းသူရဲကောင်းဘွဲ့ ဂုဏ်ပြုချီးမြှင့်

**နေပြည်တော် ဒီဇင်ဘာ ၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ချင်းပြည်နယ် တီးတိန် (ဇိုမီး)အဖွဲ့မှ ကက်သလစ်ခရစ်ယာန်ဘုန်းတော်ကြီး Rev. Fr. Joseph Thang Nen Zo Mung ဦးဆောင်သည့်အဖွဲ့ဝင်များသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံ၍ ချင်းသူရဲကောင်းဘွဲ့ (Gal Hang Pah Tawi Na Award) အား ဂုဏ်ပြုချီးမြှင့် ပေးအပ်သည်။

အဆိုပါ ချင်းသူရဲကောင်းဘွဲ့ပေးအပ်ပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ချင်းပြည်နယ် တီးတိန် (ဇိုမီး)အဖွဲ့မှ ကက်သလစ် ခရစ်ယာန်ဘုန်းတော်ကြီး Rev.Fr. Joseph Thang Nen Zo Mung နှင့်အတူ ကက်သလစ်ခရစ်ယာန်ဘုန်းတော်ကြီး Rev. Fr. Thang Muan Lian၊ နှစ်ခြင်းသင်းအုပ်ဆရာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကက်သလစ်ခရစ်ယာန်ဘုန်းတော်ကြီး Rev. Fr. Joseph Thang Nen Zo Mung က ခရစ်စမတ်ဆုမွန်ကောင်းတောင်းစကားပြောကြား၍ ဦးကပ်ခင်းပေါင်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ချင်းသူရဲကောင်းဘွဲ့ ပေးအပ်မှုဆိုင်ရာ ဂုဏ်ပြုမှတ်တမ်းလွှာကို ဖတ်ကြားပြီး ချင်းသူရဲကောင်းဘွဲ့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ ပေးအပ်သည်။ **(ယာပုံ)**

ယင်းနောက် ဦးလျန်ခန့်တွေ့ဂင်က ချင်းသူရဲကောင်း အကြောင်းအား ဖတ်ကြားပြီး ဦးခမ်းဆွင်းမုံက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ ချင်းသူရဲကောင်းဘွဲ့ အထိမ်းအမှတ်ဓားအား ပေးအပ်သည်။



ထို့နောက် တက်ရောက်လာကြသည့် အဖွဲ့ဝင်များက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ ချင်းရိုးရာဓလေ့ထုံးစံ လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ဘုန်းတော်ကြီး Rev. Fr. Joseph Thang Nen Zo Mung က ချင်းသူရဲကောင်းဘွဲ့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ ပေးအပ်နိုင်သည့်အတွက် များစွာ ဝမ်းမြောက်ရကြောင်း၊ ယနေ့သည် ချင်းတိုင်းရင်းသားများအတွက် သမိုင်းစာမျက်နှာသစ် ဖွင့်လှစ်သည့်နေ့ဖြစ်ပါကြောင်း၊ တပ်မတော်သည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအခန်းကဏ္ဍများတွင် ပါဝင်ထမ်းဆောင်လျက်ရှိသကဲ့သို့ အမိနိုင်ငံတော်ကို ကာကွယ်ခဲ့သည့် တပ်မတော်သည် ပြည်သူများ၏ လိုလားချက် ဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့လည်း အောင်မြင်စွာ လျှောက်လှမ်းနိုင်အောင် ဆောင်ရွက်ပေးခဲ့ခြင်းသည် သမိုင်းဝင်ဆောင်ရွက်ချက်တစ်ခုဖြစ်ပါကြောင်း၊ မိမိတို့ ချင်းတိုင်းရင်းသားများအနေဖြင့် တပ်မတော်နှင့်အတူ အမြဲရပ်တည်ဆောင်ရွက်နေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နှစ်ခြင်းသင်းအုပ်ဆရာ Rev. Cin Sian Pau က နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူများအားလုံးအတွက် ဆုမွန်ကောင်းတောင်းစကား ပြောကြားသည်။

အဆိုပါ ချင်းသူရဲကောင်းဘွဲ့သည် မြောက်ပိုင်းချင်းတိုင်းရင်းသားများ၏ အမြင့်ဆုံးသူရဲကောင်းဘွဲ့ဖြစ်ပြီး ချင်းသူရဲကောင်းဘွဲ့ဓားမှာ ချင်းတိုင်းရင်းသားသူရဲကောင်းများ ကိုင်ဆောင်ခဲ့သည့် ဓားနှင့် ပုံစံတူပြုလုပ်ထားခြင်းဖြစ်သည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ချင်းသူရဲကောင်းဘွဲ့ ပေးအပ်ရခြင်းမှာ နိုင်ငံရေး ပြုပြင်ပြောင်းလဲနေသည့်ကာလတွင် တပ်မတော်မှ မားမားမတ်မတ်ရပ်တည်ပေးခြင်း၊ စနစ်တကျ ထိန်းကျောင်းပေးခြင်းနှင့် တိုင်းပြည်နှင့် လူမျိုးအတွက် ကာကွယ်ပေးခြင်း၊ မိမိတိုင်းပြည်အတွက် မားမားမတ်မတ်ရပ်တည် ကာကွယ်ပေးခြင်း၊ ရဲစွမ်းသတ္တိနှင့် ပြည့်စုံသော တိုင်းပြည်နှင့် လူမျိုးအတွက် အသက်နှင့်လဲ၍ ကာကွယ်သည့် အရည်အချင်း ပြည့်စုံသောပုဂ္ဂိုလ်ဖြစ်ခြင်း စသည့်အချက်သုံးချက်နှင့် ကိုက်ညီသောကြောင့် ယခုကဲ့သို့ ဂုဏ်ပြုချီးမြှင့်ပေးအပ်ခဲ့ခြင်း ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

**ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**

# နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် TPA တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၄**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် Terra People Association (TPA) တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ Terra People Association မှ Country Representative, Ms. SHIBATA Kyoko နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က အမှာစကားပြောကြားပြီး Terra People Association မှ Country Representative, Ms.SHIBATA Kyoko က နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**လက်မှတ်ရေးထိုး**

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် Terra People Association မှ Country Representative, Ms.SHIBATA Kyoko တို့က နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးခဲ့ကြသည်။ **(ယာပုံ)**

ယနေ့ လက်မှတ်ရေးထိုးသည့် နားလည်မှုစာချွန်လွှာအနေဖြင့် အပြန်အလှန်ဆက်နွယ်အကျိုးပြု လူမှုအဖွဲ့အစည်းဖန်တီးဖော်ဆောင်ခြင်း စီမံကိန်းအား ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ ဆီဆိုင်မြို့နယ်၊ ဟိုပုံးမြို့နယ်၊ ပင်လောင်းမြို့နယ်၊ ကျောက်တလုံးကြီးမြို့နယ်၊ နောင်တရားမြို့နယ်နှင့် ချင်းပြည်နယ် မင်းတပ်မြို့နယ်၊ မတူပီမြို့နယ်နှင့် ထန်တလန်မြို့နယ်တို့တွင် အမေရိကန်ဒေါ်လာ ၃၀၀၄၂၀၀ ဖြင့် ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ စီမံကိန်းကာလ လေးနှစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




*စာမျက်နှာ ၇ မှ*

အဆိုပါပြတိုက်တွင် ပြသထားရန် လိုအပ်ပါကြောင်း၊ ပညာရေးကဏ္ဍသင်ရိုးများတွင် သဘာဝပတ်ဝန်းကျင်နှင့် တောရိုင်းတိရစ္ဆာန်၊ သယံဇာတတန်ဖိုးထားသည့် စာပေများကို မူလတန်းမှစ၍ ဘာသာရပ်တစ်ခုအနေဖြင့် သင်ကြားစေလိုပါကြောင်း၊ တောဆင်ရိုင်းသတ်ဖြတ်မှုများသည် ရောဝတီတိုင်းတွင် အများဆုံးဖြစ်သည့်အတွက် ရောဝတီတိုင်းတွင် ဘေးမဲ့တောတစ်ခုသတ်မှတ်၍ အမြန်ဆုံးအကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း၊ အစိုးရ၏ နိုင်ငံတော်စီးပွားရေးမူဝါဒတွင် သဘာဝသယံဇာတများကို စနစ်တကျ ရေရှည်ထိန်းသိမ်းကာ ဂေဟစနစ်များကို မပျက်စီးစေသည့် စီးပွားရေးလုပ်ငန်းများ ချမှတ်ဆောင်ရွက်ခြင်းကို ထိရောက်စွာ လုပ်ကိုင်သင့်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

## တောဆင်ရိုင်းများကို တရားမဝင် သတ်ဖြတ်ရောင်းဝယ်နေမှုအား ထိရောက်သော အရေးယူဆောင်ရွက်မှုများ အရှိန်မြှင့်လုပ်ဆောင်

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်သန်းသန်းအေးက ဆင်စွယ်များ သိမ်းဆည်းမှုများပြားပြီး တရားခံ မပေါ်ခြင်းများ၊ ထိရောက်စွာ အရေးယူဆောင်ရွက်မှု အားနည်းခြင်းများသည်လည်း ပြစ်မှုဆိုင်ရာ ရာဇဝတ်မှုများကို ထပ်မံပေါ်ပေါက်လာစေပါကြောင်း၊ သုံးစွဲမှုများရှိနေသရွေ့ သတ်ဖြတ်မှုများ ရှိနေမည်ဖြစ်ပါကြောင်း၊ ထိရောက်သည့် အရေးယူမှု၊ အပြစ်ပေးမှုများ နိုင်နိုင်နင်းနင်းဖြစ်အောင် မလုပ်နိုင်သရွေ့ သတ်ဖြတ်မှုများ ယခုထက် ပိုမိုရှိလာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဖမ်းဆီးအရေးယူ အပြစ်ပေးမှုကို အရှိန်မြှင့်လုပ်ဆောင်ရမည်ဖြစ်သကဲ့သို့ သစ်တောဝန်ထမ်းများကိုလည်း ကောင်းမွန်သည့်လက်နက်များ တပ်ဆင်ပေးသင့်ပါကြောင်း၊ ရေရှည်ထိန်းသိမ်းရန် လိုအပ်သည့် ဆင်အပါအဝင် တောဆင်ရိုင်းများကို တရားမဝင်သတ်ဖြတ်ရောင်းဝယ်နေမှုအား ထိရောက်သော အရေးယူဆောင်ရွက်မှုများ အရှိန်မြှင့်လုပ်ဆောင်ရန် လိုအပ်နေပြီဖြစ်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်နှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း (ခ) ဦးမောင်စိုးတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒသမနေ့ကို ဒီဇင်ဘာ ၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

# (၁၆)ကြိမ်မြောက် မြန်မာ-တရုတ် နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၄**

(၁၆)ကြိမ်မြောက် မြန်မာ-တရုတ် နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် Horizon Lake View Resort ၌ ကျင်းပရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ရဲအရာရှိကြီးများ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူးနှင့် ကိုယ်စားလှယ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၊ အမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင် (NNCC) မှ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် Mr.An Guojun နှင့် ကိုယ်စားလှယ် ရှစ်ဦး စုစုပေါင်း ကိုယ်စားလှယ် ၅၂ ဦး တက်ရောက်ခဲ့သည်။

ယင်းနောက် အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင် ဦးဆောင်သောအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၊ အမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင် (NNCC) မှ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် Mr.An Guojun နှင့် ကိုယ်စားလှယ်အဖွဲ့တို့က မြန်မာ-တရုတ် နှစ်နိုင်ငံ လက်ရှိမူးယစ်ဆေးဝါးပြဿနာများ အခြေအနေ၊ (၁၅) ကြိမ်မြောက် မြန်မာ - တရုတ် နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး အစည်းအဝေးမှ ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုများ၊ နှစ်နိုင်ငံ နယ်စပ်ဒေသတစ်လျှောက် နယ်စပ်ဆက်ဆံရေးရုံးများ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ ပရိကာဆာဓာတုပစ္စည်းများ ပူးပေါင်းထိန်းချုပ်ရေးနှင့် အစားထိုး ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေနေများ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းများအား လေ့ကျင့်ပျိုးထောင်ပေးရေး

**ဆင်ဖြူကျွန်းသန်းထွန်း**

နိုင်ငံတော်၏ စဉ်ဆက်မပြတ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လွတ်လပ်၍ စွမ်းရည်ပြည့်ဝသော၊ ယှဉ်ပြိုင်မှုရှိ၍ စည်းကမ်းကောင်းသော နိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်း တည်ဆောက်ပေးရန်နှင့် လိုအပ်သော အရည်အသွေးဆိုသည်များကို အကျဉ်းရေးသားခဲ့ပါသည်။ ယခုအပိုင်းတွင် လိုလားအပ်သော ဝန်ထမ်းအဖွဲ့အစည်း၏ အရည်အသွေးတို့ကို မည်သို့ရအောင် လုပ်မည်နည်းဆိုသည်ကို ရေးသားလိုပါသည်။

### လေ့ကျင့်ပညာပေးရေး

စွမ်းဆောင်ရည် ပြည့်ဝသော ဝန်ထမ်းအဖွဲ့အစည်းမျိုးရရှိရန် စနစ်တကျ ရွေးချယ်လေ့ကျင့်စီမံ ဆောင်ရွက်ရမည်ဖြစ်သည်။ ရွေးချယ်၊ လေ့ကျင့်၊ စီမံဆောင်ရွက်ရေး လုပ်ငန်းသုံးမျိုးအနက် လေ့ကျင့်ရေးအပိုင်းကို ရေးလိုပါသည်။

လေ့ကျင့်ရေးဆိုသည်တွင် ဦးစွာလေ့ကျင့်ပေးရန် (တစ်နည်းဆိုသော်) သင်တန်းပေးရန် (တစ်နည်းဆိုသော်) ပညာပေးရန်ဟုဆိုခြင်းဖြစ်သည်။ မသိမမြင် နားမလည်သေးသည်များကို သိမြင်နားလည်စေရန်၊ သိမြင်နားလည်ပြီးသည်များကို လက်တွေ့လုပ်ကိုင်လာစေရန် ဆောင်ရွက်ခြင်းများကို လေ့ကျင့်ပညာပေးခြင်း၊ သင်တန်းပေးခြင်းဟု ခြုံငုံဆိုလိုပါသည်။

အချို့က လေ့ကျင့်ပေးရန်၊ ပညာပေးရန်၊ သင်တန်းပေးရန်မလိုအပ်ဟု- ဆိုကြသည်များ ရှိခဲ့ဖူးပါသည်။ သို့သော် မျက်မှောက်ကာလတွင် တစ်သက်တာလုံး လေ့လာဆည်းပူးနေရန် လိုအပ်သည်ဟု လက်ခံလာကြသည်။ အင်တာနက်ကြောင့် လေ့လာဆည်းပူးခွင့်များ ရလာကြသည့်အပြင် မလေ့လာ မဆည်းပူးပါက ခေတ်နောက်ကျ ကျန်ရစ်မည်ကို သိမြင်လာကြပြီဖြစ်သည်။

သာမန်အားဖြင့်ဆိုလျှင် လေ့လာသင်ကြားမှုများသည် ဝန်ထမ်းအဖြစ် စတင်ထမ်းဆောင်သူများအတွက် လိုအပ်သည်။ တစ်ဖန်ရာထူးတိုးခြင်း၊ တာဝန်တိုးခြင်းများဖြစ်လာတိုင်း သင်တန်းလိုအပ်သည်။ ထို့ပြင် ခေတ်ပြောင်း စနစ်ပြောင်းသောကာလများတွင် ပြောင်းလဲမှုနှင့်အတူ လိုက်ပါနိုင်ရန် သင်တန်း၊ လေ့ကျင့်မှုများ လိုအပ်သည်။

အထူးသဖြင့် အပြောင်းအလဲများ ပြုလုပ်ချိန်တွင်၊ အပြောင်းအလဲများ ဆောင်ရွက်ချိန်တွင် လိုအပ်သော ရလဒ်အကျိုးကျေးဇူးများ ဖြစ်လာရန် သင်ကြားပေးမှုများ၊ မွမ်းမံပေးမှုများ လိုအပ်ပါသည်။ ခေတ်ပြောင်းချိန်တွင်၊ ခေတ်သစ်စနစ်သစ် တည်ဆောက်ချိန်တွင် ယင်းသို့သော အပြောင်းအလဲကို ဖော်ဆောင်ကြရသောသူများ၊ ဝန်ထမ်းများအတွက် လေ့ကျင့်ပညာပေးရေးမှာ မရှိမဖြစ် လိုအပ်ပါသည်။ တစ်နည်းဆိုသော် ခေတ်သစ်စနစ်သစ် ပြောင်းလဲရေးတွင် မိုင်းဆက်ပြောင်းလဲရေးအတွက် လေ့ကျင့်ပညာပေးရေးမှာ လိုအပ်ပါသည်။

### ဗဟိုပြည်သူ့ဝန်ထမ်းကျောင်းဖွင့်လှစ်

ဖဆပလအစိုးရလက်ထက်တွင် နိုင်ငံ့ဝန်ထမ်း အရာရှိများအား သင်တန်းပေးခဲ့ကြောင်းကို မှတ်သားမိသည်။ ဘီစီအက်စ်များကို အလုပ်ခွင်တွင် အလုပ်လုပ်စေသကဲ့သို့ ရာထူးတိုးအတွက် စာမေးပွဲဖြေစေခဲ့သည်ဟု သိရသည်။ ၁၉၅၉-၆၀ ခုနှစ်များတွင် ချော်တွင်းကုန်း သင်တန်းများဟု ကြားဖူးခဲ့သည်။

၁၉၆၂ ခုနှစ် ဆိုရှယ်လစ် ခေတ်ပြောင်းတော်လှန်ရေး ဆောင်ရွက်လာရာတွင် ဝန်ထမ်းများ ပါဝင်လာရေးအတွက် ၁၉၆၅ ခုနှစ် ဇန်နဝါရီလတွင် ဖောင်ကြီး ဗဟိုပြည်သူ့ဝန်ထမ်းကျောင်းကို ဖွင့်လှစ်ပြီး နိုင်ငံ့ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးခဲ့သည်။

ဆိုရှယ်လစ်ခေတ်ပြောင်း တော်လှန်ရေးတွင် နိုင်ငံ့ဝန်ထမ်းများ ပါဝင်နိုင်ရေးကို အဓိကမျှော်မှန်းပြီး ဆိုရှယ်လစ်သဘောတရားများကို အလေးထားပို့ချခဲ့သည်။ ပြည်တွင်းဆူပူသောင်းကျန်းမှုများကို နှိမ်နင်းရာတွင် လိုအပ်ပါက ပါဝင်နိုင်ရေးကို မျှော်မှန်းပြီး သင်တန်းတွင် အခြေခံစစ်ပညာများကို အလေးထား သင်ကြားပေးခဲ့သည်။ အမိန့်နာခံတတ်ရေး၊ စည်းကမ်းလိုက်နာတတ်ရေး၊ အဖွဲ့အစည်းအလိုက် ဆောင်ရွက်တတ်ရေးများကို မျှော်မှန်းခဲ့သည်။ သင်တန်းပို့ချရာတွင် အခြေခံစစ်ပညာသည် သင်တန်းချိန် စုစုပေါင်း၏ ထက်ဝက်ခန့်အထိ ရယူထားခဲ့သည်။ သူ့ခေတ်သူ့ကာလလိုအပ်ချက် ရရှိရေးဖြစ်သည်။

၁၉၇၄ ခုနှစ်တွင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံဟု ဖွဲ့စည်းတည်ဆောက်ခဲ့သည်။ လွှတ်တော်များ ဖွဲ့စည်းလုပ်ကိုင်လာသည်။ အရာရှိအုပ်ချုပ်ရေးစနစ် မဟုတ်တော့ဘဲ ကောင်စီအုပ်ချုပ်ရေးစနစ် ကျင့်သုံးလာသည်။

### တက္ကသိုလ်အဆင့်တိုးမြှင့်

၁၉၇၇ ခုနှစ်တွင် ဖောင်ကြီးသင်တန်းကျောင်းကို တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ပေးပြီး ပညာရပ်ဌာနများ ဖွဲ့စည်းပေးခဲ့သည်။ စီမံခန့်ခွဲရေးပညာဌာန၊ စီးပွားရေးပညာဌာန၊ နိုင်ငံရေး၊ သိပ္ပံပညာဌာန၊ လူမှုရေးပညာဌာန၊ ဥပဒေပညာဌာန၊ စစ်ပညာဌာနဟု ပညာရပ်ဌာနများ ဖွဲ့စည်းပြီး လေ့ကျင့်သင်ကြားပေးခဲ့သည်။ အမှုထမ်းများနှင့် အခြေခံအရာထမ်းလောင်းများသာမက အလယ်အလတ်အဆင့် အရာရှိများ၊ အဆင့်မြင့်ဝန်ထမ်းအရာရှိများအတွက်ပါ မွမ်းမံသင်တန်းများ ဖွင့်လှစ်ပေးခဲ့သည်။

၁၉၈၈ ခုနှစ်တွင် အစိုးရ အပြောင်းအလဲဖြစ်ခဲ့သည်။ အစိုးရ

“၂၀၁၁ ခုနှစ် အစိုးရလက်ထက်တွင် ပြုပြင်ပြောင်းလဲရေးများ လုပ်လာသည်။ ဝန်ထမ်းအဖွဲ့အစည်းများ၏ အရေးကြီးအခန်းကဏ္ဍကို လက်ခံပြီး ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးဖြစ်လာကြမည့် ညွှန်ကြားရေးမှူးများနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များအတွက်လည်း ရက်တိုသင်တန်းများ ဖွင့်လှစ်ပေးခဲ့သည်။ အမြဲတမ်းအတွင်းဝန်ရာထူးကို ဖော်ထုတ်သင်တန်းပေးခဲ့သည်”

သစ်က ၎င်း၏ ဆောင်ရွက်ချက်များကို အများပြည်သူသိရှိရန်၊ အထူးသဖြင့် နောက်မျိုးဆက်များ သိမြင်ကြရန် မျှော်မှန်းပြီး မျိုးဆက်သစ်များအား ပညာသင်ကြားပေးသော ဆရာ/ဆရာမများမှတစ်ဆင့် သင်ကြားပေးနိုင်ရန် ဆရာ/ဆရာမ မွမ်းမံသင်တန်းများကို ဖောင်ကြီးနှင့် ဇီးပင်ကြီးရှိ ဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်ပေးခဲ့သည်။

၂၀၁၁ ခုနှစ် အစိုးရလက်ထက်တွင် ပြုပြင်ပြောင်းလဲရေးများ လုပ်လာသည်။ ဝန်ထမ်းအဖွဲ့အစည်းများ၏ အရေးကြီးအခန်းကဏ္ဍကို လက်ခံပြီး ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးဖြစ်လာကြမည့် ညွှန်ကြားရေးမှူးများနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များအတွက်လည်း ရက်တိုသင်တန်းများ ဖွင့်လှစ်ပေးခဲ့သည်။ အမြဲတမ်းအတွင်းဝန်ရာထူးကို ဖော်ထုတ်သင်တန်းပေးခဲ့သည်။

### အစီအစဉ်မျိုးစုံ ဆောင်ရွက်ပေးခဲ့

ထို့ကြောင့် သမိုင်းစဉ်ဆက်တွင် အမှုထမ်းအောက်ခြေအဆင့်မှ အဆင့်မြင့်ဆုံး အရာရှိအဆင့်အထိ သင်တန်းမျိုးစုံ၊ ဆွေးနွေးလေ့လာရေး အစီအစဉ်မျိုးစုံကို စီစဉ်ဆောင်ရွက်ပေးခဲ့သည်ဟုဆိုနိုင်သည်။ ဝန်ထမ်းတက္ကသိုလ်များရှိ ပညာရပ်ဌာနကြီးများက ဆိုင်ရာဘာသာရပ်များကို ပို့ချခဲ့သည့်အပြင် ဝန်ကြီးဌာနအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကလည်း သက်ဆိုင်ရာအဖွဲ့အစည်းလုပ်ငန်း ဆောင်ရွက်မှုများကို လာရောက်ပို့ချခဲ့သည်။

သင်တန်းပို့ချရေးနှင့် ဆက်စပ်ပြီး သတိပြုရမည့်အချက်တစ်ခုမှာ ဝန်ကြီးဌာနတိုင်းတွင် ၎င်းတို့ လုပ်ငန်းလိုအပ်ချက်ကို ရရှိအောင် လေ့ကျင့်သင်ကြားပေးသော အစီအစဉ်များ သင်တန်းများရှိနေခြင်း ဖြစ်သည်။ အချို့ဝန်ကြီးဌာနများက ပုံမှန်လေ့ကျင့်ရေးမှသည် သင်တန်းကျောင်းအထိ ဖွင့်လှစ်ပြီး ဝန်ထမ်းလေ့ကျင့်ရေးကို ဆောင်ရွက်ထားကြပြီး အချို့ဝန်ကြီးဌာနများက အမျိုးမျိုးသော သင်တန်းများ၊ လေ့ကျင့်ပေးမှုများကို အလေးထား ဆောင်ရွက်ပေးကြသည်။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မီးရထားပို့ဆောင်ရေး၊ ဆောက်လုပ်ရေး စသည်တို့က မိမိဝန်ကြီးဌာနအလိုက် လိုအပ်သောသင်တန်းများကို ဖော်ထုတ်သင်ကြားပေးကြသည်။

အထက်ဖော်ပြပါ အစဉ်အလာကို ဆက်လက်ထိန်းထားခဲ့သည်။ ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေ၊ ပုဒ်မ ၁၀ (က)တွင် ဝန်ထမ်းများ လေ့ကျင့်ပျိုးထောင်ရေးအတွက် ဝန်ထမ်းကျောင်းများ၊ တက္ကသိုလ်များဖွင့်လှစ်ခြင်း၊ (ခ)တွင် သင်တန်းများ၊ ဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ ပြုလုပ်ခြင်း၊ (ဂ)တွင် လေ့ကျင့်ရေး မူဝါဒများရေးဆွဲပြီး အစိုးရအဖွဲ့သို့တင်ပြ အတည်ပြုချက် ရယူဆောင်ရွက်ခြင်း၊ (ဃ)တွင် ဝန်ထမ်းအဖွဲ့အစည်း အသီးသီးက ဖွင့်လှစ်ထားသော သင်တန်းများနှင့် စပ်လျဉ်း၍ ချမှတ်ထားသော မူဝါဒများနှင့်အညီ ပေါင်းစပ်ညှိနှိုင်းခြင်းဟု ဖော်ပြထားသည်။

### အကျယ်ဖော်ပြထား

ပြည်ထောင်စုရာထူးဝန်အဖွဲ့ နည်းဥပဒေ အခန်း ၄ တွင် ဝန်ထမ်းများ လေ့ကျင့်ခြင်းကို အကျယ်ဖော်ပြထားပါသည်။ ယင်းနည်းဥပဒေ ၂၉ တွင် ဝန်ထမ်းတစ်ဦးအနေဖြင့် သိရမည်ဖြစ်သော ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ ရုံးလုပ်ငန်း စီမံခန့်ခွဲ အုပ်ချုပ်မှုပညာ၊ အဖွဲ့အစည်း စီမံခန့်ခွဲ အုပ်ချုပ်မှုပညာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲ အုပ်ချုပ်မှုပညာ၊ အုပ်ချုပ်ရေးနှင့် ခေါင်းဆောင်မှု သဘောတရား၊ ပြည်တွင်းပြည်ပ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေ၊ နိုင်ငံသားတစ်ဦး သိရှိနားလည်ထားသင့်သော နိုင်ငံတော်က ထုတ်ပြန်ထားသည့် အမိန့်ညွှန်ကြားချက်များ၊ နိုင်ငံသားတစ်ဦး တတ်မြောက်သင့်သော အခြေခံစစ်ပညာကို လေ့ကျင့်သင်ကြား ပေးရမည်ဟု ဖော်ပြထားပါသည်။

နည်းဥပဒေ ပုဒ်မ ၃၀ (က)တွင် အထူးမွမ်းမံသင်တန်းများအဖြစ် တက္ကသိုလ်ဆရာ ဆရာမများအတွက် အထူးမွမ်းမံသင်တန်းများ၊ အခြေခံဆရာ၊ ဆရာမများအတွက် အထူးမွမ်းမံသင်တန်းများ၊ ဝန်ထမ်းအဖွဲ့အစည်းများက အဆိုပြုသောအရာရှိများအတွက် မွမ်းမံသင်တန်းများကို ဖွင့်လှစ်ရမည်ဟု ပြဋ္ဌာန်းထားသည်။

နည်းဥပဒေ ပုဒ်မ ၃၀ (ခ) တွင် ပုံမှန်သင်တန်းများအဖြစ် အလယ်အလတ် အရာထမ်းသင်တန်း၊ အရာထမ်းသင်တန်း၊ အရာထမ်းလောင်းသင်တန်း၊ အရာထမ်းငယ်သင်တန်း၊ စာရေးဝန်ထမ်းကြီးကြပ်မှု သင်တန်း၊ စာရေးဝန်ထမ်း အခြေခံသင်တန်းနှင့် အစိုးရအဖွဲ့က ညွှန်ကြားသော သင်တန်းများကို ဖွင့်လှစ်ရမည်ဟုပြဋ္ဌာန်းထားသည်။

နည်းဥပဒေ ၃၁ တွင် နည်းဥပဒေ ၃၀ အရ ဖွင့်လှစ်သောသင်တန်းများတွင် စီမံခန့်ခွဲမှုဘာသာရပ်၊ နိုင်ငံရေးဘာသာရပ်၊ စီးပွားရေးဘာသာရပ်၊ လူမှုရေးဘာသာရပ်၊ ဥပဒေဘာသာရပ်နှင့် စစ်ပညာဘာသာရပ်များကို ပို့ချပေးရမည်ဟု ပြဋ္ဌာန်းထားသည်။

အချုပ်ဆိုလျှင် ရာထူးဝန်အဖွဲ့အောက်ရှိ ဝန်ထမ်းတက္ကသိုလ်များက ဝန်ထမ်းလောင်းများအား ဝန်ထမ်းဘဝကို ခံယူလုပ်ကိုင်နိုင်ရေးမှ ဝန်ထမ်းဖြစ်ပြီးသူများအား ဝန်ဆောင်မှုပေးကြရာတွင် ဝန်ကြီးဌာန အဖွဲ့အစည်းအသီးသီး၏ လုပ်ငန်းများကိုနားလည်ပြီး ဝန်ဆောင်မှုပေးရေးတွင် အချိတ်အဆက်မိမိ ဆက်စပ်လုပ်ကိုင်နိုင်ရေး၊ ပြောင်းလဲလာသော ခေတ်ကာလနှင့် လျော်ညီသော နည်းစနစ်များကို လေ့လာအသုံးချနိုင်ရေးအထိ ရည်ရွယ်ပြီး သင်တန်းမျိုးစုံကို နည်းမျိုးစုံဖြင့် ဆောင်ရွက်ရမည်ဟု ဆိုထားသည်။

ဥပမာအားဖြင့် တာဝန်သိရေး၊ တာဝန်ခံရေး အခြေခံစိတ်ထားများ ဖြစ်လာအောင် ဝန်ထမ်းတက္ကသိုလ်များက သင်ကြားပေးရပါမည်။ အဂတိလိုက်စားမှုများ မဖြစ်ရေး၊ နိုင်ငံတော်ဘဏ္ဍာအလေအလွင့်မဖြစ်ရေး၊ အလွဲမသုံးစားရေးတို့ကို ဆွေးနွေးလေ့လာစေရပါမည်။ အခြေခံ သဘောတရားများကို သင်ကြားပေးပြီး အဆင့်မြင့်ဝန်ထမ်းအဆင့်တွင် အဂတိလိုက်စားမှု၏ သဘောသဘာဝနှင့် အဂတိလိုက်စားမှုကြောင့်နိုင်ငံစီးပွားတိုးတက်ရေး မဆောင်ရွက်နိုင်ကြောင်းကို ပေါ်လွင်အောင် ဆွေးနွေးနိုင်ပါသည်။ ဘာသာရပ်တစ်ခုကိုပင် ဝန်ထမ်းအဆင့်အလိုက် သင့်လျော်သလို နားလည်သိမြင်လက်ခံရေး၊ လိုက်နာကျင့်သုံးနိုင်ရေးအတွက် ပို့ချမှုနည်းလမ်းကို ရွေးထုတ်ဆောင်ရွက်ရန်ဖြစ်ပါသည်။

ထို့ပြင် ဖော်ပြပါ အကြောင်းအရာများကိုပင် ဆိုင်ရာဝန်ကြီးဌာနများက ဆက်လက်ရှင်းလင်းပေးရန် ဖြစ်ပါသည်။ ဥပမာအားဖြင့် အဂတိလိုက်စားမှုများ ဖြစ်ကြရာတွင် ဝန်ကြီးဌာနတစ်ခုချင်းအလိုက် အဂတိလိုက်စားမှုများ ကွဲပြားခြားနားပါသည်။ ဝန်ကြီးဌာနတစ်ခုချင်းက သူ့ဝန်ကြီးဌာန အဖွဲ့အစည်းအလိုက် ဖြစ်တတ်သော အဂတိလိုက်စားမှု အမျိုးအစားများနှင့် တိုက်ဖျက်ရေးနည်းလမ်းများကို အကျယ်ရှင်းလင်းပြောကြားသော သင်တန်းများ ဖွင့်လှစ်ပေးရန်၊ ဆွေးနွေး အဖြေရှာမှုများကို ဆောင်ရွက်ကြရန် ဖြစ်ပါသည်။

### တာဝန်ခံခြင်း သဘော

ထို့အတူ တာဝန်ခံခြင်းသဘောကို လက်တွေ့ဖော်ဆောင်နိုင်ရန်အတွက် အခြေခံသဘောတရားကို ဝန်ထမ်းတက္ကသိုလ်က လမ်းပြသဘော ပို့ချသင်ကြားပေးနိုင်မည် ဖြစ်သော်လည်း ဝန်ကြီးဌာနအလိုက် တာဝန်သိခြင်း၊ တာဝန်ခံခြင်းများ အမှန်တကယ်ဖြစ်လာအောင် ဆိုင်ရာဝန်ကြီးဌာနများက တာဝန်ခံမှုသဘောထားကိုသာမက ယင်းသဘောထားခံယူချက်ကို အကောင်အထည်ဖော်ရန် ပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်းများကိုပါ သင်ကြားပေးရန် ဖြစ်ပါသည်။ ဥပမာအားဖြင့် ဆရာဝန်တစ်ဦး၏ တာဝန်ခံရမှုအနေအထားနှင့် အင်ဂျင်နီယာတစ်ဦး၏ တာဝန်ခံရသော အနေအထားများသည် ကွာခြားနေမည်ဖြစ်ပါသည်။

အခြေခံထားရှိသော ရည်မှန်းချက်မှာ နိုင်ငံတော်၏ စဉ်ဆက်မပြတ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရေးအတွက် လွတ်လပ်၍ စွမ်းရည်ပြည့်ဝသော နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းဖြစ်လာရေး ဖြစ်ပါသည်။

နိုင်ငံ့ဝန်ထမ်းတစ်ဦးချင်းက နိုင်ငံ့ဝန်ထမ်းလုပ်ငန်းတာဝန်ကို professional အဖြစ် တာဝန်ထမ်းဆောင်နိုင်လာစေရန် ရည်ရွယ်ပြီး ပျိုးထောင်ပေးရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖွဲ့စည်းမှုကို- professional civil service body - ဖြစ်လာအောင် ရည်မှန်းထားရမည် ဖြစ်သည်။ ကျောင်းဆရာများ၊ အင်ဂျင်နီယာများ၊ ဆရာဝန်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် တပ်မတော်သားများသည် မိမိတို့ တာဝန်လုပ်ငန်းအလိုက် professional ဖြစ်အောင် ကြိုးစားကြသည့်နည်းတူ ပြည်သူအား ဝန်ဆောင်မှုပေးကြသော နိုင်ငံ့ဝန်ထမ်းများကလည်း ကြိုးစားကြရမည်၊ ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယင်းသို့ ဖြစ်လာရေးတွင် နိုင်ငံ့ဝန်ထမ်းများသည် လုပ်ငန်းတာဝန်အလိုက် လိုအပ်သော တတ်ကျွမ်းမှုပညာကို ပြည့်စုံမှန်ကန်စွာ တတ်မြောက်ထားရန် လိုအပ်သည့်အပြင် လုပ်ငန်းတာဝန်အလိုက် ထားရှိရမည့် ကျင့်ဝတ်များ၊ တန်ဖိုးများ၊ စံနှုန်းများကိုလည်း ရယူပိုင်ဆိုင်ထားရန် ဖြစ်သည်။ ယင်းသို့သော အရည်အသွေးများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ဝန်ကြီးဌာနများက ဖော်ထုတ်ပေးပြီး ယင်းတို့ကို နိုင်ငံ့ဝန်ထမ်းများက သိရှိပြီး ပိုင်ဆိုင်နိုင်သူများဖြစ်အောင် ပျိုးထောင်ပေးရမည်ဖြစ်သည်။ ဤသို့ဖြင့် နိုင်ငံ့ဝန်ထမ်းများက နိုင်ငံ့ဝန်ကို ထမ်းဆောင်ရခြင်း၊ ပြည်သူကို ဝန်ဆောင်မှုပေးရခြင်း၊ ပေးနိုင်ခြင်းတို့ကို ဂုဏ်ယူဖွယ်ဖြစ်သည်ကို တွေ့မြင်ခံစားလာနိုင်မည်ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းအဖြစ် ဂုဏ်ယူနိုင်မည် ဖြစ်သည်

### ဂုဏ်ရှိသည်

မျက်မှောက်ကာလတွင် လုပ်ခလစာများ ပိုမိုများပြားသော ပုဂ္ဂလိကလုပ်ငန်းတွင် လုပ်ကိုင်လိုသူများ၊ ပြောင်းရွှေ့လုပ်ကိုင်လိုသူများ များပြားလျက်ရှိသော်လည်း အဘယ်ကြောင့် အစိုးရဝန်ထမ်း၊ နိုင်ငံ့ဝန်ထမ်း လုပ်လိုပါသနည်းကို ဝန်ထမ်းလောင်းများအား မေးမြန်းကြည့်ရာ နိုင်ငံ့ဝန်ထမ်းဖြစ်သည်မှာ ဂုဏ်ရှိသည်ဆိုသော အဖြေမျိုးကို ကြားသိရသောကြောင့် အားတက်ဖွယ်ရာ ဖြစ်ပါသည်။ အဘယ်ကြောင့် နိုင်ငံ့ဝန်ထမ်းဖြစ်သည်မှာ ဂုဏ်ရှိတာလဲ-ဟူသော အမေးကို မဖြေနိုင်သူ များသဖြင့် နိုင်ငံ့ဝန်ထမ်းချင်း၊ အများပြည်သူအကျိုးအတွက် လုပ်ဆောင်ခြင်းသည် အမှန်တကယ် ဂုဏ်ယူဖွယ်ဖြစ်သည်ကို သိမြင်နားလည်စေရန် ပျိုးထောင်ပေးရမည်ဖြစ်သည်။ ယင်းသို့ ပျိုးထောင်ပေးနိုင်လျှင် ဒီမိုကရက်တစ်ပြောင်းလဲရေးဖြစ်စဉ်အတွက် လိုအပ်သော အတွေးအမြင်များ ရလာမည်ဖြစ်ပါသည်။ ။

# မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် အကောင်အထည်ဖော်ရေး ဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၄**
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ပါတီကော်မတီ၊ အတွင်းရေးမှူး မစ္စတာ ချန်းဟောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယမန်နေ့က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ဆွေမျိုးပေါက်ဖော်ရင်းနှီးချစ်ကြည်မှုနှင့် မဟာဗျူဟာမြောက်ဆက်ဆံရေးအား မြှင့်တင်သွားရေး၊ နှစ်နိုင်ငံအကြား အထူးသဖြင့် ယူနန်ပြည်နယ်နှင့် ကုန်သွယ်ရေး၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးအတွက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။ ယင်းနောက် နှစ်နိုင်ငံ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် ဆောလျင်စွာ တည်ဆောက်အကောင်အထည်ဖော်သွားရေး၊ နယ်စပ်ကုန်သွယ်မှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ရေး၊ ရွှေလီ-မူဆယ်ဒေသ အခြေပြု၍ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး အပါအဝင် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များကို နှစ်နိုင်ငံ ခေါင်းဆောင်များ၏ မူဝါဒအတိုင်း ဆောင်ရွက်သွားရန်နှင့် One Belt One Road (OBOR) အောက်မှ စီးပွားရေးစကြံပါ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# သရက်မြို့နယ် ပိတောက်ပင်ကျေးရွာအနီး ရေနံရှာဖွေရေး အစမ်းတွင်းအောင်မြေ(၁)တူးဖော်

**သရက် ဒီဇင်ဘာ ၄**
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEPSA.Co., Ltd မှ မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ရေနံလုပ်ကွက် MOGE-3 အတွင်းရှိ ရေနံရှာဖွေရေးအစမ်းတွင်း အောင်မြေ(၁)တွင် ရေနံတူးဖော်ခြင်း လုပ်ငန်းအတွက် အန္တရာယ်ကင်း ပရိတ်တရားတော်နာယူ၍ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းကို ရေနံရှာဖွေရေးအစမ်းတွင်းအောင်မြေ(၁)နေရာတွင် ဒီဇင်ဘာ ၂ ရက်က ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် တိုင်းဒေသကြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေး ဝန်ကြီး ဦးဇော်မင်း၊ တိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်နှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်နှင့် PTTEPSA မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ GM. Mr. Piya Sukhumpanumet က အမှာစကားပြောကြားပြီး ဆရာတော်များက မေတ္တာသုတ်နှင့် ပရိတ်တရားတော်များ ရွတ်ဖတ်ဆုတောင်းပေးသည်။ PTTEPSA တာဝန်ရှိသူများ၊ ဧည့်သည်တော်များက သင်္ကန်း ပရိက္ခရာဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပြီး ရေစက်ချ အမျှပေးဝေကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျေးဇူးတင်စကား ပြောကြားသည်။ ဆက်လက်၍ တာဝန်ရှိသူများက ရေနံရှာဖွေရေး အစမ်းတွင်းတူးမည့် လွန်သွားများကို အောင်သပြေခက်နှင့် ပရိတ်ရေများ ဖျန်းပက်ပေးကြကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**



# စစ်တွေမြို့ အလိုတော်ပြည့်ကျောင်းတိုက်သို့ ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းမှ ဆန်အိတ်များနှင့် ငါးသေတ္တာများလှူဒါန်း

**စစ်တွေ ဒီဇင်ဘာ ၄**
စစ်တွေမြို့ အလိုတော်ပြည့်ကျောင်းတိုက်၌ ရခိုင်ပြည်နယ်အနှံ့အပြားမှ ဆေးကုသမှုခံယူရန် ရောက်ရှိလာကြသော လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာနိုင်ငံတကာအဖွဲ့အစည်း (IOM) မှ ဆန်အိတ် ၂၀ နှင့် ငါးသေတ္တာ ဖာ ၂၀ တို့ကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါ ကျောင်းတိုက်တွင် လာရောက်လှူဒါန်းသည်။

အဆိုပါ ဆန်အိတ် ၂၀ နှင့် ငါးသေတ္တာ ဖာ ၂၀ ကို အလိုတော်ပြည့် ဘုန်းတော်ကြီးကျောင်းတိုက်တွင် IOM အဖွဲ့မှ Programme Manager Mr. Konrad Peter clos က ပေးအပ်လှူဒါန်းရာ ကျောင်းထိုင်ဆရာတော် ဦးပညာဇောတ၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဦးရွှေသိန်းနှင့် ဆေးကုသမှုခံယူရန်ရောက်ရှိနေကြသောလူနာများ၊ လူနာစောင့်များက လက်ခံရယူကြသည်။ ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူးက ဘုန်းတော်ကြီးကျောင်းတိုက်ကိုယ်စား IOM အဖွဲ့သို့ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(ယာပုံ)**




စစ်တွေမြို့ အလိုတော်ပြည့်ဘုန်းတော်ကြီးကျောင်းတွင် တည်းခိုနေထိုင်ပြီး နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ ခြေပူးလက်ပူးနှင့် လည်ပင်းကြီးရောဂါများကို ပြည်တွင်း၊ ပြည်ပသာသနာပြု၊ ကျေးဇူးတော်ရှင် အလိုတော်ပြည့် ဆရာတော်ကြီး၏ သြဝါဒအရ မြန်မာနိုင်ငံ စားဖိုမှူးများအသင်းမှ ကမကထပြုလျက် ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ အဓိကပံ့ပိုးကူညီမှုဖြင့် ဂျာမနီနိုင်ငံမှ အထူးကုဆရာဝန်ကြီးများမှ အဌမအကြိမ်မြောက် အခမဲ့ခွဲစိတ်ကုသမှုကို နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၅ ရက်အထိ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါဘုန်းတော်ကြီးကျောင်းတိုက်တွင် ရခိုင်ပြည်နယ်အနှံ့အပြားမှ ဆေးဝါးကုသရန် အခက်အခဲရှိသူများကို အခမဲ့ကုသရန်အတွက် လူနာများနှင့် လူနာစောင့် ၅၀၀ ကျော်တို့ ရောက်ရှိတည်းခိုလျက်ရှိရာ ၎င်းတို့နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် IOM အဖွဲ့မှ ဆန်အိတ်များနှင့် ငါးသေတ္တာများလှူဒါန်းခြင်း ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း (ပြန်/ဆက်)**

# ရေစူးကန့်သတ်ချက် လိုက်နာကြရန် ရေလမ်းသတိပေးနှိုးဆော်

**နေပြည်တော် ဒီဇင်ဘာ ၄**
ပြည်တွင်းရေလမ်းများတွင် ရေယာဉ်များလုံခြုံချောမွေ့စွာသွားလာနိုင်ရေးအတွက် နှစ်စဉ် နိုဝင်ဘာလ ၁၅ ရက်မှ မေလ ၁၅ ရက်အတွင်း ရေနည်းကာလ သတ်မှတ်၍ ရေယာဉ်များ၏ ဝန်တင်ရေစူးကို ရေကြောင်းနယ်မြေများအလိုက် အောက်ပါအတိုင်း ကန့်သတ်ထားပါသည်-

| စဉ် | မြစ်အမည် | ရေကြောင်းနယ်မြေ | | ရေစူးကန့်သတ်ချက် | |
|---|---|---|---|---|---|
| | | မှ | ထိ | ပေ | လက်မ |
| ၁။ | ဧရာဝတီမြစ် | ဟသ်ာတ | ပြည် | ၅ | ၆ |
| ၂။ | ॥ | ပြည် | မန္တလေး | ၅ | ၀ |
| ၃။ | ॥ | မန္တလေး | ကသာ | ၄ | ၀ |
| ၄။ | ॥ | ကသာ | ဗန်းမော် | ၃ | ၉ |
| ၅။ | ॥ | ဆင်ဘို | မြစ်ကြီးနား | ၂ | ၆ |
| ၆။ | ချင်းတွင်းမြစ် | ချင်းတွင်းဝ | မုံရွာ | ၃ | ၀ |
| ၇။ | ॥ | မုံရွာ | ကလေးဝ | ၃ | ၃ |
| ၈။ | ॥ | ကလေးဝ | ဟုမ္မလင်း | ၃ | ၀ |
| ၉။ | ॥ | ဟုမ္မလင်း | ခန္တီး | ၂ | ၆ |

သို့ဖြစ်ပါ၍ ဖော်ပြပါ ဝန်တင်ရေစူးကန့်သတ်ချက်ကို ရေယာဉ်များ လိုက်နာရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်းသိရသည်။

**မြန်မာ့အလင်း**

# မြေဆီလွှာထိန်းသိမ်းနည်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ


**နေပြည်တော် ဒီဇင်ဘာ ၄**
နည်းပညာများခေတ်မီဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ တောင်သူများက ဓာတုပိုးသတ်ဆေးများ၊ ဓာတုဓာတ်မြေဩဇာများကို စိုက်ခင်းများအတွင်း မကြာခဏသုံးစွဲလာကြသည်။ ထိုသို့ ဓာတုဆေးဝါးများကို အလွန်အကျွံသုံးစွဲမှုများကြောင့် မြေဆီလွှာများ တဖြည်းဖြည်း ပျက်စီးလာနေ၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ မြို့နယ်များတွင် မြေဆီလွှာထိန်းသိမ်းနည်း သင်တန်းများ၊ ဆွေးနွေးပွဲများ ပြုလုပ်ပေးလျက်ရှိသည်။

စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာနခွဲနှင့် ကော်ဖီ-ရာသီသီးနှံဌာနခွဲတို့ ပူးပေါင်းဆောင်ရွက်သော ဒုတိယအကြိမ် မြေဆီလွှာထိန်းသိမ်းနည်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာလနောက်ဆုံးပတ်က ပြင်ဦးလွင်မြို့ ကော်ဖီသုတေသနနှင့် နည်းပညာပြန့်ပွားရေးဗဟိုဌာန၌ ကျင်းပရာ ကော်ဖီ-ရာသီသီးနှံဌာနခွဲ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

ကော်ဖီ-ရာသီသီးနှံဌာနခွဲ၏ စိုက်ကွင်း/ ခြံစခန်းများသည်ဌာန၏ မူဝါဒနှင့်အညီ သုတေသနလုပ်ငန်း၊ မျိုးစေ့ထုတ်လုပ်ငန်း၊ စံပြကွက်များစိုက်ပျိုးခြင်းလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိအခြေအနေတွင် သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲမှုနည်းပါးလာခြင်း၊ မြေဆီဩဇာထက်သန်လာစေရန် ပြုပြင်ထိန်းသိမ်းမှု အားနည်းလာခြင်း၊ ဓာတ်မြေဩဇာသုံးစွဲမှုအချိုးအစားနည်းစနစ်များ လွဲမှားနေမှုများကြောင့် စိုက်ပျိုးမြေအများစုသည် မြေဆီလွှာပျက်စီး၍ အာဟာရဓာတ်များခန်းခြောက်ခြင်း ဖြစ်ပေါ်နေသည်များ တွေ့လာရကြောင်း၊ ထို့ကြောင့် သီးနှံပင်အတွက် အာဟာရချို့တဲ့မှုလက္ခဏာနှင့် ကုစားနည်းများ၊ မရှိမဖြစ်လိုအပ်သည့် အာဟာရဓာတ်များ၊ မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များ သိရှိနိုင်ရေး မြေဆီလွှာ ဓာတ်ခွဲစမ်းသပ်ခြင်းနှင့် မြေဆီလွှာထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြေဆီလွှာထိန်းသိမ်းနည်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ကော်ဖီ-ရာသီ သီးနှံဌာနခွဲမှ သိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် နေပြည်တော်ရုံးချုပ်မှ သက်ဆိုင်ရာဌာနခွဲများ၏ ဝန်ထမ်းများ၊ အထက်မြန်မာပြည် ကော်ဖီ-ရာသီသီးနှံ ဌာနခွဲ စိုက်ကွင်း/ ခြံစခန်းမှ ဝန်ထမ်းများ၊ မျိုးစေ့ဌာနခွဲ မျိုးသန့်ခြံများမှ ဝန်ထမ်းများ၊ ဝါနှင့် လျှော်မျှင်ထွက်သီးနှံဌာနခွဲ ခြံများမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မေမိုးသဲ**



# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၄**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၂၃) အစည်းအဝေးခန်းမတွင် ကျင်းပရာ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်၍ ညှိနှိုင်းဆွေးနွေး အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ယခုအစိုးရတာဝန်ယူချိန်မှစတင်၍ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများဖြင့် စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ် အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပြီး အကြံပြုချက်များကို ရယူခဲ့ပါကြောင်း၊ ၎င်းအချက်များသည် အစိုးရသစ်၏ ရခိုင်ပြည်နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးရရှိရန် ပြင်းပြသောဆန္ဒအမှန်ကို ဖော်ပြနေပါကြောင်း၊ ကော်မရှင်၏ အကြံပြုချက်များကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်ချိန်တည်းမှာပင် ကဏ္ဍစုံလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ ပြည်သူများ၊ ပုဂ္ဂလိက၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းပါဝင်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေးနှင့် ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)ကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း။



ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။ သတင်းစဉ်

### တိုးတက်မှုများရှိ

အကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတကာနှင့် ပြည်တွင်းပညာရှင်များပါဝင်၍ အကောင်းဆုံးဆောင်ရွက်နေသည့်အတွက် တိုးတက်မှုများရှိပါကြောင်း၊ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ထိရောက်စွာဆောင်ရွက်ရန်၊ တရားဥပဒေစိုးမိုးရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် သက်ဆိုင်ရာဝန်ထမ်းများအား အသိပေးခြင်း၊ အရေးယူခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြေခံအကြောင်းအရာများဖြစ်သည့် နိုင်ငံသားဖြစ်ခွင့်နှင့် လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်တို့ကို နိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ ခွဲခြားဆက်ဆံမှုမရှိဘဲ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အချုပ်အခြာနိုင်ငံတိုင်းတွင် ထုတ်ပြန်ထားသောဥပဒေများ၊ နည်းဥပဒေများကို လေးစားလိုက်နာကျင့်သုံးရန်လိုအပ်ပါကြောင်း၊ ရခိုင်ပြည်နယ်တွင် လက်ရှိချိန်ထိ NVC ကတ်များအား စုစုပေါင်းလူဦးရေ ၁၃၂၁၅ ဦးထုတ်ပေးပြီး ၎င်းတို့အနက် နိုင်ငံသား ၂၇၅ ဦး၊ ပြုနိုင်ငံသား ၄၄၁ ဦးနှင့် ၎င်းတို့၏ ကလေးများ ၅၇၆ ဦးအား တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ပြီးစီးခဲ့ကြောင်း၊ နေရပ်စွန့်ခွာသူများအနေဖြင့် ၎င်းတို့၏ အနာဂတ်အတွက် National Verification Process မှတစ်ဆင့် ဆောင်ရွက်နိုင်ရေးတိုက်တွန်းလိုပါကြောင်း၊ လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်မှာလည်း အထောက်အထားတစ်ခုခုပါရှိပါက သွားလာနိုင်ကြောင်း၊ လူ့အသိုက်အဝန်းနှစ်ခုအကြား လူမှုသဟဇာတမျှတရေးအတွက်လည်း စကားဝိုင်းဆွေးနွေးမှုများ၊ အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးစင်တာများမှတစ်ဆင့် ဆောင်ရွက်နေကြောင်း။

### နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ

ရှိရင်းစွဲ IDP စခန်းများစနစ်တကျ ပိတ်သိမ်းနိုင်ရေး၊ နိုင်ငံတကာစံနှုန်းများနှင့်အညီဆောင်ရွက်ရေးအတွက် အမျိုးသားအဆင့် မဟာဗျူဟာချမှတ် ဆောင်ရွက်နိုင်ရေးကိုလည်း ကုလသမဂ္ဂအဖွဲ့အစည်း၊ ကျွမ်းကျင်ပုဂ္ဂိုလ်များဖြင့် ဆွေးနွေး၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ပညာရေး၊ ကျန်းမာရေးဝန်ဆောင်မှုများနှင့် ပတ်သက်၍လည်း ခွဲခြားဆက်ဆံမှုမရှိရေး၊ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေးမူဝါဒထားရှိ ဆောင်ရွက်နေကြောင်း၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများကိုလည်း ခွဲခြားမှုမရှိဘဲဆောင်ရွက်နိုင်ရန် Red Cross Movement (RCM)ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ WFP စသည့်နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများအပြင် အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် ASEAN Coordinating Centre for Humanitarian Assistance on Disaster Management – AHA Centre တို့မှ ပူးပေါင်းပါဝင်ရန်အတွက် စတင်ဆောင်ရွက်နေကြောင်း။

လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းစီမံကိန်းများကို ဆောင်ရွက်ရန်ရှိပြီး အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးနိုင်ရေး၊ Cash for Work Program များဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် စေတနာအမှန်ရှိသူ မည်သူနှင့်မဆို ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

### ချိတ်ဆက်ဆောင်ရွက်နိုင်

ထို့နောက် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ သံရုံးများဘက်မှ United Nations Resident and Humanitarian Coordinator၊ Mr. Knut Ostby က ဦးဆောင်ဆွေးနွေးရာတွင် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်၏ အကြံပြုချက်များမှာ မူဝါဒလမ်းညွှန်အဖြစ်တည်ရှိနေပါကြောင်း၊ မြန်မာအစိုးရ၏ ဆောင်ရွက်မှုများကို အသိအမှတ်ပြုပါကြောင်း၊ အကြံပြုချက်များ အကောင်အထည်ဖော်ရာတွင် နိုင်ငံတကာအဖွဲ့အစည်းများမှ ပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ ထိုသို့ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းစီမံချက်အား ရေးဆွဲဆောင်ရွက်နိုင်မည်ဆိုပါက လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုများ ပေါ်ထွန်းလာနိုင်မည်ဖြစ်ပါကြောင်း၊ ၎င်းကဲ့သို့ ညှိနှိုင်းအစည်းအဝေးကိုလည်း ဆက်လက်ပြုလုပ်စေလိုပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များမှာ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီးဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈-၂၀၃၀)နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ပါကြောင်း။

### ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိ

လုံခြုံရေး၊ နိုင်ငံသားဖြစ်မှု၊ လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်၊ IDP စခန်းများ ပိတ်သိမ်းရေးနှင့် လူမှုသဟဇာတမျှတရေးတို့မှာ အလွန်အရေးပါသည့် ကိစ္စရပ်များဖြစ်ပြီး အောက်ခြေအဆင့်ထိ ပြောင်းလဲမှုများရှိစေရေး ဆောင်ရွက်နေမှုများကို သိရှိရပါကြောင်း၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်ရာတွင် ကြက်ခြေနီလှုပ်ရှားမှု၊ အာဆီယံနိုင်ငံများနှင့် AHA Centre တို့ ပူးပေါင်းပါဝင်မှုများကို ကြိုဆိုပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံအစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိပါကြောင်း ဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသော သံအမတ်ကြီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ဌာနေကိုယ်စားလှယ်များ၊ မိတ်ဖက်အဖွဲ့အစည်းများက အသီးသီးအကြံပြုဆွေးနွေးခဲ့ကြပြီး ဒုတိယဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီဝင်ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များက ပြန်လည် ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကားပြောကြားရာတွင် ယခုလိုအချိန်ပေးတက်ရောက်သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအကောင်အထည်ဖော်ဆောင်ရွက်ရေးတွင် ဝိုင်းဝန်းကူညီဆောင်ရွက်လိုသည့် ဆန္ဒရှိကြသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ ယနေ့ဆွေးနွေးခဲ့သည့် အချက်များကို မှတ်တမ်းတင်ပြီး အပြုသဘောဖြင့် ဆွေးနွေးချက်များကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အချုပ်အခြာအာဏာပိုင်နိုင်ငံတိုင်းတွင် နိုင်ငံတော်၏ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများရှိပါကြောင်း။

### ပြောင်းလဲမှုအမှန်ရရှိအောင် ဆောင်ရွက်သွားမည်

ကော်မတီအနေဖြင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များကို တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လူမှုသဟဇာတဖြစ်ရေး၊ ရေရှည်ပဋိပက္ခကင်းဝေးရေးတို့ကို ထည့်သွင်းစဉ်းစားဆောင်ရွက်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များပေါ်ထွက်လာစေရန် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင် (ကိုဖီအာနန်ကော်မရှင်) ကို အစိုးရက ဖွဲ့စည်းအကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ရာ ထိုအကြံပြုချက်များကို အလေးထားကြောင်း၊ အကြံပြုချက်ဆိုသည်မှာ အကြံပြုချက်သာဖြစ်၍ မြေပြင်အခြေအနေအရ လက်တွေ့အကောင်အထည်ဖော်ရန် ဖြစ်နိုင်သမျှဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်ပြီး ပြောင်းလဲမှုအမှန်ရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

## ပင်လောင်း၊ ဖယ်ခုံ၊ ဆီဆိုင်နှင့် ညောင်ရွှေမြို့နယ်တို့၌ ဘိန်းခင်းများ ဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၄**

ပင်လောင်းမြို့နယ် ထီယွန်းကျေးရွာ အနောက်တောင်ဘက် နှစ်မိုင်ခွဲခန့်အကွာ၌ ပင်လောင်းမြို့မရဲစခန်းမှူး ဒုတိယရဲမှူး မင်းအောင် ဦးစီး ပူးပေါင်းအဖွဲ့က ဒီဇင်ဘာ ၃ ရက်တွင် အမြင့် နှစ်ပေခွဲခန့်ရှိ ဘိန်းစိုက်ခင်း ၁၈ ဧကခန့်၊ ငှက်ပျောပင်ကျေးရွာ အနောက်ဘက် တစ်မိုင်ခွဲခန့်အကွာ၌ နောင်တရားနယ်မြေရဲစခန်းမှ ရဲအုပ် မျိုးညွန့် ဦးစီး ပူးပေါင်းအဖွဲ့က အမြင့်နှစ်ပေခွဲခန့်ရှိ ဘိန်းစိုက်ခင်း ငါးဧကခန့်တို့ကို ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရှိရသည်။

အလားတူ ဖယ်ခုံမြို့နယ် လွယ်လုံကျေးရွာပါ နှစ်ရွာ၌ ဘိန်းစိုက်ခင်း ၁၈ ဒသမ ၅ ဧကခန့်၊ ဆီဆိုင်မြို့နယ် တီနားကျေးရွာပါ နှစ်ရွာ၌ ဘိန်းစိုက်ခင်း ၁၂ ဧကခန့်၊ ညောင်ရွှေမြို့နယ် ထိဝါးမူကျေးရွာပါသုံးရွာ၌ ဘိန်းစိုက်ခင်း ၅ ဒသမ ၇၅ ဧကခန့်တို့ကို ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**




# (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများ၏ လေ့ကျင့်နေမှုနှင့် ပြိုင်ပွဲကျင်းပမည့် အားကစားကွင်း/ရုံများကို ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၄**

(၁၉)ကြိမ်မြောက် အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစား သမားများ၏ လေ့ကျင့်နေမှုနှင့် ပြိုင်ပွဲ ကျင်းပမည့် အားကစားကွင်း/ရုံများကို ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းတွင် ကျန်းမာ ရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာမြလေးစိန် လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးသည် နေပြည်တော် ပျဉ်းမနား-တောင်ညိုလမ်း ရှိ ရိုးရာလှေနှင့် အနောက်တိုင်းလှေလှော် ပြိုင်ပွဲလက်ခံကျင်းပမည့် ငလိုက်ဆည်၌ ပြိုင်ပွဲလက်ခံကျင်းပရန်အတွက် လိုအပ် သည့် အထောက်အကူပစ္စည်းများ၊ ခေတ္တ နားနေဆောင်များ၊ ပြိုင်ပွဲဝင်ရန် လေ့ကျင့် လျက်ရှိသော မြန်မာ့လက်ရွေးစင် လှေလှော် အားကစားသမားများကို ကြည့်ရှုစစ်ဆေး၍ အားပေးစကား ပြောကြားသည်။

ထို့နောက် ပြေးခုန်ပစ်နှင့် ဘောလုံး ပြိုင်ပွဲလက်ခံကျင်းပမည့် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ မြန်မာ့လက်ရွေးစင် တက္ကသိုလ် အားကစားသမားများ လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျန်းမာရေး အထောက်အကူပြုအဖွဲ့နှင့် တားမြစ်ဆေးစစ်ဆေးရေး အဖွဲ့တို့ကို တွေ့ဆုံ၍ လိုအပ်သည်များကို ညှိနှိုင်း ပေါင်းစပ်ပေးသည်။

ဆက်လက်၍ ဝဏ္ဏသိဒ္ဓိရေကူး အားကစားရုံ၌ မြန်မာ့လက်ရွေးစင် တက္ကသိုလ် ရေကူးအားကစားသမားများ လေ့ကျင့်နေမှု၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)၌ ဝူရှူးအားကစားသမားများ လေ့ကျင့်နေမှုနှင့် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)၌ ဘော်လီဘောအားကစားသမား များ လေ့ကျင့်နေမှုတို့ကို ကြည့်ရှု၍ အားကစားသမားများကို အားပေးစကား များ ပြောကြားသည်။

ယင်းနောက် ဝဏ္ဏသိဒ္ဓိအားကစား ရုံ(C)၌ ကြက်တောင်နှင့် ကရာတေး အားကစားနည်း၊ တင်းနစ်အားကစားရုံနှင့် ဗိုဗီနမ်အားကစားရုံတို့၌ အားကစားနည်း အလိုက် လက်ခံကျင်းပရန် ပြင်ဆင်ထားရှိ မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြားပစ်အားကစားကွင်း၌ မြားပစ် အားကစားများ၏ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပြိုင်ပွဲဝင် ဧည့်သည်အားကစားသမားများ တည်းခိုနေထိုင်ရေးအတွက် ဟိုတယ်ဇုန်ရှိ ဟိုတယ်များ၌ ကြိုတင်ပြင်ဆင် ဆောင်ရွက်ပြီးစီးမှုများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

**သတင်းစဉ်**

# အကြိမ်(၃၀)မြောက် မသန်စွမ်း ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်မှ ကျင်းပပြုလုပ် မည့် အကြိမ်(၃၀)မြောက် မသန်စွမ်းသူများ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၉ ရက် နံနက် ၆ နာရီခွဲတွင် မင်္ဂလာဒုံတပ်မတော်ဂေါက်ကွင်း၌ ကျင်းပပြုလုပ်မည် ဖြစ်သည်။

မသန်စွမ်းဂေါက်သီးရိုက်အားကစားသမားများသည် ပြိုင်ပွဲဝင်အမည်စာရင်း ကို တစ်ဦးချင်းကျင်းပရေးကော်မတီ ဒုတိယဗိုလ်မှူးကြီး ဌေးအောင် ဖုန်း-၀၉၂၆၀၃၅၈၇၈၈ ၊ ဗိုလ်ကြီးစိန်ဝဏ် (ငြိမ်း) ဖုန်း-၀၉၄၅၀၀၃၅၇၉၄၊ ဗိုလ်ကြီး မင်းနိုင်ဦး (ငြိမ်း) ဖုန်း-၀၉၅၅၄၅၆၆၆ သို့ ဒီဇင်ဘာ ၇ ရက် နောက်ဆုံးထား ပေးပို့ကြရန်နှင့် ပြိုင်ပွဲဝင်အားကစားသမားများသည် ဒီဇင်ဘာ ၉ ရက် နံနက် ၆ နာရီအရောက် တပ်မတော်ဂေါက်ကွင်းသို့ လာရောက်ကြပါရန် နှိုးဆော်ထား ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

**● ကျောက်ဖုံးမှ**

ပိုက်ကျော်ခြင်းအဖွဲ့ချုပ်နာယက ဦးလှမြင့် ( ရဲမှူးကြီး- ငြိမ်း)၊ တပ်မတော် ပိုက်ကျော်ခြင်း ဆပ်ကော်မတီဥက္ကဋ္ဌ၊ ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်အောင်၊ ပြည်ထဲရေးအားကစားတာဝန်ခံ ဒုတိယ ရဲမှူး ကြည်ကြည်ဝေနှင့် တာဝန်ရှိပုဂ္ဂိုလ် များ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲအောင်နှင့် အတွင်းရေး မှူး ဦးထွဋ်ခိုင်နွယ်တို့က ဆုများအသီးသီး ချီးမြှင့်ပေးသည်။



ဆက်လက်ပြီး အမျိုးသမီးအလွတ် တန်း ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပထမ ဒိုင်းဆုရ First Action အသင်းအား ဒေါပုံမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ကလည်းကောင်း၊ အမျိုးသား လူသစ်တန်းပိုက်ကျော်ခြင်းပြိုင်ပွဲ၌ ပထမ ဒိုင်းဆုရ ကာကွယ်ရေး(က)အသင်းအား ဒုတိယရဲမှူးကြီး (ငြိမ်း) ဦးဝင်းမြင့်က လည်းကောင်း၊ အမျိုးသားအလွတ်တန်း ပိုက်ကျော်ခြင်းပြိုင်ပွဲ၌ ပထမဒိုင်းဆုရ ကာကွယ်ရေး(ဃ)အသင်းအား မြန်မာ နိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်နာယက ဦးလှမြင့်ကလည်းကောင်း၊ အမျိုးသား လက်ရွေးစင်တန်း ပိုက်ကျော်ခြင်းပြိုင်ပွဲ၌ ပထမဒိုင်းဆုရUPK အသင်းအား မြန်မာ နိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစိုးနိုင်ကလည်းကောင်း ဒိုင်းဆုကြီးများ အသီးသီး ချီးမြှင့်ပေးခဲ့သည်။ **(အပေါ်ပုံ)**

အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ပိုက်ကျော် ခြင်းပြိုင်ပွဲ၌ အမျိုးသမီးအလွတ်တန်း ပြိုင်ပွဲ၊ အမျိုးသားအလွတ်တန်းပြိုင်ပွဲ၊ အမျိုးသားလက်ရွေးစင်တန်းပြိုင်ပွဲများ တွင် ပထမဂုဏ်ပြုဆုငွေကျပ် ခုနစ်သိန်း၊ ဒုတိယဂုဏ်ပြုဆုငွေကျပ် ငါးသိန်း၊ တတိယဆုငွေကျပ် သုံးသိန်းနှင့် အမျိုး သား လူသစ်တန်းပြိုင်ပွဲတွင် ပထမဆုငွေ ကျပ် ငါးသိန်း၊ ဒုတိယဆု ငွေကျပ်သုံးသိန်း၊ တတိယဆုငွေကျပ် နှစ်သိန်းတို့အား ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနအသင်း များ၊ အားကစားနှင့် ကာယပညာ သိပ္ပံကျောင်းများမှ အသင်းများ၊ စုစုပေါင်းအသင်း ၈၀၊ အားကစားသမား ၃၈၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြ ကြောင်း သိရသည်။

**အေးကေလင်း၊ ဓာတ်ပုံ-ဗလစိုး**

**❋ ကျောက်ဖုံးမှ**

ထိုင်း၊ ဒီဇင်ဘာ ၈ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် ထပ်မံကစားရမည်ဖြစ်သည်။ ခြေစစ်ပွဲကို ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်စေမည်ဖြစ်ပြီး အမှတ်အများဆုံးရရှိသည့် သုံးသင်းမှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ခြေစစ်ပွဲကို ဇုန်လေးခုခွဲ၍ ကျင်းပလျက်ရှိပြီး အာဆီယံဇုန်၊ အလယ်ပိုင်းဇုန်နှင့် အနောက်အာရှဇုန်တို့မှ သုံးသင်းစီ၊ အရှေ့အာရှဇုန်မှ နှစ်သင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ပြီး နောက်ဆုံးအဆင့် ပြိုင်ပွဲကို အိမ်ရှင်အသင်းအပါအဝင် စုစုပေါင်း ၁၂ သင်းဖြင့် ကျင်းပမည်ဖြစ်သည်။

မြန်မာ ယူ-၂၀ ဖူဆယ်အသင်းသည် ယင်းခြေစစ်ပွဲအတွက် နှစ်လကျော် အချိန်ယူ ပြင်ဆင်ခဲ့ပြီး နည်းပြအဖြစ် ဦးဌေးမြင့်က ကိုင်တွယ်နေကာ ခြေစစ်ပွဲအကြိုပြင်ဆင်မှု အဖြစ် ထိုင်းနိုင်ငံ၌ တစ်ပတ်ကြိုတင်သွားရောက်လေ့ကျင့်ခဲ့သည်။ **ရဲရင့်ရှိန်း**

**❖ ကျောက်ဖုံးမှ**

ကစားနိုင်ခြင်းမရှိသော်လည်း နှစ်ဂိုးပြတ် အနိုင်ရကာ အဖွင့်လုခဲ့သည်။ အဖွင့်ပွဲဖြစ်သောကြောင့် နှစ်သင်းစလုံး ပုံစံကောင်းပြသနိုင်ခြင်းမရှိဘဲ ရုန်းကန်ခဲ့ရသည်။ အား/ကာ ဦးစီးဌာနအသင်းသည် ပွဲစကတည်းက ပိုဖိကစား နိုင်သော်လည်း တိုက်စစ်ကစားပုံ အမှားများသောကြောင့် ဂိုးရရန် ခက်ခက်ခဲခဲ ကစားခဲ့ရသည်။ ၁၂ မိနစ်တွင် အား/ကာ ဦးစီးဌာနအသင်း ဂိုးစရခဲ့ပြီး ကေဇင်မြင့်က ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂန္ဓမာအသင်းသည် ပြီးခဲ့သည့်ရာသီများထက် ကစားပုံပိုကောင်းလာသော်လည်း ရလဒ်ကောင်းရအောင် စွမ်းဆောင်နိုင်ခြင်း မရှိခဲ့ပေ။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားအားမြှင့်လာပြီး ၅၂ မိနစ်တွင် သဥ္ဇာချို က အား/ကာဦးစီးဌာနအသင်း အတွက် ဒုတိယအနိုင်ဂိုး သွင်းယူခဲ့သည်။ ပွဲစဉ် (၁) ဒုတိယနေ့ကို ဒီဇင်ဘာ ၅ ရက် **(ယနေ့)** ညနေ ၃ နာရီခွဲ တွင် အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး တက္ကသိုလ်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။ **ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- ချယ်လ်ဆီးနောက်ခံကစားသမား အက်စပီလီကျူတာသည် အသင်းနှင့်အတူ လေးနှစ်သက်တမ်းတိုးစာချုပ်တစ်ရပ် ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။
- ယူအီးအက်ဖ်အေ နေးရှင်းလိဂ်အကြိုဗိုလ်လုပွဲ မဲခွဲပွဲကို တနင်္လာနေ့က ကျင်းပခဲ့ရာ အင်္ဂလန်အသင်းသည် နယ်သာလန်အသင်းနှင့် လာမည့် ၂၀၁၉ ခုနှစ် ဇွန်လ ၆ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး အခြားသော အကြို ဗိုလ်လုပွဲစဉ်အဖြစ် အိမ်ရှင်ပေါ်တူဂီအသင်းသည် ဆွစ်ဇာလန်အသင်းနှင့် လာမည့်နှစ် ဇွန်လ ၅ ရက်တွင် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ နေးရှင်း လိဂ်၏ ဗိုလ်လုပွဲစဉ်ကို ဇွန်လ ၉ ရက်တွင် ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ် ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။
- ချယ်လ်ဆီးအသင်းသည် ဒေါ့မွန်အသင်းမှ အမေရိကန်တောင်ပံကစားသမား ပူလီဆစ် (၂၀နှစ်) အား ပထမဆုံးအကြိမ်ကမ်းလှမ်းမှုတစ်ရပ် ပြုလုပ်လိုက် ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ သို့သော် ဒေါ့မွန်အသင်းက ပေါင်သန်း ၇၀ တောင်းဆိုသွားဖွယ်ရှိနေကြောင်း သိရ သည်။
- စပိန်ကွင်းလယ်ကစားသမား ဘရာဟင်ဒေ့ဇ်သည် နည်းပြဂွါဒီယိုလာက ၎င်းအား အသင်းမှ ထွက်ခွာမသွားရန် ဖျောင်းဖျသော်လည်း မန်စီးတီး အသင်းမှ ထွက်ခွာပြီး ရီးရဲမက်ဒရစ်အသင်းထံသို့ ပြောင်းရွှေ့ကစားရန် သဘောတူလိုက်ကြောင်း သည်ဆန်း၏ ဖော်ပြချက်အရ သိရသည်။ ၎င်း၏ မန်စီးတီးအသင်းနှင့်စာချုပ်သက်တမ်းသည် လာမည့်နွေရာသီတွင် ကုန်ဆုံး မည်ဖြစ်သည်။
- ချယ်လ်ဆီး၊ အာဆင်နယ်နှင့် တော့တင်ဟမ်အသင်းတို့သည် ရီးရဲမက်ဒရစ် အသင်းမှ စပိန်ကွင်းလယ်တိုက်စစ်ကစားသမား အစ္စကို (၂၆နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သည်ဆန်း၏ ဖော်ပြချက်အရ သိရသည်။
- အဲဗာတန်အသင်းသည် အသင်းတွင် အငှားဖြင့်ကစားနေသော ဘာစီလိုနာ ကွင်းလယ်ကစားသမား ဂိုမက်ဇ် (၂၅နှစ်) ကို အသင်း၌ ၎င်း၏ အငှား စာချုပ်သက်တမ်းကုန်ဆုံးပါက အမြဲတမ်းခေါ်ယူစာချုပ်ချင်ကြောင်း ဗြိတိန် မီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။ **အောင်ဇော်**

# ၂၀၁၈ ခုနှစ် Ballon d'Or ဆု ရီးရဲမက်ဒရစ်အသင်းမှ လူကာမိုဒရစ်ရရှိ

ပြင်သစ်အားကစားမဂ္ဂဇင်းမှ ရွေးချယ် ချီးမြှင့်သည့် ၂၀၁၈ ခုနှစ် Ballon d'Or ဆုပေးပွဲကို ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ဒီဇင်ဘာ ၃ ရက်က ကျင်းပခဲ့ရာ ခရိုအေးရှား လက်ရွေးစင်အသင်း ခေါင်းဆောင် ရီးရဲမက်ဒရစ်အသင်းမှ လူကာမိုဒရစ် ရရှိခဲ့ကြောင်း သိရသည်။

Ballon d'Or ဆုပေးပွဲကို တစ်နှစ် တစ်ခါ ကျင်းပပြုလုပ်ခဲ့ရာ ဆယ်စုနှစ် တစ်စုကို စိုးမိုးထားသည့် မက်ဆီနှင့် စီရော်နယ်ဒိုတို့ကို ဖြတ်ကျော်ကာ ယခုနှစ်တွင် လူကာမိုဒရစ်က မဲအသာစီး ဖြင့် ရရှိခဲ့သည်။ ဆုချီးမြှင့်ပွဲတွင် ပထမ ဆုံး လူငယ်အကောင်းဆုံးကစားသမား ဆုကို ပြင်သစ်နှင့် ပီအက်စ်ဂျီ ကစား သမား အမ်ဘတ်ပီက ရရှိခဲ့ပြီး အမျိုး သမီး အကောင်းဆုံးကစားသမားဆုကို နော်ဝေနှင့် လိုင်ယွန်ကစားသမား အက်ဒါဟီဂျာဘတ်က ရရှိခဲ့သည်။ Ballon d'Or နောက်ဆုံးဆုပေးပွဲကို ကစားသမားလေးဦး ဆန်ခါတင် ရွေးချယ်ခဲ့ရာ မိုဒရစ်၊ စီရော်နယ်ဒို၊ ဂရေ့ဇ်မန်းနှင့် အမ်ဘတ်ပီတို့ ပါဝင်ခဲ့ပြီး မက်ဆီသည် အဆင့် ၅ တွင်သာ ရပ်တည်နိုင်ခဲ့ကာ ယင်းနောက်တွင် မိုဟာမတ်ဆာလက်၊ ဗာရာနီ၊ ဟာဇတ်၊ ဒီဘရိုင်းနှင့် ဟယ်ရီကိန်းတို့သည် ၁၀ ဦး စာရင်းတွင် ပါဝင်ခဲ့သည်။

မိုဒရစ်သည် ရီးရဲမက်ဒရစ်အသင်း ကို ချန်ပီယံလိဂ်ဖလား ရယူပေးနိုင်ခဲ့ သလို ကမ္ဘာ့ဖလားတွင်လည်း ခရို အေးရှားအသင်းကို ဗိုလ်လုပွဲအဆင့်ထိ ခေါ်ဆောင်ပေးနိုင်ခဲ့ရာ ၂၀၁၈ ခုနှစ် အတွက် ဖီဖာနှင့် ယူအီးအက်ဖ်အေတို့မှ ချီးမြှင့်ထားသည့် အကောင်းဆုံးကစား သမားဆုလည်း ရရှိထားသည်။ မိုဒရစ်



သည် Ballon d'Or ဆုကို ခရိုအေးရှား နိုင်ငံတွင် ပထမဆုံးရရှိသည့် ကစား သမားဖြစ်လာပြီး ရီးရဲမက်ဒရစ်အသင်း ၏ ခုနစ်ဦးမြောက်ရရှိသူဖြစ်သည်။ **သီဟ**

ဦးသာရင် ၏ လေငန်းဆေးပြား

နဂါးအမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် -TMR 001520 (0519)

လေဖြတ်၊ လေငန်းရောဂါ ကာကွယ်ကုသရန်နှင့် လေရောဂါများအတွက် သောက်သုံးနိုင်ပါသည်။

Certificate TH09/3125

Certificate TH06/3966

ISO 9001:2015 နှင့် GMP လက်မှတ်ရ ဦးသာရင်ဆေးတိုက် (၁၀/၂၀၁၇ တဆထလ(တိုး) ၁၀၉) အမှတ် ၁၃၀/၆၊ ငါးထပ်ကြီးဘုရားလမ်း၊ ရန်ကုန်မြို့မှထုတ်လုပ်သည်။

ကုံကော်ရိပ်

တက္ကသိုလ်ဝင်တန်း မြန်မာစာမေးခွန်းပုံစံသစ် ၆(ခ) အဆိုများ (၇၀) ပုဒ် ဒေါက်တာမင်းမော်သန့် ဒေါက်တာညီညီလှိုင်

တက္ကသိုလ်ဝင်တန်း မြန်မာစာမေးခွန်းပုံစံသစ် ၂(ခ) စာလုံးပေါင်းသတ်ပုံ ၆(ခ) အဆိုတစ်ခုပေး၍ ဆွေးနွေးစေခြင်း ဦးထွန်းသန်း(ပါမောက္ခ-ငြိမ်း)

တက္ကသိုလ်ဝင်တန်း ENGLISH ပြောင်းလဲလာသော မေးခွန်းပုံစံသစ်နှင့်အညီ ရေးသားပြုစုထားသော Unseen Passage and Multiple Choice Kyaw San Lin (The King's English)

တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာမေးခွန်းဟောင်း ၂၀၀၉ ခုနှစ်မှ ယခုနှစ်အထိ Essays & Letters များ 2009-2018 Old Questions Essays & Letters for Distinction Students UTT

တက္ကသိုလ်ဝင်တန်း "မေးခွန်းပုံစံသစ်အတွက်" ဘယ်ခေါင်းစဉ်အောက်မှာ ဘယ်လိုပုံစံနဲ့ မေးခွန်းတွေ မေးခဲ့သလဲ သိချင်ပါသလား။ တွက်ချက်မှုဆိုင်ရာ လေ့ကျင့်ခန်းတွေများများ လေ့ကျင့်လိုပါသလား ၂၀၀၂ ခုနှစ်မှ ယခုနှစ်အထိ စစ်ဆေးခဲ့သော ဘောဂဗေဒတွက်ချက်မှုများ ဦးလှသိန်း(ဘောဂဗေဒ)စီးပွားရေးတက္ကသိုလ်

Student's Review ပြောင်းလဲလာသော မေးခွန်းပုံစံသစ်နှင့်အညီ

Grade 10 English Workbook ကုံကော်ရိပ်စာတည်းအဖွဲ့

Grade 10 Mathematics Workbook ဦးမြင့်သန်း (တွဲဖက်ပါမောက္ခ-ငြိမ်း)

ကေရီစံစာပေ ● C/34 နေကြာသာယာကုန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ 09 - 73051114, 095129670, 09550 1154

## မြန်မာ့ရုပ်မြင်သံကြား

၅-၁၂-၂၀၁၈ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - ဥပဒေစကားဝိုင်း "ပြည်ထောင်စုရှေ့နေရုံးချုပ်နှင့် ဥပဒေရုံး အဆင့်ဆင့်ရှိ ဥပဒေအရာရှိများ၏ အခန်းကဏ္ဍ"
၁၀း၃၀ - "ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၈၈)
၁၅း၄၀ - "အနာဂတ်ရဲ့ကြယ်ပွင့်တွေ မကြွေလွင့်စေဖို့"

**ညပိုင်း**

၁၆း၃၅ - "မြန်မာ့ဂုဏ်ဆောင် ရှားပါးလင်းပိုင်များ"
၁၇း၂၀ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် "သမီးသမက် ခမည်းခမက်" (ပြေတီဦး၊ မိုးအောင်ရင်၊ ရဲအောင်၊ ခိုင်သင်းကြည်၊ တက္ကသိုလ် ဝွမ်းပုံ)၊ ဒါရိုက်တာ- ကိုဇော် (အရုဏ်ဦး)
၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "ဆေးရုံမှတ်တမ်း" (အပိုင်း- ၃၀)
၂၀း၀၀ - ပြည်တွင်းသတင်း
၂၀း၃၅ - "လည်ပတ်လေ့လာ နောင်ချိုမြို့ရဲ့ ကမ္ဘာကျော် အထင်ကရနေရာ"
- စမ်းချောင်းဆစ်ကွန့်၊ ဆစ်ကွန့်စမ်းချောင်း (အပိုင်း-၂၀) "WY နဲ့ ကျားယိမ်း"
- သုခုမသဘင်အငြိမ့်သဘင် "ဒီအငြိမ့်" မင်းသမီး-ရွှေရတီမိုးအိမ်၊ လူရွှင်တော်-အောင်ချစ်၊ ထက်လင်း၊ အေးချမ်း) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
- နိုင်ငံခြားဇာတ်လမ်းတွဲ "အိမ်ကြီးသခင်" (အပိုင်း-၁၇)

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၄**

ကံမော်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁ ရက် ည ၁၀ နာရီခွဲက ကျွန်းစုမြို့နယ် စခန်းသစ်ကျေးရွာနေ တင့်နိုင်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်ဧည့်ခန်းရှိ ရေခဲပုံးအတွင်းမှ ဘိန်းစာမှုန့် ၆၀ ကီလိုကိုလည်းကောင်း။

အလားတူ ယနေ့နံနက် ၁ နာရီက မူးယစ်တပ်ဖွဲ့စု(၁၇)မန္တလေး (မြောက်ပိုင်း) မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် (၁၆) မိုင်ကျောက်ချော စစ်ဆေးရေးစခန်းတွင် ခရီးသည်တင် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ထိုင်ခုံအမှတ်(၁၉၊၂၀)တွင် မဥမ္မာနှင့် အောင်လွင်တို့ နှစ်ဦး၏ စက္ကူပုံးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၉၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို လည်းကောင်း။

ဒီဇင်ဘာ ၃ ရက် ညနေ ၆နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၄၂)ရန်ကုန်(အနောက်) မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အင်းစိန်မြို့နယ် တညင်းကုန်း ရပ်ကွက် အမှတ်(၁၀)နယ်မြေ ရွာလယ်လမ်း အမှတ် (မ/၁၀/၅၀-ဂ) နေ မျိုးဟိန်း (ခ) တုတ်ပေါ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ အောင်သက်ဖြိုး (ခ) သံချောင်းကို တွေ့ရှိရပြီး နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ညနေ ၅ နာရီခန့်က ကွတ်ခိုင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွတ်ခိုင်မြို့နယ် ခိုလုံကျေးရွာအနီး ကောင်းခါးသွားလမ်းတွင် လောက်လူ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၁၀၀ ကို လည်းကောင်း။

အလားတူ ဒီဇင်ဘာ ၃ ရက် ညနေ ၃နာရီခွဲခန့်က လှိုင်လင်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွန်ဟိန်းမြို့နယ် တာကော်တံတားအနီးရှိ စားသောက်ဆိုင်ရှေ့တွင် ထွန်းထွန်းမင်း မောင်းနှင်လာသည့် နစ်ဆန်း ၁၂ ဘီးမော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ အိုက်စ် ၃၀ ကီလိုကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**



တင့်နိုင်အား ဖမ်းဆီးရမိသည့် ဘိန်းစာမှုန့်များနှင့်အတူ တွေ့ရစဉ်။

# ရေပူစစ်ဆေးရေးအဖွဲ့ ယာဉ်စစ်ဆေးစဉ် ကျွန်းနှင့်ပိတောက်ခွဲသားများဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၃ ရက်တွင် မန္တလေး- မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၅၅၆ စီး၊ သွင်းကုန် ၄၉၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက်ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၆ စီး၊ သွင်းကုန် ၁၈၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၅၂၉ သန်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၈၈ သန်း၊ စုစုပေါင်း တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၄၀၉ သန်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဒီဇင်ဘာ ၃ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ရှောင်တခင်စစ်ဆေးမှုများဆောင်ရွက်စဉ် ကျွန်းတောကျေးရွာအနီး ၁၉၃ မိုင်ခန့်တွင် ရပ်တန့်ထားသော တိုယိုတာကရောင်းယာဉ်တစ်စီးအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် ကျွန်းခွဲသား ၀ ဒသမ ၀၇၈၈ တန်၊ ပိတောက်ခွဲသား ၀ ဒသမ ၄၃၁ တန်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၅၂၉ သန်း စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရွှေသောင်ယံမြို့ရပ်ကွက်(၁)အုပ်ချုပ်ရေးမှူးအိမ် ကျပ်သိန်း ၆၀၀ ဖိုးခန့် ဖောက်ထွင်းခိုးယူမှုဖြစ်

**ရွှေသောင်ယံ ဒီဇင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံရပ်ကွက်(၁)အုပ်ချုပ်ရေးမှူးအိမ်ကို ဒီဇင်ဘာ ၄ ရက် နံနက် ၄ နာရီက ငွေ၊ စိန်နှင့် ရွှေထည်ပစ္စည်းများ စုစုပေါင်းငွေကျပ်သိန်း ၆၀၀ ဖိုးခန့်ဖောက်ထွင်းခိုးယူခံရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရပ်ကွက် (၁) အုပ်ချုပ်ရေးမှူး ဇနီးနှင့် အသိဒရိုင်ဘာတစ်ဦးတို့သည် ဒီဇင်ဘာ ၄ ရက် နံနက် ၁ နာရီက ခရီးသွားရာမှ ကိုယ်ပိုင်ယာဉ်ဖြင့် နေအိမ်သို့ပြန်လည်ရောက်ရှိပြီး နံနက် ၂ နာရီမှ ၄ နာရီခန့်၌ ၎င်းတို့သုံးဦးနေအိမ်၌ အိပ်မောကျနေစဉ် ဖောက်ထွင်းခိုးယူမှုဖြစ်ပွားသည်ဟု သိရသည်။

အဆိုပါ ငွေနှင့်စိန်၊ ရွှေထည်ပစ္စည်းများ ဖောက်ထွင်းခိုးယူခံရမှုနှင့် ပတ်သက်၍ ရွှေသောင်ယံနယ်မြေရဲစခန်းသို့ ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းက ရပ်ကွက်အုပ်ချုပ်ရေးမှူးက သွားရောက်တိုင်တန်းထားပြီး ရွှေသောင်ယံနယ်မြေရဲစခန်းနှင့် ပုသိမ်မြို့နယ်ရဲမှူးခင်မောင်စိုးတို့က ပြစ်မှုကျူးလွန်သူအား အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် စုံစမ်းလျက်ရှိကြောင်း သိရသည်။

**ကိုကိုမောင်(ပြန်/ဆက်)**

# အလုံမြို့နယ် ကမ်းနားလမ်းသစ်(ကျောက်လမ်း)တွင် ယာဉ်တိုက်မှုဖြစ်

**ရန်ကုန် ဒီဇင်ဘာ ၄**

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ဘက်မှ ကြည့်မြင်တိုင် မြို့နယ်ဘက်သို့ ယာဉ်မောင်း စိုးထွဋ်ဝင်း မောင်းနှင်လာသော 4N/--- ဟွန်ဒိုင်း ကွန်တိန်နာယာဉ်သည် ဒီဇင်ဘာ ၃ ရက် ည ၁၀ နာရီခွဲက အလုံမြို့နယ် စောရန်ပိုင် အနောက် ရပ်ကွက် ကမ်းနားလမ်းသစ် ကျောက်လမ်း ထော်လီကွေ့ရှေ့အရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးတွင် ညအိပ်ရပ်နားထားသော N/--- ကွန်တိန်နာ ၁၀ ဘီးယာဉ်ကို ဝင်ရောက်တိုက်မိပြီး ယင်းမှတစ်ဆင့် ရှေ့တွင်ညအိပ်ရပ်နားထားသော 9G/--- ဟီးနိုး ကွန်တိန်နာယာဉ်ကို ထပ်ဆင့်တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ကွန်တိန်နာ ၁၀ ဘီးယာဉ်ပေါ်ပါ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်နှစ်ဦးမှာ ထိခိုက်ဒဏ်ရာအနည်းငယ်ရရှိသဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ခဲ့ကြောင်း သိရသည်။

**တင်မောင်ဦး (အလုံ)**



# အိုပက်အဖွဲ့မှ ကာတာနုတ်ထွက်မည့် ဆုံးဖြတ်ချက် နိုင်ငံရေးကြောင့်မဟုတ်ကြောင်း ကာတာစွမ်းအင်ဝန်ကြီးပြော

**ဒိုဟာ ဒီဇင်ဘာ ၄**

အိုပက်အဖွဲ့မှ နုတ်ထွက်မည့် ဆုံးဖြတ်ချက်သည် နိုင်ငံရေးကြောင့် မဟုတ်ကြောင်း စွမ်းအင်ဝန်ကြီး အယ်လ်ခါဘီက ငြင်းဆန်သွားခဲ့သည်။

အယ်အင်န်ဂျီဓာတ်ငွေ့ရည် ထုတ်လုပ်မှုကို ပိုပြီးအာရုံစိုက်နိုင်ရန်အတွက် အိုပက်အဖွဲ့မှ နုတ်ထွက်ခြင်းဖြစ်ကြောင်းလည်း စွမ်းအင်ဝန်ကြီး ဆာ့ဒ် ရှာရီဒါ အယ်လ်ခါဘီကမြို့တော် ဒိုဟာ၌ မျှော်လင့်မထားဘဲ ကြေညာခဲ့ခြင်းဖြစ်သည်။

ကမ္ဘာတွင် အယ်လ်အင်န်ဂျီဓာတ်ငွေ့ရည် အများဆုံး ထုတ်လုပ်နေသည့် ကာတာနိုင်ငံက တစ်နှစ် ဓာတ်ငွေ့ရည်တန်ချိန် ၇၇ သန်း ထုတ်လုပ်ရောင်းချရာမှ တန်ချိန် ၁၁၀ အထိ တိုးမြှင့်တင်ပို့သွားရန် ရည်ရွယ်ထားကြောင်း စွမ်းအင်ဝန်ကြီးက သတင်းထောက်များကို ပြောခဲ့သည်။

ရေနံထုတ်လုပ်မှုကို တစ်နေ့လျှင် ရေနံစည် ၄ ဒသမ ၈ သန်းမှ ၆ သန်းခွဲအထိ တိုးမြှင့်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။



ကာတာစွမ်းအင်ဝန်ကြီး ဆာအက်ဘင်ရှီရီဒါ အယ်လ်ခါဘီ

ရေနံနှင့် သဘာဝဓာတ်ငွေ့ ကြွယ်ဝသည့် ကာတာနိုင်ငံသည် အိုပက်အဖွဲ့အတွင်း ဩဇာညောင်းလေ့ရှိသည့် ဆော်ဒီအာရေဗျနိုင်ငံနှင့် သံတမန်ဆက်ဆံရေး မပြေလည်ချိန်နှင့် အိုပက်အဖွဲ့မှ နုတ်ထွက်မည့်အချိန်တို့ တိုက်ဆိုင်နေကြောင်း သိရသည်။

အထူးသဖြင့် အိုပက်အဖွဲ့တွင် ထိပ်ဆုံးနိုင်ငံ သို့မဟုတ် ဩဇာညောင်းသည်ဟု ဆိုရမည့် ဆော်ဒီအာရေဗျနှင့် အခြားအာရပ်သုံးနိုင်ငံက ၂၀၁၇ခုနှစ် ဇွန်လမှစကာ ကာတာနိုင်ငံအပေါ် နိုင်ငံရေးနှင့် စီးပွားရေးအရ သပိတ်မှောက်ခဲ့မှုနှင့် သက်ဆိုင်ခြင်း မရှိကြောင်း စွမ်းအင်ဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

သို့သော်လည်း အိုပက်အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့် ကာတာနိုင်ငံသည် ကြာသပတေးနေ့နှင့် သောကြာနေ့များတွင် ကျင်းပမည့် အိုပက်စည်းဝေးပွဲများကို တက်ရောက်မည်ဖြစ်ကြောင်း၊ ပေးထားသောကတိများကိုလည်း ကျေပွန်စွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့အတူ ရုရှားနှင့် ဆော်ဒီအာရေဗျနိုင်ငံကြား ရေနံထုတ်လုပ်မှု လျှော့ချရန် သဘောတူညီချက်ကို ထပ်မံသက်တမ်းတိုးလိုက်သည့်အတွက် ယမန်နေ့က ရေနံဈေးများမြင့်တက်သွားခဲ့သည်။ **အေအက်ဖ်ပီ**

## နေတိုးစည်းဝေးပွဲ၌ ရုရှား-ယူကရိန်းအရေး ဆွေးနွေး

**ဘရပ်ဆဲလ် ဒီဇင်ဘာ ၄**

ဒီဇင်ဘာ ၄ ရက်က ကျင်းပခဲ့သည့် နေတိုးအဖွဲ့အစည်းအဝေးတွင် ရုရှားနိုင်ငံက ဖမ်းထားသည့် ယူကရိန်း ရေတပ်သင်္ဘောများနှင့် ပတ်သက်သည့် ကိစ္စကို ဦးစားပေး ဆွေးနွေးသွားခဲ့သည်။

နေတိုးအစည်းအဝေးကို ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ နှစ်ရက်ကြာ ကျင်းပမည်ဖြစ်သည်။ အဆိုပါ နေတိုးအဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီးများ ဆွေးနွေးပွဲသို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအို တက်ရောက်မည်ဖြစ်သည်။

ထို့အတူ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် စစ်ရေးဆိုင်ရာ အသုံးစရိတ်ကို ပိုမို ထည့်ဝင်သုံးစွဲ၍ အမေရိကန်နိုင်ငံ၏ တောင်းဆိုမှုများကိုလည်း ဆွေးနွေးမည်ဖြစ်သည်။

ရုရှားသိမ်းပိုက်ထားသည့် ယူကရိန်းတောင်ပိုင်း ခရိုင်းမီးယားဒေသ ကမ်းလွန်ကာ့ချ်ရေလက်ကြားတွင် ယူကရိန်းရေတပ်သင်္ဘောနှစ်စင်းကို ရုရှားက ပစ်ခတ်မှုများ လုပ်ဆောင်ခဲ့ပြီး ဆွဲသင်္ဘောတစ်စင်းကိုလည်း ဝင်တိုက်ခဲ့ပြီးနောက် နှစ်နိုင်ငံကြား စစ်ပွဲဖြစ်ပွားနိုင်သည်အထိ အခြေအနေ တင်းမာခဲ့သည်။ သင်္ဘောများအပြင် သင်္ဘောသား ၂၃ ဦးကိုလည်း ရုရှားနိုင်ငံက ဖမ်းဆီးထားသည်။

ရုရှားနိုင်ငံက အဇော့ဗ်ပင်လယ်ပြင်တွင် ယူကရိန်းဘက်က ရန်စလုပ်သည့် လုပ်ရပ်ဖြစ်ကြောင်း ပြစ်တင်ပြောကြားခဲ့သည်။

ရုရှား၏လုပ်ရပ်အပေါ် သင့်တော်သည့် တုံ့ပြန်ဆောင်ရွက်မှုများ လုပ်ဆောင်သွားရန် သမ္မတပိုရိုရှန်ကိုက နေတိုးမဟာမိတ်နိုင်ငံများအပေါ် တောင်းဆိုထားကြောင်း သိရသည်။ **အေအက်ဖ်ပီ**




နေတိုးအဖွဲ့အတွင်းရေးမှူးချုပ် ဂျင်စ်စတိုတန်ဘာ့ဂ်

## တူရကီမြို့တော်၌ ဓာတ်ငွေ့ပေါက်ကွဲမှုကြောင့် ခုနစ်ဦး ဒဏ်ရာရ




ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာသို့ ကယ်ဆယ်ရေးအဖွဲ့များနှင့် ရဲများရောက်ရှိနေစဉ်။

**အန်ကာရာ ဒီဇင်ဘာ ၄**

တူရကီနိုင်ငံ အန်ကာရာမြို့တော် အစွန်အဖျားတွင် တနင်္လာနေ့က သဘာဝဓာတ်ငွေ့ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ခုနစ်ဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ကိုးထပ်အဆောက်အအုံတစ်ခု ပျက်စီးသွားခဲ့ကြောင်း တူရကီကျန်းမာရေးဝန်ကြီးက ပြောကြားခဲ့သည်။

ဒေသသတင်းအေဂျင်စီတစ်ခုဖြစ်သည့် ဒိုဂန်သတင်းအေဂျင်စီက ဓာတ်ငွေ့ပေါက်ကွဲမှုသည် အန်ကာရာရှိ ကီဇီလေးခရိုင်တွင်ရှိသည့် အဆောက်အအုံတစ်ခု၏ မြေညီထပ်၌ ဒေသစံတော်ချိန် နံနက် ၆ နာရီ ၄၄ မိနစ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆောက်အအုံ၏ ပြတင်းပေါက်များနှင့် ဝင်ပေါက်များမှာ ပြင်းထန်သည့် ပေါက်ကွဲမှုအရှိန်ကြောင့် ပျက်စီးသွားခဲ့သည်ကို ရုပ်သံတွင် တွေ့ရသည်။ အခင်းဖြစ်ပွားရာသို့ လူနာတင်ယာဉ်များနှင့် ကယ်ဆယ်ရေးအဖွဲ့များစွာတို့ ရောက်ရှိလာခဲ့သည်။ **ဆင်ဟွာ**

## ဂါဇာမြောက်ပိုင်း၌ အစ္စရေးတပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲများ ဖြစ်ပွားမှုကြောင့် ပါလက်စတိုင်းပြည်သူများထိခိုက်ဒဏ်ရာရ

**ဂါဇာ ဒီဇင်ဘာ ၄**

အစ္စရေးနှင့် နယ်နိမိတ်ထိစပ်နေသည့် ဂါဇာကမ်းမြောင်ဒေသ မြောက်ပိုင်းတွင် တနင်္လာနေ့ ညနေပိုင်းက အစ္စရေးတပ်ဖွဲ့ဝင်များနှင့် ဖြစ်ပွားသည့် တိုက်ခိုက်မှုများအတွင်း ပါလက်စတိုင်း ပြည်သူလေးဦး သေနတ်ထိမှန်ကာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ဂါဇာရှိ ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အက်ရှရက်ဖ် အယ်ကွိဒရာက ပါလက်စတိုင်း ပြည်သူလေးဦး ထိမှန်ဒဏ်ရာရရှိခဲ့ပြီး ဂါဇာမြောက်ပိုင်းရှိ ဆေးရုံတစ်ရုံသို့ ရွှေ့ပြောင်းခဲ့ရကြောင်း သတင်းထောက်များသို့ ပြောကြားခဲ့သည်။

ဒေသမီဒီယာနှင့် မျက်မြင်သက်သေများ၏ ပြောပြချက်အရ ပြည်သူအများအပြားတို့သည် အစ္စရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်လိုက်သည့် ဓာတ်ငွေ့များကြောင့် အသက်ရှူမဝသည့် ဝေဒနာကို ခံစားခဲ့ရကြောင်း သိရသည်။

Great March of Return အမည်ရှိ လူထုစုဝေးချီတက်မှုကြီး မတ် ၃၀ ရက်တွင် စတင်ခဲ့ပြီး နောက်ပိုင်း အပတ်စဉ် တနင်္လာနှင့် သောကြာနေ့ ကျရောက်တိုင်း ဆန္ဒပြပွဲများပေါ်ပေါက်ခဲ့သည်

ဆန္ဒပြမှုများသည် ၂၀၀၇ ခုနှစ်ကတည်းက ဂါဇာဒေသကို အစ္စရေးတို့ဘက်မှ ပိတ်ဆို့ထားခဲ့မှုများကို ဖယ်ရှားပေးရန်တောင်းဆိုသည့် လူထုစုဝေးချီတက်မှုများဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ပြောကြားချက်အရ ပါလက်စတိုင်းပြည်သူ ၂၂၃ဦးထက်မနည်းတို့မှာ လူထုစုဝေးချီတက်မှုများအတွင်း သေဆုံးခဲ့ရပြီး ထိခိုက်ဒဏ်ရာရရှိသူ ၂၄၀၀၀ ခန့်ရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**



ပါလက်စတိုင်း ဆေးအဖွဲ့သားများက နယ်စပ်အနီးတွင် ဒဏ်ရာရရှိခဲ့သည့် အမျိုးသားတစ်ဦးကို သယ်ဆောင်လာစဉ်။

နိုင်ငံတကာ သတင်းတိုထွာ

## လာမည့် ၂၀၁၉တွင် အိုပက်အဖွဲ့မှ ကာတာနုတ်ထွက်မည်

**ဒိုဟာ ဒီဇင်ဘာ ၄**

ဓာတ်ငွေ့ထုတ်လုပ်မှုကို အလေးပေးရန်အတွက် ပင်လယ်ကွေ့နိုင်ငံတစ်ခုဖြစ်သည့် ကာတာနိုင်ငံသည် လာမည့်လတွင် အိုပက်အဖွဲ့မှ နုတ်ထွက်တော့မည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီး ဆာအက်ဒ် အယ်လ် ကာဘီက တနင်္လာနေ့တွင် ကြေညာခဲ့သည်။

ကာတာသည် ၂၀၁၉ခုနှစ် ဇန်နဝါရီလတွင် ရေနံတင်ပို့မှုနိုင်ငံများအဖွဲ့ အိုပက်အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ရန် ဆုံးဖြတ်လိုက်ကြောင်း သိရသည်။

ကာတာနိုင်ငံသည် ရေနံများကို ဆက်လက် ထုတ်လုပ်နေမည်ဖြစ်ကြောင်း၊ သို့သော်လည်း ဓာတ်ငွေ့ထုတ်လုပ်မှုကို ပိုမိုအာရုံစူးစိုက်သွားမည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးက ဖြည့်စွက်ပြောကြားခဲ့သည်။ ကာတာနိုင်ငံသည် ကမ္ဘာပေါ်တွင် သဘာဝဓာတ်ငွေ့တင်ပို့မှု အများဆုံး နိုင်ငံတစ်ခုဖြစ်သည်။

ရေနံထုတ်လုပ်မှုအပိုင်းတွင် မိမိတို့အနေဖြင့် အလားအလာကြီးကြီးမားမားမရှိကြောင်းနှင့် ဓာတ်ငွေ့ထုတ်လုပ်မှုသာလျှင် အလားအလာရှိကြောင်း ၎င်းကပြောသည်။ ကာတာနိုင်ငံသည် ၁၉၆၁ ခုနှစ်တွင် အိုပက်အဖွဲ့သို့ ဝင်ရောက်ခဲ့သည်။ **အေအက်ဖ်ပီ**

## ပြင်သစ်သမ္မတ ဆန္ဒပြသူများအရေး ဖြေရှင်းရန် အရေးပေါ်အစည်းအဝေးထိုင်

**ပါရီ ဒီဇင်ဘာ ၄**

ပြင်သစ်နိုင်ငံ ပါရီမြို့အပါအဝင် နိုင်ငံတစ်ဝန်း သီတင်းပတ် သုံးပတ်ဆက်တိုက် ဆန္ဒပြနေကြသည့် ကုတ်အကျႌအဝါဝတ် ဆန္ဒပြသူများကို မည်သို့အကောင်းဆုံး ကိုင်တွယ်ဖြေရှင်းမလဲဆိုသည့် ကိစ္စနှင့် ပတ်သက်ပြီး ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်၊ ပြင်သစ်ဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးတို့ အရေးပေါ်အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ကြသည်။

ပါရီမြို့တွင် မကြာသေးမီက ဖြစ်ပွားခဲ့သည့် ဆန္ဒပြပွဲများအတွင်း ဆန္ဒပြသူများသည် ပြတင်းပေါက်များရိုက်ခွဲပြီး စတိုးဆိုင်များကိုလည်း လုယက်ခဲ့ကြောင်း၊ ထို့အတူ Arc de Triomphe အဝင်မုခ်ဦးကိုလည်း ဆေးများနှင့် ဖျန်းမှုတ်ခဲ့သောကြောင့် အဓိကရုဏ်းအသွင်သို့ ဆောင်လာခဲ့ကြောင်း သိရသည်။

ယမန်နေ့က ဖြစ်ပွားသော ဆန္ဒပြပွဲများတွင် ရဲတပ်ဖွဲ့ဝင် ၂၃ ဦးအပါအဝင် ၁၃၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်းနှင့် လူပေါင်း ၄၁၂ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။ ပါရီမြို့အပါအဝင် နိုင်ငံတစ်ဝန်း ဆန္ဒပြသူများသည် စုစုပေါင်း လူပေါင်း ၃၆၀၀၀ ကျော်ခန့်ရှိကြောင်း ပြင်သစ်ဝန်ကြီးချုပ် အက်ဒွပ်ဖီလီက ပြောသည်။

ဆန္ဒပြသူများကို အစိုးရနှင့်ဆွေးနွေးရန် အစိုးရပြောခွင့်ရ ပုဂ္ဂိုလ်က မကြာသေးမီက ပြောကြားလိုက်သည်။ ပြင်သစ်နိုင်ငံတစ်ဝန်း စက်သုံးဆီအပါအဝင် အခွန်တိုးမြှင့်ကောက်ခံမှုကို မကျေနပ်သည့်အတွက် ယခုလိုဆန္ဒပြပွဲများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ **အေအက်ဖ်ပီ**

# ၂၀၁၈ နှစ်ကုန်ပိုင်းမှာ ကြွေလွင့်သွားသော ကြယ်တစ်ပွင့်

**■ ဖြိုးစန္ဒီနွေး ■**

ပြီးခဲ့တဲ့စနေနေ့မှာတော့ အမေရိကန်တစ်လွှားမှာ အလံတွေကို တိုင်ဝက်လွှင့်ထူထားတာကို တွေ့ရပါတယ်။ ဒါကတော့အသက် ၉၄ နှစ်အရွယ်မှာ ကွယ်လွန်သွားပြီဖြစ်တဲ့အမေရိကန်သမ္မတဟောင်း ဂျော့ဂ်ျအိတ်ချ်ဒဗလျူဘုရှ်အတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ်ပွဲကို ပြုလုပ်ဖို့အတွက် ပြင်ဆင်နေကြတာပါ။



တက္ကဆက်ပြည်နယ်ရှိ ဂျော့ဂ်ျအိတ်ချ်ဒဗလျူဘုရှ် ရုပ်တုအောက်တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ် ပန်းစည်းနှင့် ဖယောင်းတိုင်များလာရောက်ထွန်းညှိထားသည်ကို တွေ့ရစဉ်။

### ၄၁ ယောက်မြောက် သမ္မတကွယ်လွန်

အမေရိကန်သမ္မတဟောင်း ဂျော့ဂ်ျအိတ်ချ်ဒဗလျူဘုရှ်ရဲ့ အောက်မေ့ ဂုဏ်ပြုပွဲအခမ်းအနားကိုတော့ သူ့ရဲ့ နေအိမ်ရှိရာ တက္ကဆက်ပြည်နယ်မှာပဲ ပြုလုပ်သွားမှာဖြစ်ပါတယ်။ အမေရိကန်ရဲ့ ၄၁ ယောက်မြောက် သမ္မတဖြစ်တဲ့ ဂျော့ဂ်ျအိတ်ချ်ဒဗလျူကွယ်လွန်ခဲ့တဲ့အတွက် ကမ္ဘာတစ်ဝန်းက ဝမ်းနည်းကြောင်း သဝဏ်လွှာတွေဟာလည်း တဖွဲဖွဲ ရောက်ရှိလို့လာခဲ့ပါတယ်။ သမ္မတဟောင်းဘုရှ်ဟာ စစ်အေးကာလ အဆုံးသတ်မှာ အမေရိကန်ကို ထိန်းကျောင်းသွားခဲ့တဲ့ သမ္မတတစ်ဦးဖြစ်သလို အီရတ်က ဆက်ဒမ်ဟူစိန်ရဲ့တပ်ဖွဲ့တွေ ကူဝိတ်ကို ကျူးကျော်မှုကနေ မောင်းထုတ်ပစ်ဖို့လည်း အပြည်ပြည်ဆိုင်ရာရဲ့ အာရုံစူးစိုက်မှုရအောင် စွမ်းဆောင်နိုင်ခဲ့တဲ့ပုဂ္ဂိုလ်လည်း ဖြစ်ပါတယ်။

လာမယ့်သီတင်းပတ်မှာ ပြုလုပ်မယ့် ဘုရှ်ရဲ့ အသုဘအခမ်းအနားကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဇနီးဖြစ်သူ မယ်လာနီယာတို့နှင့်အတူ ကမ္ဘာ့အရပ်ရပ်က ခေါင်းဆောင်တွေ တက်ရောက်ကြလိမ့်မယ်လို့လည်း ယူဆရပါတယ်။ သမ္မတ ထရမ့်ဟာ ဘုရှ်ရဲ့ဇနီးဖြစ်သူဘာဘရာဘုရှ်နဲ့ အမေရိကန်အထက် လွှတ်တော်အမတ် ဂျွန်မက်ကိန်းတို့ရဲ့ ဈာပနအခမ်းအနားကိုတော့ တက်ရောက်ခဲ့ခြင်း မရှိပါဘူး။

### သမ္မတထရမ့်၏ ချီးကျူးစကား

လက်ရှိသမ္မတ ထရမ့်ရော၊ ကွယ်လွန်သွားပြီဖြစ်တဲ့ သမ္မတဟောင်းဘုရှ်ပါ သဘောထားအမြင်ချင်း ဆန့်ကျင်တာတွေရှိပေမယ့် ထရမ့်ဟာ သမ္မတဟောင်းဘုရှ်အတွက် ချီးကျူးဂုဏ်ပြုစကားပြောခဲ့ပါတယ်။ ဘုရှ်ဟာ အနာဂတ် အမေရိကန်မျိုးဆက်သစ်တွေအတွက် နိုးကြားတက်ကြွစေသောသူ၊ သူ့ရဲ့ လုပ်ဆောင်မှုတိုင်းဟာ အစကနေ အဆုံးအထိ ကောင်းမွန်မြင့်မြတ်တယ်လို့ တွစ်တာပေါ်မှာရေးသားခဲ့ပါတယ်။ ဒီဇင်ဘာ ၅ ရက်မှာတော့ ပြည်နယ်အစိုးရနဲ့ နယူးယောက် စတော့အိတ်ချိန်းတို့ဟာ ဘုရှ်အတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ်အနေနဲ့ ပိတ်ထားမှာဖြစ်ပြီး သမ္မတ ထရမ့်ဟာလည်း ဗျူနိုအေရိစ်မြို့မှာ ပြုလုပ်တဲ့ ဂျီ-၂၀ထိပ်သီးအစည်းအဝေးမှာပြုလုပ်မယ့် သတင်းစာရှင်းလင်းပွဲကိုလည်း ဖျက်သိမ်းလိုက်ခြင်းအားဖြင့် သူ့ရဲ့ အလေးအနက်ထားမှုကို ဖော်ပြခဲ့ပါတယ်။

### နောက်ဆုံးနှုတ်ဆက်ပွဲ

သမ္မတဟောင်း ဘုရှ်အတွက် နောက်ဆုံးနှုတ်ဆက်ပွဲကိုတော့ သူကွယ်လွန်ခဲ့ရာနေရာဖြစ်တဲ့ တက္ကဆက်ပြည်နယ် ဟူစတန်မြို့မှာ တနင်္လာနေ့ကစပြီး ပြုလုပ်ခဲ့ပါတယ်။ သမ္မတဟောင်းဘုရှ်ဟာ ဟူစတန်မြို့မှာ သောကြာနေ့က သူကွယ်လွန်ခဲ့တဲ့အချိန်အထိ အချိန်အတော်ကြာ နေထိုင်ခဲ့ပါတယ်။ သူသေဆုံးချိန်မှာတော့ ဘေးမှာ မိသားစုနှင့်မိတ်ဆွေတွေ ရှိနေခဲ့ပါတယ်။

### နိုင်ငံတော်အဆင့် ဈာပနအခမ်းအနား

အဲဒီနောက်မှာတော့ ဘုရှ်ရဲ့ ခေါင်းတလားကို သမ္မတရဲ့ လေယာဉ်နဲ့ ဝါရှင်တန်ကိုသယ်ဆောင်မှာပါ။ ဝါရှင်တန်မှာ သမ္မတဟောင်း ဘုရှ်အတွက် အထူးချီးကျူးဂုဏ်ပြုပွဲ ပြုလုပ်ဦးမှာပါ။ သမ္မတဟောင်းဘုရှ်ရဲ့ရုပ်အလောင်းကို အမေရိကန်မြို့တော် ဝါရှင်တန်မှာ တနင်္လာနေ့ကနေ ဗုဒ္ဓဟူးနေ့အထိ ထားရှိထားမှာပဲဖြစ်ပါတယ်။ အဲဒီမှာပဲ နိုင်ငံတော်အဆင့် ဈာပနပွဲကို ကျင်းပမှာဖြစ်ပြီး ကမ္ဘာအရပ်ရပ်က ဂုဏ်သရေရှိ နိုင်ငံ့ခေါင်းဆောင်တွေ တက်ရောက်လိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ အဲဒီနောက်မှာတော့ သမ္မတဟောင်းဘုရှ်ရဲ့ ရုပ်အလောင်းကို တက္ကဆက်ပြည်နယ်ကို ပြန်ပို့မှာပဲ ဖြစ်ပါတယ်။ သမ္မတ ဂျော့ဘုရှ် စာကြည့်တိုက်မှာ မြှုပ်နှံမှာပဲ ဖြစ်ပါတယ်။ စနေနေ့မှာတော့ ပြည်သူတွေဟာ သမ္မတ စာကြည့်တိုက်ကိုလာရောက်ပြီး သမ္မတဟောင်းဘုရှ်ရဲ့ ရုပ်တုအောက်မှာ ပန်းစည်းတွေချတာ၊ မီးထွန်းတာတွေပြုလုပ်ခဲ့ကြပါတယ်။

### မှတ်တမ်းဝင်စေသူ

သမ္မတဟောင်း ဂျော့ဟားဘတ် ဝေါ့ကာဘုရှ်ဟာ သမ္မတ မဖြစ်ခင်တုန်းက သံတမန်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရုံသာမက စီအိုင်အေရဲ့ အကြီးအကဲအဖြစ်လည်းတာဝန်ထမ်းဆောင်ခဲ့ပါတယ်။ သားဖြစ်သူ ဂျော့ဂ်ျအိတ်ချ်ဒဗလျူဘုရှ်ကိုလည်း အိမ်ဖြူတော်နဲ့ ရင်းနှီးစေခဲ့သူပါ။ အမေရိကန်သမိုင်းမှာ အဖေရော သားပါ သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့တဲ့ သားအဖနှစ်ဦးက မှတ်တမ်း ဝင်ခဲ့ပါတယ်။ ယခင် ဆိုဗီယက်ခေါင်းဆောင် မီခေးလ်ဂိုဗာချော့ဗ်ကစလို့ လက်ရှိနှောင်းပိုင်း ခေါင်းဆောင်တွေအထိ နိုင်ငံ့ခေါင်းဆောင်တွေဟာ သမ္မတဟောင်း ဂျော့ဟားဘတ် ဝေါ့ကာဘုရှ်ကို ချီးကျူးခဲ့ကြပါတယ်။ ၁၉၉၁ ခုနှစ် ကူဝိတ်ကို ကျူးကျော်ခဲ့တဲ့ အီရတ်တွေကို ကူဝိတ်နိုင်ငံအတွင်းက ဖယ်ရှားပစ်ဖို့ တစ်ကမ္ဘာလုံးရဲ့ ညီညွတ်မှုကိုပြသနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

### အလံတစ်ဝက်လွှင့်ထူ

အမေရိကန်မှာ သက်ရှိထင်ရှားရှိတဲ့ သမ္မတဟောင်းတွေထဲက အသက်အကြီးဆုံးသမ္မတဖြစ်တဲ့ ဂျင်မီကာတာကလည်း ဘုရှ်ရဲ့ အစိုးရအဖွဲ့ဟာ တည်ကြည်မှုရှိတယ်။ ကောင်းကျိုးဆိုးကျိုး ဝေဖန်ပိုင်းခြားနိုင်တယ်လို့ ချီးကျူးစကားပြောခဲ့ပါတယ်။ ဗြိတိန်နိုင်ငံမှာလည်း ရှားပါးပါးပါပဲ။ သမ္မတဟောင်းဘုရှ်အတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ်အနေနဲ့ အစိုးရရုံးတွေမှာ အလံတစ်ဝက်လွှင့်ထူထားတယ်လို့ သိရပါတယ်။ ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်ကတော့ ဥရောပကို နက်နက်နဲနဲ ထောက်ခံပေးတဲ့ မဟာမိတ်တစ်ယောက်ဆုံးရှုံးသွားပြီလို့ ပြောခဲ့ပါတယ်။

### နိုင်ငံရေးလောကထဲဆွဲခေါ်

ပါကင်ဆန်ရောဂါလို့ခေါ်တဲ့ အကြောအားနည်းခြေတုန်လက်တုန် ဝေဒနာကို ခံစားနေရတဲ့ ဂျော့ဟားဘတ် ဝေါ့ကာဘုရှ်ဟာ ဘီးတပ်ကုလားထိုင်ပေါ်မှာ အချိန်ကုန်ပြီး ကျန်းမာရေးဆိုးရွားလာခဲ့တာပါ။ ဝေါ့ကာ ဘုရှ်မှာ သားသမီး ငါးယောက်ရှိပြီး မြေးကတော့ ၁၇ ယောက်ရှိပါတယ်။ သားဖြစ် သူ ဂျော့ဂ်ျအိတ်ချ်ဒဗလျူဘုရှ်ကတော့ သူဟာ အံ့သြစရာကောင်းလောက်တဲ့ ဖခင်မျိုးပိုင်ဆိုင်ခဲ့တယ်လို့ ပြောခဲ့ပါတယ်။ ၁၉၂၄ ခုနှစ် ဇွန် ၁၂ ရက် မက်ဆာချူးဆက်ပြည်နယ်မှမွေးဖွားခဲ့တဲ့ ဝေါကာဘုရှ်ဟာ ချမ်းသာကြွယ်ဝတဲ့ နိုင်ငံရေးမျိုးဆက်က ဆင်းသက်လာသူ လည်း ဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ် အတွင်းမှာတော့ သူဟာ ကျောင်းကနေ ထွက်ပြီး ရေတပ်ထဲဝင်ခဲ့ပါတယ်။ ယေးလ်တက္ကသိုလ်က ဘွဲ့ရပြီးတဲ့နောက် သူဟာ ရေနံကုမ္ပဏီမှာ အလုပ်ဝင်ခဲ့ပါတယ်။ အဲဒီနောက် ကမ္ဘာ့နိုင်ငံရေး အခြေအနေတွေက သူ့ကို နိုင်ငံရေးလောကထဲကို ဆွဲခေါ်သွားခဲ့ပါတယ်။

### သမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်း

အမေရိကန်နိုင်ငံ အောက်လွှတ်တော်မှာ အမတ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သလို တရုတ်နိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်အဖြစ်လည်း လုပ်ကိုင်ခဲ့ပါတယ်။ သမ္မတ ရော်နယ်ရီဂင်ရဲ့ ဒုတိယသမ္မတအဖြစ် တာဝန်မထမ်းဆောင်မီ သူဟာ စီအိုင်အေ အကြီးအကဲအဖြစ် လုပ်ကိုင်ခဲ့ပါတယ်။ အဲဒီနောက် ရှစ်နှစ်အကြာမှာတော့ ၁၉၈၈ ခုနှစ်မှာပါတီက သူ့ကိုသမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းခဲ့ပါတယ်။ သူဟာ အမေရိကန်ရဲ့နိုင်ငံခြားရေးမူဝါဒကို လက်တွေ့ဆန်ဆန် ကျင့်သုံးခဲ့ပြီး ရှုပ်ထွေးပွေလီလှတဲ့ စစ်အေးကာလကို အဆုံးသတ်စေခဲ့သူလည်း ဖြစ်ပါတယ်။ သူဟာ ၁၉၉၀ ပြည့်နှစ်မှာ ကမ္ဘာ့အမိန့် ကြေညာစာ ထုတ်ပြန်ခဲ့ပြီး သူ့ကို ထောက်ခံတဲ့ နိုင်ငံ ၃၂ နိုင်ငံနဲ့အတူ ကူဝိတ်ကို ကျူးကျော်ကြတဲ့ အီရတ်တွေကို မောင်းထုတ်ခဲ့ပါတယ်။ အီရတ်ကို ပိတ်ဆို့မှုတွေပြုလုပ်ခဲ့ပြီး လူထောင်ပေါင်းများစွာ သေဆုံးစေတဲ့အတွက်တော့ သူ့ကိုအီရတ်တွေက အပြစ်တင်ခဲ့ကြပါတယ်။ ကုန်သွယ်မှုပိတ်ဆို့တားဆီးသူကြီးဆိုပြီး မနှစ်မြို့ဖွယ် နာမည်ပြောင်လည်း ရရှိခဲ့ပါတယ်။

### ပရဟိတလုပ်ကိုင်

ဝေါ့ကာဘုရှ်ရဲ့ နှောင်းပိုင်းကာလတွေမှာတော့ ပရဟိတအလုပ်တွေကိုပဲ ဇောက်ချလုပ်ကိုင်ခဲ့ပါတယ်။ ၂၀၀၄ ခုနှစ် အာရှဆူနာမီနဲ့ ၂၀၁၀ ပြည့်နှစ် ဟေတီငလျင်တို့မှာ ဘဏ္ဍာငွေထောက်ပံ့မှုတွေ ပြုလုပ်ခဲ့ပါတယ်။ လွန်ခဲ့တဲ့နှစ်က တက္ကဆက်ပြည်နယ် ဟာရီကိန်းမုန်တိုင်းဒဏ်ခံ ပြည်သူတွေ အ တွက်လည်း သားဖြစ်သူအပါအဝင် အခြားသောအမေရိကန်သမ္မတဟောင်းတွေနဲ့အတူ ပူးပေါင်းပြီး ငွေကြေးထောက်ပံ့မှုတွေ ပြုလုပ်ခဲ့ပါတယ်။ အဲဒီလိုနဲ့ သူ့ရဲ့နှောင်းပိုင်းကာလတွေကို ပရဟိတတွေလုပ်ရင်း ဖြတ်ကျော်ခဲ့ပါတယ်။ အမေရိကန်ရဲ့ သက်ရှိထင်ရှားရှိနေတဲ့ သမ္မတဟောင်းတွေထဲမှာ အသက်အကြီးဆုံးလို့ဆိုရမယ့် ကြယ်တစ်ပွင့်ကတော့ နိုဝင်ဘာ ၃၀ ရက်မှာ ကြွေလွင့်သွားခဲ့ရပါတယ်။ ။ **ကိုးကား -အေအက်ဖ်ပီ**

> **“သမ္မတဟောင်းဘုရှ်ဟာ စစ်အေးကာလအဆုံးသတ်မှာ အမေရိကန်ကို ထိန်းကျောင်းသွားခဲ့တဲ့ သမ္မတတစ်ဦးဖြစ်သလို အီရတ်က ဆက်ဒမ်ဟူစိန်ရဲ့ တပ်ဖွဲ့တွေ ကူဝိတ်ကိုကျူးကျော်မှုကနေ မောင်းထုတ်ပစ်ဖို့လည်း အပြည်ပြည်ဆိုင်ရာရဲ့ အာရုံစူးစိုက်မှုရအောင် စွမ်းဆောင်နိုင်ခဲ့တဲ့ ပုဂ္ဂိုလ်လည်းဖြစ်”**

# မန္တလေးတိုင်းဒေသကြီးအတွင်း နိုင်ငံ့ဝန်ထမ်းအိမ်ရာစီမံကိန်း(အရောင်း)နှင့်(အငှား)ကို အကောင်အထည်ဖော်လျက်ရှိ

## ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး စီမံကိန်းလုပ်ငန်းများစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၄**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ဒီဇင်ဘာ ၁ ရက်က မန္တလေးမြို့ရှိ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်သော အောင်မြေမန္တလာ နိုင်ငံ့ဝန်ထမ်းအိမ်ရာစီမံကိန်းသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်တွင် ညွှန်ကြားရေးမှူး ဦးသက်နိုင်က ပြည်ထောင်စုဘတ်ဂျက်ဖြင့် တည်ဆောက်သော အဆောက်အအုံများ ဆောင်ရွက်ပြီးစီးမှု၊ ရေ၊ မီး ရရှိရေး ဆောင်ရွက်ထားရှိမှု၊ လမ်း၊ ရေမြောင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် တည်ဆောက်မည့် အိမ်ရာစီမံကိန်း လုပ်ငန်းများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်က နိုင်ငံ့ဝန်ထမ်းအိမ်ရာ(အရောင်း)နှင့်(အငှား) အိမ်ရာများ ဆောင်ရွက်ထားရှိမှု၊ ခေတ်အဆက်ဆက် နိုင်ငံ့ဝန်ထမ်းအိမ်ရာ ဆောင်ရွက်ခဲ့မှုနှင့် ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယခု တည်ဆောက်နေသည့် နိုင်ငံ့ဝန်ထမ်းအိမ်ရာစီမံကိန်းသည် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် တည်ရှိပြီး ဧရိယာ ၃၂ ဒသမ ၀၄ ဧက ကျယ်ဝန်းသော မြေနေရာ၌ နိုင်ငံ့ဝန်ထမ်းအိမ်ရာ (အရောင်း)နှင့် နိုင်ငံ့ဝန်ထမ်းအိမ်ရာ (အငှား)ဟူ၍ နှစ်မျိုးနှစ်စား တည်ဆောက်မှာဖြစ်ပြီး မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းနှင့် စာချုပ် ချုပ်ဆိုဆောင်ရွက်ခြင်းဖြစ်သည်။

ယခုအခါ ပြည်ထောင်စုဘတ်ဂျက်ဖြင့် လေးခန်းတွဲ ငါးထပ် ၁၂ လုံး၊ အိမ်ခန်းယူနစ်ပေါင်း ၂၄၀ ခန့် ဆောင်ရွက်ပြီးစီးလျက်ရှိပြီး ကျန်စီမံကိန်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် အဆောက်အအုံအထူးအဖွဲ့မှ တည်ဆောက်နေသော မန္တလေးမြို့ဆေးရုံကြီး အရေးပေါ်ကုသဆောင် ၁၀ထပ် အဆောက်အအုံ တည်ဆောက်ရေး လုပ်ငန်းခွင်သို့ရောက်ရှိရာ တာဝန်ရှိသူများက ဆေးရုံတည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် အဆောက်အအုံအထူးအဖွဲ့(၆)မှ တိုင်းဒေသကြီးတရားလွှတ်တော် RC သုံးထပ် ဆောက်လုပ်မှု အခြေအနေကိုကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အခမ်းအနား ပဲခူးမြို့တော်ခန်းမ၌ ကျင်းပ

**ပဲခူး ဒီဇင်ဘာ ၄**

အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အခမ်းအနားကို ဒီဇင်ဘာ ၃ ရက်က ပဲခူးမြို့မြို့တော်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်အားပေးကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ၁၉၉၂ ခုနှစ်မှ စတင်၍ ဒီဇင်ဘာ ၃ ရက်ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အဖြစ် ကုလသမဂ္ဂအဖွဲ့ကြီးက ဂုဏ်ပြုသတ်မှတ်ထားရာ မြန်မာနိုင်ငံတွင် ၁၉၉၄ ခုနှစ်မှစ၍ နှစ်စဉ် အစဉ်အလာမပျက် ကျင်းပရာ ယခု ၂၀၁၈ ခုနှစ်တွင် (၂၅) ကြိမ်ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း၊ ၂၀၁၇ခုနှစ် စက်တင်ဘာ ၁၄ ရက်မှာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ဖွဲ့စည်းခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အတွက် ဆောင်ပုဒ်မှာ 'အားလုံးတူညီ အခွင့်အရေးရရှိရေး၊ မသန်စွမ်းသူများ အစွမ်းမြှင့်တင်ပေး' ဖြစ်ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ၂၀၃၀ အစီအစဉ်တွင် မျှော်မှန်းထားရှိသည့် လူသားအားလုံး ပါဝင်ပြီး သာတူညီမျှဖြစ်သော ရေရှည်တည်တံ့ သည့် ဖွံ့ဖြိုးတိုးတက်မှုများအတွက် မသန်စွမ်းသူများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရေးကို ရည်ရွယ်ထားရှိကြောင်း၊ မသန်စွမ်းသူများအား ကူညီကာကွယ်စောင့်ရှောက်ရန်နှင့် ပြန်လည်ထူထောင်ရန်တို့ကို အလေးထားဆောင်ရွက်ရန်နှင့် အားလုံး အတူတကွ လက်တွဲဆောင်ရွက်သွားကြရန် အလွန်အရေးကြီးကြောင်း အမှာစကားပြောကြားသည်။




ထို့နောက် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေးက ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက် (ပဲခူး)**

## မန္တလေးဗဟိုအမျိုးသားကျောင်း ကျောင်းအုပ်ကြီး ဝဏ္ဏကျော်ထင်ဦးဘခင်၏ ကြေးရုပ်တုဖွင့်လှစ်



**မန္တလေး ဒီဇင်ဘာ ၄**

မန္တလေးမြို့ ဗဟိုအမျိုးသားကျောင်း ကျောင်းအုပ်ကြီး ဝဏ္ဏကျော်ထင် ဦးဘခင်၏ ကြေးရုပ်တုဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း (ယခင် ဗဟိုအမျိုးသားကျောင်း)တွင် ပြုလုပ်ရာ ကြေးရုပ်တုကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်ဖွင့်လှစ်ပေးသည်။

(၉၈)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့လည်းဖြစ်ပြီး ယင်းအထိမ်းအမှတ်အဖြစ် အဆိုပါကျောင်းတွင် ထားရှိမည့် အမျိုးသားခေါင်းဆောင်တစ်ဦးဖြစ်သူ၏ ကြေးရုပ်တုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ဆရာကြီးဦးဘခင်၏ မိသားစုဝင်များနှင့် ရုပ်တုဖြစ်မြောက်ရေးကော်မတီမှ တာဝန်ရှိသူများက ဖွင့်လှစ်ခဲ့ကြသည်။

ဆရာကြီးဦးဘခင်သည် မြန်မာနိုင်ငံ၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားပညာရေးဆိုသည်ကို ဖော်ထုတ်ခဲ့သည့် သပိတ်မှောက်ကျောင်းသားခေါင်းဆောင်ဖြစ်သည့်အတွက် ကျေးဇူးကြီးမားကြောင်း၊ အမျိုးသားကျောင်းဟု ထင်ပေါ်ကျော်ကြားခဲ့သည့်ကျောင်းတွင် ဆရာကြီး၏ရုပ်တု ရှိသဖြင့် ကျေးဇူးဆပ်ကြသည်ဟု ယုံကြည်ပါကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

ဆရာကြီးဦးဘခင်၏ ရုပ်တုကို ၎င်း၏ မိသားစုဝင်များ၊ ပြည်သူလူထုများ၊ ရုပ်တုဖြစ်မြောက်ရေးအဖွဲ့များ၏ စုပေါင်းလှူဒါန်းငွေကျပ် ၄၅ သိန်းကျော်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး အုတ်ခုံအမြင့် ခြောက်ပေခန့်နှင့် ရုပ်တုအမြင့် သုံးပေရှိကာ ကြေးသွန်း၊ ပန်းပုပညာရှင် ဦးအောင်မင်းက သွန်းထုပုံဖော်ခဲ့ခြင်း ဖြစ်သည်။

ဆရာကြီးဦးဘခင်ကို ၁၈၉၃ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် မိတ္ထီလာခရိုင် ပိတောက်ပင်ရွာ၌ မြို့သူကြီး ဦးကွယ်နှင့် ဒေါ်ငယ်တို့မှ ဖွားမြင်သည်။ ဆရာကြီးသည် ၁၉၂၀ ပြည့်နှစ် အမျိုးသားသပိတ်ကျောင်းသားခေါင်းဆောင် ၁၁ ဦးတွင် ပါဝင်ခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် နိုင်ငံတော်မှ ဝဏ္ဏကျော်ထင်ဘွဲ့ချီးမြှင့်ခြင်းခံရသည်။ ၁၉၅၆ ခုနှစ်တွင် မန္တလေးမြို့ ယဉ်ကျေးမှုပြတိုက်နှင့် အမျိုးသားပြတိုက်ကို စတင်တည်ထောင်ခဲ့သည်။ ၁၉၆၆ ခုနှစ် အောက်တိုဘာ ၉ ရက် အသက် ၇၅ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် မိုင်းယောင်းဒေသဖွံ့ဖြိုးရေး ဆွေးနွေး

**မိုင်းယောင်း ဒီဇင်ဘာ ၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၂ ရက်က ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ပြည်နယ်ဝန်ကြီးများသည် မိုင်းယောင်းဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် တွေ့ဆုံဆွေးနွေးခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်လာစေရန် အတွက် ဌာနဆိုင်ရာနှင့် ကျေးလက်နေပြည်သူတို့၏ လိုအပ်ချက်များနှင့် ဒေသအခြေအနေများကို ဆွေးနွေးတင်ပြကြရန် အမှာစကားပြောကြားခဲ့ပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးညီညီဝင်းက မြို့နယ်ဒေသဆိုင်ရာလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်ခမ်းလှိုင်၊ မြို့အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများက ဒေသတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်း၊ တံတား၊ လျှပ်စစ်မီးနှင့် ဌာနဆိုင်ရာများ၏ လုပ်ငန်းများအလိုက် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ဒေသလိုအပ်ချက်များနှင့် ကျေးလက်ဒေသများ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်ပြည်နယ်အစိုးရအဖွဲ့သည် မြို့နယ်အတွင်း အမှတ်(၄) ရပ်ကွက်ရှိ ရတီပြည့်လှုံကုမ္ပဏီမှ တည်ဆောက်လျက်ရှိသော မိုးလုံလေလုံ မြို့မအားကစားရုံ ဆောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားကျင်းပ

**မတူပီ ဒီဇင်ဘာ ၄**

လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဒေဝမသန်စွမ်းသက်ငယ်များပြုစုရာရိပ်မြုံတို့က ကြီးမှူးကျင်းပသော အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အခမ်းအနားကို ယမန်နေ့က မတူပီမြို့ဘုံတလာခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးတိုးထွန်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများအတွက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးက ပေးပို့သည့်သဝဏ်လွှာကို စီမံကိန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငွန်ဆန်းပဲန်က ဖတ်ကြားသည်။ ထို့နောက် ဒေဝမသန်စွမ်းသက် ငယ်များပြုစုရာရိပ်မြုံ၏ မြို့နယ်တာဝန်ခံ ဒေါ်နူတဲ့လ်က IDD ပေါ်ပေါက်လာပုံနှင့် စီမံကိန်းများကို ရှင်းလင်းသည်။ အဆိုပါ အခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ NGO,INGO,CSOs များ၊ မြို့မိမြို့ဖများနှင့် ဘာသာရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# မကွေးမြို့ရှိ ကရုဏာရှင်များ နာရေးကူညီမှုအသင်းကြီး၏(၁၆)နှစ်ပြည့် အထိမ်းအမှတ် နှစ်ပတ်လည်အခမ်းအနားနှင့် အထူးဓမ္မပူဇာသဘင်ပွဲ ကျင်းပ



**မကွေး ဒီဇင်ဘာ ၄**

မကွေးမြို့ကရုဏာရှင်များ နာရေးကူညီမှုအသင်းကြီး၏ (၁၆) နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အထူး ဓမ္မပူဇာသဘင်အခမ်းအနားကို ဂုဏ်တောရိပ်သာကျောင်းတိုက်ဝင်းအတွင်းရှိ ကရုဏာရှင်များနာရေးကူညီမှုအသင်း၊ တရားပွဲဗဟိုမဏ္ဍပ်၌ ဒီဇင်ဘာ ၁ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မကွေးမြို့ ရာဇမုနိ တောင်ပေါ်ကျောင်းတိုက်ဆရာတော် နိုင်ငံတော် သြဝါဒါစရိယ မဟာသဒ္ဓမ္မဇောတိကဓဇဆရာတော်ကြီးထံမှ ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကာ ဆရာတော်များထံမှ ပရိတ်တရားတော်များ နာယူကြပြီး အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

မကွေးမြို့ရှိ ကရုဏာရှင်များနာရေးကူညီမှုအသင်းကြီးကိုကျေးဇူးရှင်မကွေးဆရာတော်က စတင်တည်ထောင်ပေးခဲ့ပြီး အသင်းကြီး၏ သက်တမ်းသည် အောက်တိုဘာ ၁ ရက်တွင် (၁၆)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

အသင်းကြီး(၁၆)နှစ်ပြည့်အထိမ်းအမှတ်အနေဖြင့် မကွေးမြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် ဦးသာသနက "ဒီအသင်းကြီးဟာ နာရေးကိစ္စအခက်အခဲရှိတဲ့ အခြေခံလူတန်းစား အပါအဝင် အယုတ်၊ အလတ်၊ အမြတ်မရွေး ကူညီခွင့်ရလို့လည်း ပိုပြီး ဝမ်းသာမိတယ်။ ဒီ အသင်းကြီးက နှစ်စဉ်တရားပွဲတွေလည်း ကျင်းပပေးတဲ့အတွက် ထေရဝါဒဗုဒ္ဓဘာသာ ပြန့်ပွားအောင် တရားပွဲတွေ ကျင်းပပေးတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်"ဟု မိန့်ကြားသည်။

အထူးတရားပွဲအနေဖြင့် မွေးရပ်မြေကို ကျေးဇူးဆပ်လိုသောကြောင့် မြန်မာကိုင်ဒို ကုမ္ပဏီမိသားစုက မကွေးမြို့သူမြို့သားများ နာကြားနိုင်စေရန် ရည်ရွယ်၍ ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသက ဒီဇင်ဘာ ၄ ရက်တွင် တရားတော်များ ဟောကြားမည့် အစီအစဉ်လည်း ပါဝင်ကြောင်း သိရသည်။

**မေသူလွင်(မကွေး)**

# ပညာတန်ဆောင်စာပေပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် နိုင်ငံတော်အဆင့် စာပေဆုချီးမြှင့်ခံရသူများ ထပ်ဆင့်ဂုဏ်ပြုပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၄**

၂၀၁၈ခုနှစ် ပညာတန်ဆောင် စာပေပြိုင်ပွဲ အသီးသီး၌ ဆုရရှိကြသည့် ဆရာ ဆရာမများနှင့် မူလတန်း ထက်ဆင့် ကျောင်းသားကျောင်းသူများ ဆုချီးမြှင့်ပွဲနှင့် နိုင်ငံတော်အဆင့် စာပေဆု ချီးမြှင့်ခံရသူ ပညာတန်ဆောင် ကလောင်ရှင်များနှင့် ကမ္ဘာ့ဆရာများနေ့တွင် ဂုဏ်ထူးဆောင်ချီးမြှင့်ခံရသည့် အခြေခံပညာရေးကဏ္ဍမှ ဆရာကြီး ဆရာမကြီးများ ထပ်ဆင့်ဂုဏ်ပြုပွဲကို ဒီဇင်ဘာလနောက်ဆုံးပတ်တွင် ရန်ကင်းပညာရေးကောလိပ်၌ ကျင်းပမည်ဖြစ်သည်။

ပညာတန်ဆောင် စာစောင်ကို ၁၉၅၂ခုနှစ် ဇန်နဝါရီလမှ စတင်ထုတ်ဝေခဲ့ရာ စတင်တည်ထောင်ခဲ့သူများမှာ အငြိမ်းစားလက်ထောက် ပညာမင်းကြီး (မသင်မနေရ မူလတန်း ပညာရေး အထူးအရာရှိ) ဦးထွန်းအောင်ဖြစ်ကာ ပညာရေးဝန်ကြီးဌာန၏ ကူညီထောက်ပံ့မှုဖြင့် အခြေခံပညာကျောင်းများသို့ လစဉ်အခမဲ့ ဖြန့်ချိပေးပို့လျက်ရှိပြီး ပညာတန်ဆောင် အုပ်ချုပ်ရေးအဖွဲ့၏ ပထမဆုံး ဥက္ကဋ္ဌအဖြစ် ဆရာကြီး ဦးသန့်(ထိုစဉ်ကာလ ပြန်ကြားရေးဌာန အတွင်းဝန်နှင့် နောင်အခါ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်)က ဆောင်ရွက်ခဲ့ကာ လက်ရှိ ၁၀ ဦးမြောက် ဥက္ကဋ္ဌမှာ အခြေခံပညာဦးစီးဌာန အငြိမ်းစားညွှန်ကြားရေးမှူးချုပ် ဆရာကြီး ဒေါက်တာသန်းဦးဖြစ်သည်။

ပညာတန်ဆောင် စာပေပြိုင်ပွဲများကို ၁၉၅၄ခုနှစ်က စတင်ကျင်းပခဲ့ပြီး ယခုနှစ်အတွက် ဘာသာပြန်၊ ဖတ်မှတ်စွမ်းရည်၊ ကဗျာ၊ ဆောင်းပါး၊ မူလတန်းဆင့် သင်ထောက်ကူ ကားချပ်၊ မူလတန်းထက်ဆင့် ကျောင်းသား ကျောင်းသူကလေးများအတွက် ရုပ်ပုံကြည့် စာစီစာကုံး၊ တစ်မျက်နှာဝတ္ထုတိုနှင့် ဦးသန်းညွှန့်ဝတ္ထုလတ်ပြိုင်ပွဲတို့ကို ဖိတ်ခေါ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

# မောင်တောမြို့၌ ရှေးဦးပြုစုခြင်း ဆေးအိတ်များနှင့် သင်ထောက်ကူစာအုပ်များ ပေးအပ်

**စစ်တွေ ဒီဇင်ဘာ ၄**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၂ ရက်က ကြက်ခြေနီလှုပ်ရှားမှုအကြောင်း ရှင်းလင်းခြင်း အခမ်းအနား ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးအောင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ဒေါ်မြသူက ကြက်ခြေနီလှုပ်ရှားမှုအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ ကြက်ခြေနီ အသင်းဥက္ကဋ္ဌနှင့် အဖွဲ့က မြို့နယ်အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုရုံး၌ ဖွင့်လှစ်လျက်ရှိသည့် အခြေခံရှေးဦးပြုစုခြင်းသင်တန်း တက်ရောက်နေသော သင်တန်းသားများအတွက် ရှေးဦးပြုစုခြင်း၊ ဆေးအိတ်များနှင့် သင်ထောက်ကူစာအုပ်များ ပေးအပ်ရာ ကွပ်ကဲရေးမှူး ရဲမှူးချုပ် မြင့်တိုးက လက်ခံရယူခဲ့ကြောင်း သိရသည်။



ဆက်လက်၍ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌက ရှေးဦးပြုစုခြင်း ပညာရပ်များသည် လူ့အသက်ကို ကယ်တင်နိုင်သည့် အတတ်ပညာဖြစ်သည့်အတွက် စာတွေ့လက်တွေ့ သင်ကြားလျက်ရှိပြီး ကြိုးစားလေ့လာ သင်ယူစေလိုကြောင်း၊ မိမိတို့ တတ်မြောက်လာသည့် ရှေးဦးပြုစုခြင်း ပညာရပ်များကို အခြားသူများသို့လည်း ပြန်လည်မျှဝေစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို မြို့နယ်ကြက်ခြေနီအသင်းခွဲနှင့် အမှတ် (၁) နယ်ခြားစောင့်ရဲ ကွပ်ကဲမှုအဖွဲ့တို့ ပူးပေါင်း၍ နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၇ ရက်အထိ ဖွင့်လှစ်လျက်ရှိပြီး မြို့နယ်ရှိ တပ်ရင်း ရှစ်ရင်းမှ စုစုပေါင်း သင်တန်းသား ၄၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)**
**ဓာတ်ပုံ - သက်လွင်စိုး**
**ခရိုင်(ပြန်/ဆက်)**

## အုတ်တွင်းမြို့နယ်၌ မိုးစပါးစံကွက် ရိတ်သိမ်းပွဲ ကျင်းပ

**အုတ်တွင်း ဒီဇင်ဘာ ၄-** တောင်ငူခရိုင် အုတ်တွင်းမြို့နယ်၏ ၂၀၁၈-၂၀၁၉ ခုနှစ် မိုးစပါး(ဆင်းသုခ) စံကွက်ရိတ်သိမ်းပွဲ အခမ်းအနားကို နိုဝင်ဘာလနောက်ဆုံးပတ်က ဥယျာဉ်တော်ကျေးရွာ ကွင်း ၃၁၁ ဦးပိုင် ၂၈/၁ တောင်သူ ဦးညဏ်မြင့်၏ လယ်မြေတွင် ကျင်းပခဲ့သည်။ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလင်း၊ စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်ဆန်းဦး၊ မြို့နယ် မြေစာရင်းဦးစီးမှူး ဦးဟန်စိုးနှင့်ကွင်းတာဝန်ခံဝန်ထမ်းများ၊ တောင်သူများတက်ရောက်ကြကာ ယခုနှစ်တွင် သုခစပါးအစို အထွက်တင်း ၁၂၀ ထွက်ရှိခဲ့ကြောင်း သိရသည်။

**သူရ(တောင်ငူ)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၄-၁၂-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၀၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၆၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၀၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၆၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၉၅/၁၀၁၀ ကျပ် | ၁၀၁၀/၁၀၃၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၁၀/၁၀၂၅ ကျပ် | ၁၀၂၅/၁၀၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၄၀/၈၅၅ ကျပ် | ၈၉၀/၉၀၅ ကျပ် |
| အောက်တိန်း ၉၅ | ၈၉၀/၉၂၅ ကျပ် | ၉၆၀/၉၈၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၇၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၈၃ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၄၈ . ၁ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၉၈ . ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၈၄ . ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၁၅၃ . ၉ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၈ . ၁၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၂ . ၂၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၄၁ . ၁၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၆ . ၈၆ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ . ၈၈ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# ကိုယ်ပိုင်ဇာတ်လမ်းဆင်ပြီး ဇာတ်ကားထုတ်လုပ်ရိုက်ကူးဖို့ ပြင်ဆင်နေသည့် အကယ်ဒမီပြေတီဦး



'သုဒြာ'ဟု အမည်ရသည့် ကိုယ်ပိုင်ရုပ်ရှင်ထုတ်လုပ်ရေးဖြင့် ရုပ်ရှင်ဇာတ်ကားအချို့၂၀၁၉ ခုနှစ်တွင် ထုတ်လုပ်ရိုက်ကူးရန်အတွက် သရုပ်ဆောင်ပြေတီဦးက ပြင်ဆင်မှုများ လုပ်ဆောင်နေကြောင်း သိရသည်။ ၎င်းပထမဦးဆုံး ရိုက်ကူးထုတ်လုပ်ခဲ့သည့် ရုပ်ရှင်ဇာတ်ကားကြီးမှာ 'REFLECTION' ဟုအမည်ရသည့် ရုပ်ရှင်ဇာတ်ကားဖြစ်သည်။ အဆိုပါ ဇာတ်ကားကို ဒါရိုက်တာ လူမင်း၊ ထွန်းအိန္ဒြာဗိုလ်၊ အိန္ဒြာကျော်ဇင်၊ ဝတ်မှုံရွှေရည်၊ ပတ်ထရစ်ရှာတို့ဖြင့် ထုတ်လုပ်ရိုက်ကူးခဲ့ကြောင်း သိရသည်။

**မေး - သုဒြာ ထုတ်လုပ်ရေးကနေ ဝတ္ထုကောင်းတွေရှာပြီး ဇာတ်အိမ်ခိုင်မာတဲ့ကားတွေ ရိုက်ကူးဖို့ရှိလား။**

ဖြေ - နာမည်ကြီးဝတ္ထုဆိုတာက ဇာတ်နဲ့ကိုယ်နဲ့လည်း လိုက်ဖက်ဖို့ လိုသေးတယ်။ နာမည်ကြီးဝတ္ထုဖြစ်တိုင်း အကုန်လုံးကို ရိုက်လို့တော့မရဘူး။ ကိုယ်နဲ့လည်းလိုက်ဖက်မယ်၊ ကိုယ်တိုင်ကလည်း နှစ်သက်မယ် စသဖြင့်ပေါ့လေ ။ အကျိုးအကြောင်းတွေ တိုက်ဆိုင်မှပေါ့၊ ကျွန်တော့်အနေနဲ့လည်း အဲ့လိုကားမျိုးရိုက်ချင်ပါတယ်။ ဒါပေမယ့် ကျွန်တော်စဉ်းစားပြီး သုဒြာက ရိုက်ဖို့ပြင်ဆင်တာကတော့ရှိတယ်။ ဘယ်လိုပြောမလဲ နာမည်ကြီးဝတ္ထုတော့ မဟုတ်ဘူး။ ကိုယ့်ဟာနဲ့ ကိုယ်ဇာတ်လမ်းဆင်ပြီးတော့ ကိုယ့်ဟာကိုယ် ဇာတ်လမ်းကို သရုပ်ဆောင်ပြီး ရိုက်ဖို့အတွက် ပြင်ဆင်နေပါတယ်။ ကိုယ်တိုင်ဇာတ်လမ်း ဇာတ်ညွှန်းရေးတာမျိုး မဟုတ်ပါဘူး။ ကျွန်တော်တို့က အခြေခံကိုစဉ်းစားပြီးမှ ရေးတတ်တဲ့ပညာရှင်တွေနဲ့ ပြန်တိုင်ပင်ပြီး ဇာတ်အိမ်ကောင်းတစ်ခုဖြစ်အောင် ဖန်တီးချပြမှာပါ။

**မေး - ကိုယ်တိုင်က စိတ်ကျေနပ်တဲ့ကားတွေ ရောရှိမလား။**

ဖြေ - ဒီနှစ်ထဲမှာ စိန်ယောက်မရုံတင်တယ်၊ အဲ့ဒီတုန်းကတော့ ကိုယ့်ကိုအားပေးမှု များတဲ့ ဇာတ်ကားပေါ့နော်၊ တစ္ဆေပါလာပြီ သရဲကားတစ်ကားရှိတယ်ဆိုတော့ ဘယ်လိုပြောမလဲ သူ့ဟာနဲ့သူ ဆိုးတော့မဆိုးပါဘူး။ သိပ်ပြီး စိတ်ကျေနပ်အားရတဲ့အထိတော့ မရောက်တော့ မရောက်ဘူးပေါ့။ ဒါပေမယ့် စိန်ယောက်မဆိုရင် အောင်မြင်မှုရဲ့ အတိုင်းအတာ၊ ပရိသတ်တွေရဲ့ ကျေနပ်မှုအတိုင်းအတာမှာဆိုရင်တော့ အောင်မြင်တဲ့ ကားတစ်ကားလို့ ပြောလို့ရတာပေါ့၊ ကျန်တဲ့ကားတွေကတော့ သူ့ဟာနဲ့သူ အနေအထား တစ်ခုခုကို ပရိသတ်သဘောကျတယ်။ လက်ခံတယ် ဒီလောက်ပဲပေါ့။ နောက်ထပ်နောက်ထပ် ဒီထက်ပိုပြီးမှ ပုံစံတွေပြောင်းလဲလာမယ်။ ဇာတ်လမ်းပုံစံတွေ ပြောင်းလဲလာမယ်။

**မေး - လာမယ့် ၂၀၁၉ ခုနှစ်ထဲမှာရော ပရိသတ်ကို ဘယ်လိုအသစ်အဆန်းတွေ ဖန်တီးချပြဖို့ရှိလဲ။**

ဖြေ - ၂၀၁၉ မှာတော့ ကျွန်တော်ကိုယ်တိုင်လည်းပတ်နေကျ ပုံစံပြောင်းလဲသွားမှာပါ။ ပြောင်းလဲသွားမယ့်ဟာတွေတော့ မပြောပြချင်သေးဘူး။ ကျွန်တော်ရဲ့ကိုဝိုင်းနဲ့ ရိုက်ထားတဲ့ လိပ်ပြာထောင်ချောက်၊ ကမ္ဘဖလတို့ စသဖြင့် တခြားဒရာမာတွေလည်း ရှိပါသေးတယ်။

**မေး - ပရိသတ်တွေ ဝေဖန်ထောက်ပြကြတဲ့ အပေါ်မှာရော ဘယ်လိုမြင်မိလဲ။**

ဖြေ - ကျွန်တော်တို့ အနုပညာသမားတွေဆိုတာက ပရိသတ်က ထောက်ပြဝေဖန်တာတွေကို သေသေချာချာစဉ်းစားပြီးတော့မှ ပြင်သင့်တာတွေကို တဖြည်းဖြည်းနဲ့ပြင်ရမှာပေါ့။ ဒါမှလည်း အပြစ်နည်းသော ဖန်တီးမှုလေးတွေဖြစ်လာမှာပါ။ ပရိသတ်တွေ ဝေဖန်နေတယ်ဆိုတာ ကိုယ့်ကိုယ်ကောင်းစေချင်လို့ပဲမြင်တယ်။ **ကိုလင်း**

# ပန်းချီပြပွဲပြုလုပ်ရန် သီးသန့်ခန်းမ မရှိ၍ ပြည်တွင်း ပန်းချီဆရာများအခက်တွေ့



မြန်မာ့ပန်းချီပညာကို အများသူငါ စိတ်ဝင်စားမှုပိုမိုရှိလာစေရန် ရည်ရွယ်ပြီး ယခုလ ၁ ရက်မှ ၂ ရက်အထိ နံနက် ၉ နာရီ မှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် မင်္ဂလာလမ်းရှိ TRC Tower အမှတ် ၂၄၄ (၇)လွှာတွင် ပန်းချီဆရာ မင်းဝိုင်း၏ ပန်းချီကား ၂၅ ကားကို Rock Enterprise Co.,Ltd Interior Design (REID) မှ အဓိကကူညီပံ့ပိုးပေးမှုဖြင့် ပြသခဲ့ကြောင်း သိရသည် ။

အဆိုပါ ပြပွဲတွင် ပြသထားသော ပန်းချီကားများသည် ရွှေငါးကိုးကောင်နှင့် ကြေးဆင်းတုတော်ဘုရားမျက်နှာတော်များ၊ ပန်းပွင့်ပန်းခက်များကို အဓိကအသားပေး ရေးဆွဲပြသထားကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ ပန်းချီပညာကို ၂၀၀၂ ခုနှစ်ကတည်းက စတင်လေ့လာဖြစ်ခဲ့ပါတယ်၊ ကျွန်တော်ပန်းချီပညာကို စပြီးသင်ယူဖြစ်ခဲ့တာက ပန်းချီဆရာတွေဖြစ်တဲ့ ဆရာ အောင်နိုင်မောင်၊ မောင်ကျော်သန်း၊ ဆရာကံ့ကော်ရွှာတင်ဝင်း၊ ဆရာမင်းနောင်၊ ဆရာမြင့်မြတ်သုခ၊ ဆရာသိန်းထွန်းအောင်ဆီကနေ ပန်းချီပညာကို သေချာစနစ်တကျ လေ့လာဆည်းပူးခဲ့ပါတယ်၊ ကျွန်တော် အသက် ၂၀ လောက်ကစပြီး သင်ယူခဲ့တာပါ၊ အခုလို တစ်ကိုယ်တော်ပြပွဲမလုပ်ခင်က အဖွဲ့လိုက်ပြသခဲ့တာတွေတော့ရှိတယ်၊ ပန်းချီပွဲပေါင်း ၇၀ လောက်တော့ပြသခဲ့ဖူးပါတယ်၊ ဘာကြောင့် အခုမှ ပထမဆုံး တစ်ကိုယ်တော်ပြဖြစ်လဲဆို ကျွန်တော် အရင်တုန်းက ဒီလိုပန်းချီကားတွေစုရကောင်းမှန်းလည်းမသိခဲ့ဘူး၊ အဲ့လိုတစ်ကိုယ်တော်ပြမယ်ဆိုတော့မှ စိတ်ကူးဖြစ်ပြီးဆွဲထားတဲ့ ပန်းချီလေးတွေကို ချပြဖြစ်ခဲ့တာပါ"ဟု ပြောသည်။

ယခင်က ပန်းချီပြပွဲများကို အမျိုးသားယဉ်ကျေးမှုပြတိုက်တွင် သီးသန့်ပြသခဲ့ခြင်းမျိုးမလုပ်ခဲ့ဖူးသော်လည်း ယခုအချိန်တွင် နိုင်ငံတော်ဘက်မှာ တာဝန်ရှိသူများက ပြပွဲများပြသနိုင်ရန်စီစဉ်ပေးနေပြီး ယင်းကဲ့သို့ပြပွဲများကို တစ်လတစ်ကြိမ် သို့တည်း မဟုတ်တစ်နှစ်တွင် နှစ်ကြိမ်လောက်ပြသနိုင်ရန် စီစဉ်သင့်ကြောင်းလည်း ၎င်းကသည်။

"အမှန်တိုင်းပြောရရင် ကျွန်တော်တို့ ပြပွဲတွေလုပ်တဲ့အခါ ပန်းချီဆရာတွေ ဘာအခက်အခဲရှိနေလဲဆို နေရာပါပဲ။ နေရာတွေက မရှိ ၊ ရှိတဲ့နေရာကျပြန်တော့ ဈေးနှုန်းကမနည်းဘူး၊ ခန်းမငှားခကပေါ့၊ အဲ့တော့ ကျွန်တော်တို့ ပန်းချီဆရာတွေ ပန်းချီကားတွေ အမြဲတမ်းပြသနိုင်ဖို့၊ ပြည်သူတွေ စိတ်ဝင်စားမှုရှိဖို့အတွက် ခန်းမတွေ ဒါမှမဟုတ် ပန်းချီကျောင်းတွေ ရှိသင့်ပါတယ်" ဟု ထပ်မံပြောဆိုသည်။

ယခင်နှစ်က ပြည်ပခရီးသွားအများစု လာရောက်သောကြောင့် ပန်းချီကားများ အများဆုံးရောင်းချမှုတွေရှိခဲ့ပြီး ယခုနှစ်ခရီးသွားရာသီရောက်သော်လည်း ပြည်ပခရီးသွားလာရောက်မှုနည်းပါးသောကြောင့် ပန်းချီပြပွဲကြည့်ရှုသူ ပြည်ပဧည့်သည် နည်းပါးကြောင်း၊ ပြည်တွင်း၌လည်း ပန်းချီကိုခံစားသူနည်းပါးနေကြောင်း၊ ငွေကြေးအမြတ်အစွန်းထက် စိတ်ဝင်စားသူ ပြည်တွင်း၌ ရှိသင့်ကြောင်း သိရသည်။

ပန်းချီဆရာ မင်းဝိုင်းအနေဖြင့် ယခုပြသသော ပန်းချီးကား ၂၅ ကားသည် ၊ ဆီဆေးပန်းချီကားများဖြစ်ပြီး ပန်းချီကားအများစုသည် ငါးသတ္တဝါပုံများဖြစ်ပြီး ၎င်းပုံများဆွဲရခြင်းသည် အိမ်ရှေ့ခန်းမတွင် လာဘ်ရွှင်စေရန်ရည်ရွယ်ပြီး ဆွဲခဲ့ကြောင်း၊ ယခင်က ဘုရားပုံတော်အမျိုးမျိုးကိုရေးဆွဲခဲ့သော်လည်း နေရာအခက်အခဲကြောင့် ပရိသတ်တွေအတွက် အနည်းငယ်သာရေးဆွဲဖြစ်ကြောင်း သိရသည်။ **ကိုလင်း**

# အကယ်ဒမီ ဝတ်မှုံရွှေရည်ကို G- Shock Baby -G မှာ အထူးကိုယ်စားလှယ်အဖြစ်ခန့်အပ်

ဂျပန်နိုင်ငံ၏ နာမည်ကြီးအမှတ်တံဆိပ်နာရီများကို ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည့် CASIO Company ၏ Brand တစ်ခုဖြစ်သည့် " G- Shock အမှတ်တံဆိပ်၏ ၃၅ နှစ်ပြည့် အမှတ်တရပွဲ နှင့် Baby -G အမျိုးသမီးပတ်နာရီ၏ အထူးကိုယ်စားလှယ်အဖြစ် အကယ်ဒမီ ဝတ်မှုံရွှေရည်အား ခန့်အပ်မှုအကြောင်းကို အကယ်ဒမီ ဝတ်မှုံရွှေရည်က "ကစ်ကို အခုလိုကမ်းလှမ်းတဲ့အတွက် အလွန်ပဲဝမ်းသာပါတယ်၊ ကစ်တို့ ငယ်ငယ်ကတည်းက Casio အမှတ်တံဆိပ်ဆိုတာ နာမည်ရှိပြီး အကြမ်းခံတဲ့နာရီလေ၊ အဲ့လိုနာရီကြီးတွေထုတ်တဲ့ ကုမ္ပဏီကနေ Baby -G ရဲ့ကိုယ်စားလှယ်အဖြစ် ခန့်အပ်မယ်ဆိုပြီး လာရောက်ကမ်းလှမ်းတာမို့ ကစ်ကြိုက်တဲ့အတွက် လက်ခံဖြစ်ခဲ့တာပါ၊ ပြီးတော့ ကစ်နဲ့ ဒီအသစ်ထွက်မယ့် Baby -G MS ကိုလည်း ကြော်ငြာအဖြစ်နဲ့ မြင်ရဦးမှာပါ၊ ပြီးတော့ ဒီနာရီလေးက ရုံးတက်နေတဲ့ မိန်းကလေးတွေအတွက်ဆိုလည်း သင့်တော်တဲ့နာရီလေးပါ "ဟု ပြောဆိုသည် ။

အဆိုပါ G- Shock နာရီသည် သက်တမ်း ၃၅ နှစ်တိုင်အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့ခြင်းအထိမ်းအမှတ်အဖြစ် နိုဝင်ဘာ ၂၉ ရက်ကစတင်ပြီး ကမ္ဘာ့နိုင်ငံပေါင်း ၂၆ နိုင်ငံတွင်လည်း ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်ကလည်း G-Shock ၏ Brand Ambassador အဖြစ် ခန့်အပ်ခဲ့ကြောင်း သိရသည်။

**ကိုလင်း**





# ပြေတီဦးပညာရေးဖောင်ဒေးရှင်း၏ ထောက်ပံ့မှုကြောင့် ဆရာဝန်ဖြစ်လာသူ ၆၄ ဦးရှိပြီဟု သိရ

အကယ်ဒမီပြေတီဦး ဦးစီးတည်ထောင်ထားသည့် ပြေတီဦးပညာရေးဖောင်ဒေးရှင်း ကိုးနှစ်ပြည့်နှစ်ပတ်လည်ပွဲနှင့် ၂၀၁၈/၂၀၁၉ ပညာသင်နှစ်အတွက် ရွေးချယ်ထားသည့် ကျောင်းသား ကျောင်းသူ ၁၂ ဦးကို ပညာသင်စရိတ်ထောက်ပံ့မှုများ ပြုလုပ်ခဲ့ကြောင်းသိရသည် ။

"အခုလိုထောက်ပံ့ကူညီလာတာ အခုဆို ကိုးနှစ်ရှိပြီ၊ နောက်နှစ်ဆို ၁၀နှစ် ပြည့်တော့မယ်။ ဆယ်နှစ်ပြည့်တဲ့အချိန်ဆို ထောက်ပံ့ခဲ့တဲ့ ကျောင်းသားတွေနဲ့ တွေ့ဆုံဖို့ရှိတယ်။ ယခုဆို ကျွန်တော့်ဖောင်ဒေးရှင်းကနေ ကျောင်းထားပေးခဲ့တာ ဦးရေ ၂၀၀ ကျော်ရှိတယ်။ အဲ့ဒီထဲက လက်ရှိမှာ ၆၀ ကျော်က ဆရာဝန်ဖြစ်ကုန်ပြီ။ အဲ့ဒါကြောင့် ဒီဖောင်ဒေးရှင်းကို ထူထောင်ရတာ အလွန်ပဲပျော်တယ်။ ကျွန်တော့်ဘဝမှာ အသက် ၄၀ ပြည့်တော့မယ့်အထိ လုပ်ဆောင်ခဲ့တဲ့ အမှားတွေ အမှန်တွေထဲက ဒီပညာရေးဖောင်ဒေးရှင်း အမှန်တရားတစ်ခုအတွက် ကျွန်တော်ကျေနပ်တယ်။ လာမယ့်နှစ်မှာ ဖောင်ဒေးရှင်းက ၁၀ နှစ်တိုင်ခဲ့ပြီမို့ ဝမ်းသာရပါတယ်။ လူရယ်လို့ ရှင်သန်ရချိန်မှာ အဓိပ္ပာယ်ရှိစေတယ်။ ပီတိဖြစ်ရတယ်။ ၆၄ ဦး ဆရာဝန်ဖြစ်သွားလို့ ပျော်ရတယ်။ တစ်နှစ်ပြီးတစ်နှစ် အကျိုးပြုနိုင်တဲ့ ကလေးတွေ များလာပြီ"ဟု ပြေတီဦးက ပြောသည်။ အဆိုပါ အခမ်းအနားတွင် PHARMA Co., Ltd အနေဖြင့် 2018 May to 2018 Sept အထိ ငါးလစာ Revital ရောင်းရငွေ အနက်မှ ငွေကျပ် ၁၁၉၁၇၂၀ ကို လှူဒါန်းသွားသည်။ **ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

# Games of Thrones ဇာတ်သိမ်းတော့မှာ ဖြစ်ပေမယ့် ကစ်ဟာရင်တန်က ဝမ်းမနည်းကြောင်းပြော

Games of Thrones ဇာတ်ကား ပရိသတ်တွေအတွက်တော့ လာမယ့်နွေရာသီဟာ စိတ်လှုပ်ရှားမှုအပြည့်နဲ့ ဖြစ်နေမှာပါ။ HBO တီဗွီစီးရီးရဲ့အအောင်မြင်ဆုံးဇာတ်လမ်းတွဲ ဖြစ်တဲ့ Games of Thrones ဇာတ်ကားဟာ မကြာခင်မှာပဲ ပြီးဆုံးတော့မှာပါ။ Games of Thrones ဇာတ်လမ်းတွဲဟာ အတွဲ ၈ မှာပဲ အဆုံးသတ်ပါတော့မယ်။ ဇာတ်လမ်းအဆုံးမှာတော့ ဘယ်ဇာတ်ကောင်ကတော့ ရာဇပလ္လင်မှာ ထိုင်ခွင့်ရမယ်၊ ဘယ်ဇာတ်ကောင်ကတော့ ဇာတ်လမ်းအဆုံးမှာအပြီးတိုင် အဆုံးသတ်သွားမယ်ဆိုတာ ဘယ်သူမှ မသိရသေးပါဘူး။

ဒါပေမယ့် ဂျွန်စနိုးအဖြစ် သရုပ်ဆောင်တဲ့ မင်းသား ကစ်ဟာရင်တန်ကတော့ ဒီဇာတ်လမ်းတွဲကို နောက်ထပ်တစ်ခါ ပြန်မလာတော့ဘူးဆိုတာကတော့ အသေအချာပါပဲ။ ဒါကြောင့်အနာဂတ်မှာ ဂျွန်စနိုးဇာတ်ကောင်ကို ထပ်တွေ့ရတော့မှာ မဟုတ်ပါဘူး။ မင်းသားကစ်ဟာရစ်တန်ကတော့ သူ့ရဲ့ဆုံးဖြတ်ချက်ကို ပွင့်ပွင့်လင်းလင်းပဲ ပြောပြထားပါတယ်။ ဂျွန်စနိုးဇာတ်ကောင်ကနေ အပြီးနှုတ်ဆက်ရတော့မှာ စိတ်လှုပ်ရှားစရာကောင်းပါတယ်။ ဒါပေမယ့်လည်း ဝမ်းမနည်းပါဘူး။ တကယ်လို့များ အခြားသူတွေလည်း ကျွန်တော့်လို ဒီဇာတ်လမ်းတွဲမှာ ဂျွန်စနိုးဇာတ်ကောင်ကနေ ၁၀ နှစ်နီးပါး သရုပ်ဆောင်ခဲ့ရင် ဒါဟာ သရုပ်ဆောင်တစ်ယောက်အတွက် ပုံမှန်အလုပ်တစ်ခု မဟုတ်ဘူးဆိုတာ နားလည်မှာပါလို့ ဖြေခဲ့ပါတယ်။

Games of Thrones မိသားစုကနေ ထွက်ခွာရတာကတော့ တကယ် စိတ်လှုပ်ရှားစရာပါပဲ။ ဒါပေမယ့် နောက်ထပ် ဒီဇာတ်လမ်းတွဲကို ပြန်လာဖို့တော့ စိတ်ကူးမရှိတော့ဘူးလို့ ကစ်ဟာရင်တန်က ဖြေခဲ့ပါတယ်။ နောက်ဆုံးအတွဲဖြစ်တဲ့ အတွဲ ၈ မှာ ဂျွန်စနိုးတစ်ယောက် ဘာတွေဆက်ဖြစ်မယ်ဆိုတာကို သိရဖို့ကတော့ ၂၀၁၉ ခုနှစ် ဧပြီလအထိ စောင့်မျှော်ကြည့်ဖို့ပဲရှိပါတယ်။

**ဘောလိဝုဒ်လိုက်ဖ်**



# ဒီပီကာနဲ့ ရန်ဗီယာဆင်းတို့ ညှော်ခံပွဲအပြီး လုပ်ငန်းခွင်ပြန်ဝင်ကြတော့မည်

မကြာသေးခင်က လက်ထပ်ထားတဲ့ ဘောလိဝုဒ်နာမည်ကျော်တွေဖြစ်တဲ့ ဒီပီကာနဲ့ ရန်ဗီယာတို့ဟာ ဘန်ဂလိုမြို့နဲ့ မွမ်ဘိုင်းမြို့တို့မှာ ညှော်ခံပွဲထပ်လုပ်ခဲ့ပါတယ်။ ပတ်မာဗတ်ဇာတ်ကောင်ကို အကောင်းဆုံး၊ အပီပြင်ဆုံးဖြစ်အောင် သရုပ်ဆောင်နိုင်ခဲ့တဲ့ ဒီပီကာဟာ မွမ်ဘိုင်းမြို့မှာ ပြုလုပ်တဲ့ ညှော်ခံပွဲအခမ်းအနားမှာတော့ အနီရောင်ဝတ်စုံလေးနဲ့ အလွန်ကို လိုက်ဖက်ညီနေခဲ့ပါတယ်။ အစပိုင်းမှာ ဒေါက်မြင့်ဖိနပ်စီးထားခဲ့ပေမယ့် ပါတီမှာ ကတော့မယ့်အခါမှာတော့ ဒီပီကာဟာ ဒေါက်ဖိနပ်ချွတ်ပြီး ကရာမှာ အဆင်ပြေမယ့် ဖိနပ်အဖြူလေး ပြောင်းစီးခဲ့ပါတယ်။ ညှော်ခံပွဲကို တက်ရောက်လာကြတဲ့ ဘာချမ်းမိသားစုနဲ့လည်း ဓာတ်ပုံတွေ ရိုက်ခဲ့ကြပါတယ်။ ဒီပီကာနဲ့ ရန်ဗီယာဆင်းတို့ နှစ်ဦးစလုံးဟာ ဘောလိဝုဒ်မှာနာမည်ကျော်တဲ့ သရုပ်ဆောင်တွေဖြစ်ကြပြီး နိုဝင်ဘာ ၁၄ ရက်မှာ လက်ထပ်ခဲ့ကြပါတယ်။

ကြီးမားခမ်းနားတဲ့ ညှော်ခံပွဲကြီးသုံးခုကို ပြုလုပ်ခဲ့ပါတယ်။ အီတလီနိုင်ငံ ကိုမိုကန်တော်မှာ မင်္ဂလာပွဲပြုလုပ်တုန်းက မတက်ရောက်လိုက်ရတဲ့မိသားစုဝင်တွေနဲ့ မိတ်ဆွေ အပေါင်းအသင်းတွေအတွက် ညှော်ခံပွဲထပ်လုပ်ပေးခဲ့တာပါ။ ဒီပီကာတို့ စုံတွဲဟာ မကြာမီမှာပဲ အလုပ်တွေပြန်စတော့မှာပါ။ ခင်ပွန်းသည်ဖြစ်သူ ရန်ဗီယာဆင်းဆိုရင် Simmab ဆိုတဲ့ရုပ်ရှင်ကားနမူနာဟာ ဒီဇင်ဘာ ၃ ရက်မှာ ပြသတဲ့အတွက် အလုပ်စရှုပ်ပါပြီ။ အဲဒီရုပ်ရှင်ဟာ ဒီနှစ်နောက်ဆုံးပိုင်းမှာ ပြသတဲ့ အကြီးဆုံးရုပ်ရှင်ဇာတ်ကား ဖြစ်လာမှာပါ။ ၂၀၁၈ ဒီဇင်ဘာ ၂၈ ရက်နေ့မှ ရုံတင်ပြသသွားမယ်လို့ သိရပါတယ်။

**ဘောလိဝုဒ်လိုက်ဖ်**



## ဥပဒေအတွေးရေးပါရစေ အပိုင်း(၁၅၀)



# ဥပဒေစာချုပ်စာတမ်းများ


ဦးဟန်ညွန့် (ဥပဒေ)

**ဥပဒေအတွေးနှင့် စာချုပ်များ**

ဥပဒေအတွေးနှင့် စာချုပ်များ အကြောင်း ဤအခန်းတွင် ရေးသား တင်ဆက်ခဲ့ပြီးပါပြီ။ ပြည်ထောင်စု ရှေ့နေချုပ်ရုံးက ဌာနများ အကြောင်း၊ ဥပဒေအရာရှိများ၏ တာဝန်၊ စိစစ်ပုံ စိစစ်နည်း၊ နိုင်ငံတကာအမြင်စသည် များကို ဆွေးနွေး ရေးသားခဲ့ပြီးပါပြီ။ ယခုစာအုပ်တစ်အုပ်အကြောင်း တင်ပြပါရစေ။

**စာအုပ်ကောင်းတစ်အုပ်**

စာအုပ်အမည်မှာ **"ဥပဒေစာချုပ်စာတမ်းများ မူကြမ်းရေးဆွဲခြင်း"** (အကျဉ်းချုပ်) (မြန်မာဘာသာပြန်) ဖြစ်ပါသည်။ THOMAS R. HAGGARD GEORGE W. KUNEY ပြုစုရေးသားကြောင်း ဖော်ပြထားပါသည်။ ဥပဒေ စာချုပ်စာတမ်းများ မူကြမ်းရေးဆွဲပြုစုသူများ၊ ဥပဒေပညာရှင်များအတွက် အသုံးကျအကျိုးများမည့် စာအုပ်ဟု ယူဆပါသည်။ ကောင်းနိုးရာရာ၊ စိတ်ဝင်စားဖွယ်ရာ အပိုင်းများကို ကောက်နုတ်တင်ဆက်ပါရစေ။




**ကျမ်းဦးစကား**

ရှေ့နေဖြစ်ခါစသူများသည် ၎င်းတို့၏ ပထမဆုံးသော စာချုပ်ကို ရေးရမည်ကို စိုးရွံ့လျက်ရှိတတ်ကြပါသည်။ ဦးစွာ မည်သို့ရေးသားလျှင် ကောင်းမည်နည်း။ စာရွက်စာတမ်းသည် အလုံးစုံပြည့်စုံခြင်းမရှိလျှင် အသံနေအသံထားမှအစ ပြည့်စုံခြင်းမရှိလျှင် ကျဆုံးမည့်နှယ် တွေးတတ်ကြပါသည်။

တစ်ချိန်ချိန်တွင် ရှေ့နေတစ်ဦးသည် မလွဲမသွေ စာရွက်စာတမ်းတစ်ခုအား မူကြမ်းရေးဆွဲရမည်မှာ မလွဲပါ။ ယင်းရေးဆွဲလိုက်သော စာရွက်စာတမ်းသည် မည်မျှပင် ရေးပုံရေးနည်းနှင့် အနှစ်သာရအဆင့် မမီစေကာမူ ထိုသို့ အဆင့်မမီ ရေးသားလိုက်ခြင်းကြောင့် ကမ္ဘာကြီး ချက်ချင်းပျက်စီးနိုင်ဖွယ်မရှိဟု သိရှိသွားသည်နှင့်အမျှ ထိုစိုးရွံ့ခြင်းသည် နာရီချိန်သီးတစ်ခုကဲ့သို့ အခြားအစွန်းတစ်ဖက်သို့ လွှဲပြောင်းရောက်ရှိ သွားတတ်ပါသည်။ မလိုအပ်သည့် အကြောက်တရားနေရာတွင် စိုးရိမ်ဖွယ်ရာ ဂရုမစိုက်မှုနှင့် မရှိသင့်သော လွန်ကဲသည့် ယုံကြည်မှုတို့က အစားထိုးဝင်ရောက်လာတတ်ပါသည်။

"ဥပဒေရေးရာ စာရွက်စာတမ်းများကို မူကြမ်းရေးဆွဲခြင်းအား အချို့က ပုံမှန်လည်ပတ်သော စက်ယန္တရားပမာ စာအုပ်ထဲမှဖြစ်စေ၊ ဥပဒေဝန်ဆောင်မှုလုပ်ငန်းတစ်ခုကို စတင်တည်ထောင်ခဲ့သည့် သွားလေပြီးသူ ဆရာ့ဆရာကြီးများက ထားရှိခဲ့ကြသော အချိန်ကြာမြင့်မှုကြောင့် စာရွက်များပင် အဝါရောင်သန်းနေပြီဖြစ်သော ဖိုင်တွဲကြီးများမှ ဖြစ်စေ ပုံတူကူးခြင်းမျှသာ ဖြစ်သည်ဟု ယူဆကြပါသည်။ ဤမှားယွင်းသော အယူအဆ နှစ်ရပ်လုံးကို ပစ်ပယ်လိုက်ပါ"ဟု Thomas R. Haggard က ကျမ်းဦးစကား တင်ပြရေးသားထားပါသည်။

**ယခုစာအုပ်**

ယခုစာအုပ်သည် ရေးဆွဲသော စာချုပ်စာတမ်းများ၏ ဖြစ်ပေါ်ပုံအစဉ်၊ နည်းနာ နိဿယများနှင့် ဖော်ပြပါ ဖော်ပြနည်းများအကြောင်းကို ပြသည်။ အဓိကဦးတည်ချက်မှာ (Private Law) ပုဂ္ဂလိကဆိုင်ရာ ဥပဒေနှင့် သက်ဆိုင်သော စာချုပ်စာတမ်းများနှင့် ဥပဒေများကို ရေးဆွဲနည်းဖြစ်ပြီး အရင်းခံဥပဒေ (Subtantive Law) များ၏ အသေးစိတ်အချက်အလက်များနှင့် မသက်ဆိုင်ကြောင်းလည်း တင်ပြထားပါသည်။

စုစုပေါင်း အနှစ် ၆၀ ကျော်အတွင်းမှ ရရှိထားသော ဥပဒေဆိုင်ရာစာချုပ်စာတမ်းတို့အား ရေးဆွဲခြင်းတို့ကို ကိုယ်တိုင်ကျင့်သုံးခြင်းဖြင့် လည်းကောင်း၊ သင်တန်းများပို့ချခြင်းဖြင့် လည်းကောင်း၊ ထိုအတွေ့အကြုံနှစ်ရပ်စလုံးကို သီးသန့်သတင်းများအဖြစ်လည်းကောင်း၊ စာချုပ်၊ အလုပ်သမားဥပဒေ၊ ပိုင်ဆိုင်မှု၊ ဒေဝါလီခံခြင်း၊ အကြွေးပြန်လည်ပေးဆပ်ခြင်းဆိုင်ရာ သဘောတူညီချက်၊ အဖွဲ့အစည်းပြန်လည်ဖွဲ့စည်းခြင်း စသည့်အခြေအနေမျိုးတို့တွင် ထည့်သွင်းအသုံးပြုနည်း၊ သင်တန်းများမှ ရရှိထားသော အတွေ့အကြုံများကိုလည်းကောင်း ထင်ဟပ်စေသည်။ သို့သော် ပို၍ ကျယ်ပြန့်သောအားဖြင့် နောင်အနာဂတ် မျိုးဆက်သစ်များအတွက် ဥပဒေစာချုပ် စာတမ်းရေးဆွဲသည့် အသိုက်အဝန်း၏ စုစုပေါင်း ပညာအမြော်အမြင်တို့ကို လက်ဆင့်ကမ်းပေးလိုသည့် ကြိုးပမ်းချက်ပင် ဖြစ်သည်။

> **“ ရှေ့နေဖြစ်ခါစသူများသည် ၎င်းတို့၏ ပထမဆုံးသော စာချုပ်ကို ရေးရမည်ကို စိုးရွံ့လျက်ရှိတတ်ကြပါသည်။ ဦးစွာမည်သို့ ရေးသားလျှင် ကောင်းမည်နည်း။ စာရွက်စာတမ်းသည် အလုံးစုံပြည့်စုံခြင်းမရှိလျှင် အသံနေ အသံထားမှအစ ပြည့်စုံခြင်းမရှိလျှင် ကျဆုံးမည့်နှယ် တွေးတတ်ကြ ”**

**အခြေခံအင်္ဂါရပ်(၅)ခု**

ကောင်းမွန်သော ဥပဒေပညာရပ်ဆိုင်ရာ အရေးအသားတွင် အင်္ဂလိပ်ဘာသာစကားကို အသုံးပြုပြီး အခြေခံအင်္ဂါရပ်(၅)ခုနှင့် ပြည့်စုံရပါသည်-

**(၁) တိကျမှု ရှိခြင်း (Accuracy)**

စာချုပ်မူကြမ်းတစ်စောင် ရေးဆွဲရာတွင်- မဖြစ်သင့်ဆုံးအမှားကို မပြုနှင့်။ ဝန်ထမ်း (Employee) ဟု ရေးရမည့်အစား အလုပ်ရှင် (Employer) ဟု ရေးလျှင် မဖြစ်သင့်သော အမှားကို ကျူးလွန်ခြင်း ဖြစ်သည်။ အမှန်တကယ် အဓိပ္ပာယ်နှင့် လွဲချော်လိမ့်မည်။

စာချုပ်၏ လိုရင်းရည်ရွယ်ချက် ပေါ်လွင်ရမည်။ ရေးဆွဲသည့် ရည်ရွယ်ချက် တိတိကျကျပြောပါ။ တိကျမှန်ကန်မှုသည် ရှေ့နေ၊ ဥပဒေပညာရှင်တစ်ဦး၏ အရေးကြီးသော လုပ်ဆောင်မှုဖြစ်သည်။

**သေချာမှုသည် မှန်ကန်မှု၏ တစ်စိတ်တစ်ဒေသဖြစ်သည်။**

**ဒွိဟဖြစ်မှုသည် သေချာခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သည်။**

**(၂) အရေးအသားရှင်းလင်း ပြတ်သားခြင်း (Clarity)**

ကဗျာဆန်သည့်အရေးအသားသည် ဤနေရာ၌ လိုအပ်မည်မဟုတ်။ လှည့်စားမှု၊ စိတ်ကူးယဉ်မှုကို အားပေးသော အရေးအသားဖြစ်နေမည်ကို စိုးရိမ်ရသည်။

စာချုပ်ကို လျင်မြန်စွာ၊ ရဲတင်းစွာ ဖတ်ရှုနိုင်စေရမည်။ ဖတ်ပြီး အလွယ်တကူ သဘောပေါက်နားလည်ရမည်။ ဇဝေဇဝါ မဖြစ်စေနှင့်။

**(၃) ကျစ်လျစ်အောင်ရေးသားခြင်း (Concision)**

လိုအပ်ချက်ကို အနည်းဆုံးသော စကားလုံးဖြင့်ရေးပါ။ ကျစ်လျစ်အောင် ရေးသားပါ။ ကျစ်လျစ်အောင် ရေးသားခြင်းနှင့် အတိုချုပ်ရေးသားခြင်း အဓိပ္ပာယ်မတူပါ။ စာချုပ်ဖတ်မည့်သူများမှာ အချိန်များစွာမပေးနိုင်ကြပါ။ ရှည်လျားသော စာများဖတ်ဖို့ အခက်အခဲရှိတတ်ကြပါသည်။ မသက်ဆိုင်သောအကြောင်းများကို သိဖို့မလို။ ဘက်မလိုက်သောအမြင်နှင့် စာကိုတည်းဖြတ်ရေးသားပါ။ အပိုစကားများကို ဖယ်ထုတ်ပါ။

**(၄) ရိုးရှင်းမှုရှိခြင်း ( Simplicity)**

ရိုးရှင်းမှုဆိုတာ ဘာလဲ။

ရိုးရှင်းမှုဆိုသည်မှာ စကားလုံးအနည်းစုကို အဓိပ္ပာယ်ရှင်းအောင်ရေးဖွဲ့ခြင်းဖြစ်သည်။ အကြောင်းအရာအချက်အလက်တွေ များပြားနေပါသလား။ မရှိမဖြစ်၊ မပါမဖြစ်စကားလုံးက ဘာလဲ။ ရိုးရှင်းပြီး အဓိပ္ပာယ်ပေါ်သော စကားလုံးက ဘာလဲ။ ပြောချင်သော ညွှန်ကြားချက် ပေါ်လွင်ပါ၏လော။

**(၅) စာသွားစာလာအရည်အသွေးကောင်းမွန်ခြင်း (Tone)**

ရှောင်ကြဉ်ရန်၊ အစွန်းမလွတ်သော နှစ်ဖက်စွန်း အရပ်သားစကားလုံးများ ရှောင်ကြဉ်ရပေလိမ့်မည်။ ကြီးကျယ်လွန်းသော စကားလုံး၊ ခမ်းနားလွန်းသော စကားလုံးတို့ကို ဖယ်ကြဉ်သင့်သည်။ အလွန်လေးနက်သော အဓိပ္ပာယ်ဆောင်မှုကို လိုအပ်သည်။ သာမန်စကားပြေ/ စကားပြောမရေးရ။ လူ့အသိုင်းအဝိုင်းက လက်ခံသော ရှေးဆန်လွန်းသော စကားလုံးကို ရှောင်ကြဉ်သင့်သည်။

**ဥပဒေဆိုင်ရာအရေးအသား (၃)မျိုး**

အောက်ပါ (၃)မျိုးသည် ဥပဒေဆိုင်ရာအရေးအသား (၃)မျိုးဖြစ်ပေသည်-

**(၁) လိုရာရောက်အောင်ဆွဲ၍ ရေးသော ရေးသားနည်း (Discursive Writing)**

အကျယ်တဝင့် ရေးသားချက် (Discourse) ဆိုသည်မှာ အကြောင်းအရာတစ်ခုနှင့် ပတ်သက်၍ ပိုင်နိုင်စွာ ပြောဆိုခြင်း (သို့မဟုတ်) ရေးသားခြင်းကိုဆိုသည်။ လိုရာဆွဲ၍ ရေးခြင်းတွင် အသိပေးခြင်းနှင့် ယုံကြည်လက်ခံလာအောင် စည်းရုံးရေးသားခြင်း ဖြစ်သည်။

**(၂) တရားစွဲဆိုမှုနှင့်သက်ဆိုင်သော အရေးအသားများ** (Litigation-Related Writing)

တိုင်တန်းစာ၊ ဖြေကြားချက်၊ တင်သွင်းချက်၊ စစ်ချက်၊ တွေ့ရှိချက် စသည့် စာများကိုဆိုသည်။ သတ်မှတ်ချက်နှင့်အညီ အရေးအသားများ ဖြစ်သည်။

**(၃)စံနမူနာပြသတ်မှတ်ပေးသော အရေးအသား (Normative Writing)**

တရားဝင်ဆက်နွယ်မှု စနစ်တကျဖြစ်အောင် ပြုလုပ်သည်။ စည်းမျဉ်းစည်းကမ်း ပြဋ္ဌာန်းပေးသည်။ နမူနာများ သတ်မှတ်ပေးသည် စသည်ဖြင့် ဖော်ပြပါရှိသည်။

**စေတနာ**

စာချုပ်စာတမ်းများ ရေးဆွဲခြင်းနှင့် စပ်လျဉ်း၍ ကျမ်းကြီး၊ ကျမ်းငယ်များကို ဥပဒေနယ်ပယ်တွင် ရည်ညွှန်းကိုးကားကြပါသည်။ အထက်ပါဥပဒေစာချုပ်စာတမ်းများ မူကြမ်းရေးဆွဲခြင်းစာအုပ်ကို လေ့လာဖတ်ရှုမိပြီး မျှဝေတွေးခေါ်မိသော ကျွန်တော်၏ စေတနာ ဥပဒေအတွေးမျှသာပါ…။ ။

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဆောင်ရွက်

**မအူပင် ဒီဇင်ဘာ ၄** ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဆောင်ရွက်မှုကို ဒီဇင်ဘာ ၂ ရက်မှ စတင်၍ ရေလဲလမ်းလမ်းဆုံ၊ ဗိုလ်ချုပ်ကြေးရုပ်လမ်းဆုံ၊ ဘုရားလမ်းလမ်းဆုံများတွင် အမှတ် ၈၂ ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ပြည်သူများအား သတ်မှတ်စည်းကမ်းနှင့်အညီမောင်းနှင်နိုင်ရန် အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်ဖို့ လိုအပ်သလို ပြည်တွင်းစီးပွားရေးလုပ်ငန်းတွေကို အားပေးတာ၊ မြေတောင်မြှောက်ပေးတာမျိုး လုပ်ပေးရင် နိုင်ငံရဲ့အသားတင်ထုတ်ကုန်တန်ဖိုးတွေ မြင့်တက်လာမှာ ဖြစ်ပါတယ်

ဦးအေးဟန် (မန်နေဂျင်းဒါရိုက်တာ၊ UPG ကုမ္ပဏီ)

## နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုရန် အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ စီးပွားရေးစကားဝိုင်း ကျင်းပ

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များပါဝင်သော စီးပွားရေးစကားဝိုင်းကို မြန်မာ့ အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။

အဆိုပါ စီးပွားရေးစကားဝိုင်းတွင် အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) တွဲဘက်အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်၊ မြန်မာနိုင်ငံ ဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်သူများအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ အောင်ဇော်၊ United Paints Group of Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးအေးဟန်၊ Proven Group of Co., မန်နေဂျင်းဒါရိုက်တာ ဦးသန်းထိုက်လွင်တို့က နိုင်ငံတော်၏ စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အကောက်ခွန်ဦးစီးဌာနမှ ဆောင်ရွက် နေမှုများ၊ ကောက်ခံသည့် အခွန်အမျိုးအစားနှင့် တစ်နှစ်အတွင်း ကောက်ခံရရှိသော အခွန်ငွေပမာဏ၊ အာဆီယံစီးပွားရေးအသိုက်အဝန်းတွင် အကောက်ခွန်ဦးစီးဌာနမှ ပါဝင်သည့် အခန်းကဏ္ဍ၊ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး၊ တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဆောင်ရွက်နေမှုများ၊ SMEs လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် သွင်းကုန်အစားထိုးရေးတို့အတွက် ကြုံတွေ့နေရသော အခက်အခဲများနှင့် အကြံပြုချက်များ၊ မြန်မာနိုင်ငံ ဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်သူများအသင်း၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအပေါ် ဆွေးနွေးကြသည်။


ဦးကျော်ထင်


ဦးသိန်းဆွေ


ဒေါ်ခိုင်ခိုင်နွယ်


ဒေါက်တာအောင်ဇော်


ဦးအေးဟန်


ဦးသန်းထိုက်လွင်

*ယမန်နေ့မှအဆက်*

**အစီအစဉ်မှူး ။ ။ ဆက်လက်ပြီး ဦးသန်းထိုက်လွင်မှ စီးပွားရေးလုပ်ငန်းရှင်တစ်ဦး အနေနဲ့ လုပ်ငန်းအခြေအနေလေး ပြောပြပေးစေလိုပါတယ်။**

**ဦးသန်းထိုက်လွင်** ။ ။ ကျွန်တော်တို့ရဲ့ Battery ထုတ်လုပ်ရေး လုပ်ငန်း အနေနဲ့ ဘက်ထရီပလိတ်ပြားထုတ်လုပ်တဲ့ လုပ်ငန်းတွေကနေ တစ်ဆင့်မြှင့်ပြီး မော်တော်ကား၊ မော်တော်ဆိုင်ကယ်တွေမှာ အသုံးပြုလို့ရတဲ့ TOYO Battery နဲ့ LION Battery ကို ၁၉၉၆ ခုနှစ်ကနေ စတင်ထုတ်လုပ်ခဲ့ပါတယ်။ ဒ့ါအပြင် ဘက်ထရီအိုးအဟောင်းမှ ခဲကျိုချက်သန့်စင်တဲ့လုပ်ငန်းနဲ့ ပလတ်စတစ်လုပ်ငန်းတွေကို တိုးချဲ့လုပ်ကိုင်ခဲ့တာဖြစ်ပြီး အလုပ်သမား ၁၀၀၀ ကျော်နဲ့ လည်ပတ်နေတဲ့ စက်မှုလုပ်ငန်း ဖြစ်ပါတယ်။ ကျွန်တော်တို့ကုမ္ပဏီအနေနဲ့ ပြည်ပနိုင်ငံတွေအတွက် ဘက်ထရီနဲ့ အသင့်သုံးရန် ပလိတ်ပြားအပြင် သန့်စင်ပြီးခဲချောတွေကိုလည်း တင်ပို့ရောင်းချလျက်ရှိပါတယ်။

**အစီအစဉ်မှူး ။ ။ ပြည်တွင်းထုတ်လုပ်ရေးလုပ်ငန်းရှင်ဖြစ်တဲ့ ဦးအေးဟန်ကလည်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနဲ့ ပတ်သက်ပြီး topic တစ်ခုနဲ့ ပါဝင်ဆွေးနွေးစေလိုပါတယ်။**

**ဦးအေးဟန်** ။ ။ ကျွန်တော်က ဒီနေ့စကားဝိုင်းမှာ SMEs Development နဲ့ သွင်းကုန်အစားထိုးရေးနဲ့ပတ်သက်ပြီး ဆွေးနွေးချင်ပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုနဲ့ နည်းပညာသုတေသနတွေမှာ နောက်ကျနေတဲ့ ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတို့ကို ဟန်ချက်ညီညီ စီးပွားရေးလုပ်ငန်းတွေ လည်ပတ်ရန် လိုအပ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်ဖို့ လိုအပ်သလို အချိန်တိုအတွင်း ပုဂ္ဂလိက ကဏ္ဍမှာ လက်ရှိလုပ်ကိုင်နေတဲ့ ပြည်တွင်းစီးပွားရေးလုပ်ငန်းတွေကိုအားပေးတာ၊ မြေတောင်မြှောက်ပေးတာမျိုးလုပ်ပေးရင် နိုင်ငံရဲ့အသားတင်ထုတ်ကုန်တန်ဖိုးတွေ မြင့်တက်လာမှာ ဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် စီးပွားရေးနယ်ပယ်တွေ အောင်မြင်မှု၊ တိုးတက်မှုတွေရရှိဖို့ နိုင်ငံတော်အစိုးရက ပုဂ္ဂလိကကဏ္ဍတွေကို အားပေးကူညီဖို့ အထူးလိုအပ်ပါတယ်။ ကျွန်တော်တို့ရဲ့ နိုင်ငံဟာ နိုင်ငံရပ်ခြားကုန်ချောပစ္စည်းတွေကို ကုန်သွယ်မှုလုပ်ငန်းနဲ့ ပြည်တွင်းဖြန့်ဖြူးရေးလုပ်ငန်းကိုသာ အဓိကအားထားကြတယ်။ သုံးစွဲသူတွေကလည်း နိုင်ငံရပ်ခြားကုန်ပစ္စည်းတွေ သုံးစွဲမှုအပေါ် မွေ့လျော်တဲ့ အလေ့အကျင့်နဲ့ ရပ်တည်နေပါတယ်။

### ပို့ကုန်မြှင့်တင်ခြင်း

ဒ့ါကြောင့် ပြည်တွင်းစက်မှုလုပ်ငန်းတွေရဲ့ ထုတ်ကုန်တွေမြှင့်တင်ခြင်း၊ သွင်းကုန်အစားထိုးခြင်း (Import Substitution)၊ ပို့ကုန်မြှင့်တင်ခြင်း ( Export Promotion ) ဆောင်ရွက်မှသာ ပြည်တွင်းစီးပွားရေး ခိုင်မာစွာရပ်တည်နိုင်မယ်။ အလုပ်အကိုင်အခွင့်အလမ်းနဲ့ ရေရှည်ဝင်ငွေရလမ်းတွေ ဖြစ်ပေါ်နိုင်မှာဖြစ်လို့ ကျွန်တော့်အနေနဲ့ တင်ပြချင်ပါတယ်။

**အစီအစဉ်မှူး ။ ။ ထုတ်လုပ်တဲ့အခါမှာ ကြုံတွေ့ရတဲ့ အခက်အခဲတွေကိုလည်း ဆက်လက်ဆွေးနွေးပေးစေလိုပါတယ်။ ပထမဆုံး ဒေါက်တာ အောင်ဇော်က ပြောပြပေးပါ။**

**ဒေါက်တာအောင်ဇော်** ။ ။ ကျွန်တော် ပြည်တွင်းဆေးဝါးထုတ်လုပ်သူများအနေနဲ့ ကြုံတွေ့ရတဲ့ အခက်အခဲအနေနဲ့က နှစ်ပိုင်းရှိပါတယ်။ ပထမပိုင်းအနေနဲ့ အခွန်နဲ့ပတ်သက်ပြီး နိုင်ငံအတွင်းကို တင်သွင်းနေတဲ့ ဆေးဝါးကုန်ကြမ်း၊ ဓာတ်ခွဲခန်းသုံး Reagent နဲ့ ဆေးဝါးထုပ်ပိုးပစ္စည်းတွေကို Customs Duty ၃ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းအထိ ပေးဆောင်နေရချိန်မှာ နိုင်ငံအတွင်းကို ပြည်ပကတင်သွင်းနေတဲ့ ဆေးဝါးကုန်ချောတွေမှာ အကောက်ခွန်အနေနဲ့ အချို့ပစ္စည်းတွေက ကင်းလွတ်ခွင့်ရရှိပြီး ဖြစ်ပါတယ်။ အချို့ဆေးဝါးတွေမှာ ၁ ဒသမ ၅ ရာခိုင်နှုန်းရှိနေတဲ့အတွက် ထုတ်လုပ်မှုနဲ့ ဈေးကွက်မှာ ယှဉ်ပြိုင်နိုင်စွမ်း ကျဆင်းလျက်ရှိပါတယ်။ နိုင်ငံတကာစံနှုန်းတွေနဲ့ နှိုင်းယှဉ်ကြည့်ရင် အခြားနိုင်ငံတွေမှာ ပြည်တွင်း ထုတ်လုပ်မှုကို ပိုမိုအားပေးတဲ့ အနေနဲ့ ကုန်ကြမ်းတွေတင်သွင်းရင် အခွန်ကင်းလွတ်ခွင့်ပေးပြီး ပြည်တွင်းမှာ ထုတ်လုပ်နိုင်ပြီဖြစ်တဲ့ ကုန်ချောတွေတင်သွင်းရင် အခွန်ရာခိုင်နှုန်း ပိုမိုတိုးမြှင့် တောင်းခံနေတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံအနေနဲ့လည်း ဆေးဝါးကုန်ကြမ်းအပါအဝင် အခြားကုန်ကြမ်းတွေကို အခွန်နှုန်းထား လျှော့ချပြီး ကုန်ချောတွေကို အခွန်နှုန်း တိုးမြှင့်ကောက်ခံသင့်ပါတယ်။

နောက်တစ်ပိုင်းဖြစ်တဲ့ မူဝါဒအပိုင်းမှာ ကြုံတွေ့နေရတဲ့ အခက်အခဲတွေက ပြည်တွင်းမှာ ထုတ်လုပ်နေတဲ့ ဆေးဝါးတွေကိုသာ ဦးစားပေး ဝယ်ယူရမည်ဆိုတဲ့ ဝယ်ယူရေးမူဝါဒ မရှိပါဘူး။ အခြားနိုင်ငံတွေမှာ သတ်မှတ်ထားသလိုမျိုး တင်ဒါဝင်ရောက်ယှဉ်ပြိုင်ရင် ဈေးနှုန်းတူညီတာမျိုး ဒါမှမဟုတ် သတ်မှတ်ထားတဲ့ ရာခိုင်နှုန်း (Preference margin) အတွင်း ဈေးပိုနေတာတွေရှိရင် ပြည်တွင်းထုတ်ဆေးဝါးကိုသာ ဝယ်ယူတာမျိုး မရှိကြပါဘူး။

ပြည်တွင်းမှာ ထုတ်လုပ်နိုင်ပြီဖြစ်တဲ့ ဆေးဝါးတွေနဲ့ အလားတူ ဆေးဝါးတွေကို ပြည်ပကနေ တင်သွင်းမှုအရေအတွက် လျှော့ချကန့်သတ်တာမျိုး မရှိဘူး။ ပြည်တွင်းမှာ ထုတ်လုပ်နိုင်ပြီဖြစ်တဲ့ ဆေးဝါးတွေနဲ့ အလားတူတဲ့ ပြည်ပနိုင်ငံထုတ်ဆေးဝါးတွေရဲ့ ဆေးဝါးမှတ်ပုံတင်လိုင်စင်ကိုလည်း ကန့်သတ်တာမျိုး ဒါမှမဟုတ် ရပ်ဆိုင်းတာမျိုး စတဲ့ ထိန်းချုပ်မှုတွေမရှိတဲ့အတွက် ပြည်တွင်းဆေးဝါး ထုတ်လုပ်မှုမှာ အခက်အခဲများစွာ ရှိနေပါတယ်။

**အစီအစဉ်မှူး ။ ။ ဆက်လက်ပြီး ဦးသန်းထိုက်လွင် အနေနဲ့ လုပ်ငန်းပိုင်းဆိုင်ရာမှာ ဘယ်လိုမျိုး ကြုံတွေ့နေရလဲ၊ အစိုးရပိုင်းဆိုင်ရာတွေ အနေနဲ့ ဘယ်လိုတွေ ဆောင်ရွက်သင့်လဲဆိုတဲ့ အမြင်လေးကို ဆွေးနွေးပေးပါဦး။**

**ဦးသန်းထိုက်လွင်** ။ ။ ကျွန်တော်တို့ ပြည်သူပြည်သားတွေဟာ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ဖို့အတွက် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုဟာ တစ်ထောင့်တစ်နေရာကနေ အရေးပါပါတယ်။ ပို့ကုန်ကနေ ရရှိတဲ့ငွေအရ အခြားကဏ္ဍအသီးသီးမှရရှိတဲ့ နိုင်ငံခြားငွေ စုစုပေါင်း သွင်းကုန်နဲ့ အခြားကဏ္ဍတွေအတွက် ပေးချေလိုက်တဲ့ ငွေစုစုပေါင်းထက် ပိုမှသာလျှင် ကျွန်တော်တို့နိုင်ငံရဲ့ ငွေတန်ဖိုး ပိုမိုခိုင်မာလာမှာ ဖြစ်ပါတယ်။

### ကောက်ခံတဲ့နှုန်းထား ခွဲခြားသတ်မှတ်သင့်

နိုင်ငံတကာမှာ ပြည်တွင်းက ကုန်ထုတ်လုပ်ရေးလုပ်ငန်းတွေကို ပိုမိုဖွံ့ဖြိုးတိုးတက်လာဖို့အတွက် ကုန်ချောအပေါ်မှာ ကောက်ခံတဲ့နှုန်းထားဟာ ကုန်ကြမ်းအပေါ်တွင် ကောက်ခံတဲ့နှုန်းထားထက် ပိုနေတာကို တွေ့ရပါတယ်။ ဒါကြောင့် ကုန်ကြမ်းနဲ့ ကုန်ချောအပေါ်မှာ ကောက်ခံတဲ့ နှုန်းထားတွေကို ခွဲခြားသတ်မှတ်သင့်ပါတယ်။

အကောက်ခွန်နှုန်းထားတွေနဲ့အတူ Non-Tariff Barriers နှုန်းထားတွေကိုလည်း ကဏ္ဍအလိုက် သင့်တော်သလို ဖော်ဆောင်သင့်ပါတယ်။ နိုင်ငံတကာမှာသူတို့ရဲ့ သွင်းကုန်ပစ္စည်းတွေကို သတ်မှတ်ထားသော စံချိန်စံညွှန်းတွေ ပြည့်မီမှသာ တင်သွင်းခွင့်ရရှိပါတယ်။ ထိုနည်းအတူပဲ မြန်မာနိုင်ငံရဲ့ စံချိန်စံညွှန်းတွေကိုလည်း ကဏ္ဍအလိုက် အမြန်ဆုံး သတ်မှတ်ကျင့်သုံးသင့်တယ်။ တစ်ပြိုင်တည်းမှာပဲ Laboratory တွေကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ အသင်းအဖွဲ့တွေ ပူးပေါင်းပြီး တည်ထောင်သွားသင့်ပါတယ်။ နယ်စပ်ဒေသဖြစ်တဲ့ ကုန်သွယ်ရေးဂိတ်တွေမှာလည်း အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါတယ်။

ကျွန်တော်တို့ရဲ့ နိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်အောင် အဘက်ဘက်ကနေ ကြိုးစားဆောင်ရွက်နေတဲ့အချိန် ဖြစ်ပါတယ်။ အခုလို ယှဉ်ပြိုင်နိုင်မှုစွမ်းအားကို မြှင့်တင်နေရတဲ့အချိန်မှာ ကုန်ချောပစ္စည်းတွေကို အခွန်နှုန်းထား Zero ရာခိုင်နှုန်းအဖြစ် တင်သွင်းလာနိုင်တဲ့အတွက် ရင်းနှီးမြှုပ်နှံသူတွေဟာ ရင်းနှီးမြှုပ်နှံမှုအစား Risk နည်းတဲ့ ကုန်ချောတွေ တင်သွင်းရောင်းချခြင်းမျိုးကိုသာ ပြုလုပ်လာတာ တွေ့ရပါတယ်။

### အခွန်နှုန်းထားနည်းနေ

ကျွန်တော်တို့ရဲ့အိမ်နီးချင်းနိုင်ငံတွေသာမက ကမ္ဘာ့ထိပ်သီး စီးပွားရေးနိုင်ငံတွေမှာ ရေရှည်ရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်ထိန်းသိမ်းနိုင်ဖို့အတွက် သီးခြားအခွန်တွေ၊ Special Taxation တွေနဲ့ သတ်မှတ်ကောက်ခံတာကို တွေ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံဟာဆိုရင် အခြားနိုင်ငံတွေနဲ့ ယှဉ်ရင် အခွန်နှုန်းထားတွေက အင်မတန်နည်းနေတာ တွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့က လည်း ကဏ္ဍအလိုက် ပြည်ပမှ တင်သွင်းလာတဲ့ ကုန်ချောပစ္စည်းတွေကို ထိုက်သင့်တဲ့ National Tariff တွေ ချမှတ်ကောက်ခံသွားသင့်ပါတယ်။

အခွန်နှုန်းထားကွာဟပြီး နည်းနေတာကြောင့် ကျွန်တော်တို့ကလည်း ကဏ္ဍအလိုက် ပြည်ပမှ တင်သွင်းလာတဲ့ ကုန်ချောပစ္စည်းတွေကို ထိုက်သင့်တဲ့ ထုပ်ပိုးပစ္စည်းပေါ်မှာဖော်ပြတဲ့ Label စာသားများ သတ်မှတ်ခြင်း၊ ရာသီအလိုက် တင်သွင်းခွင့်ပြုတဲ့ ပမာဏသတ်မှတ်ခြင်း၊ အနည်းဆုံး သွင်းကုန်ပေါ်မှာ သတ်မှတ်တန်ဖိုးထားရှိခြင်း၊ နိုင်ငံတွင်း ထုတ်လုပ်နိုင်မှုပေါ် ရည်ရွယ်ပြီး Quota သတ်မှတ်တင်သွင်းလာတဲ့ ပစ္စည်းတွေကို အခွန်နှုန်းတစ်မျိုးသတ်မှတ်ခြင်း၊ Quota ကျော်လွန်တဲ့ ပစ္စည်းတွေကို သီးခြားအခွန်နှုန်းသတ်မှတ်ခြင်း၊ နိုင်ငံတော်အနေနဲ့ ပြည်တွင်းဖြစ်နဲ့ SMEs လုပ်ငန်းတွေမှာ အမျိုးအစားတစ်ခုကို ဦးစားပေးဝယ်ယူခြင်း၊ Antidumping နှင့် Countervailing duty policy တွေ သတ်မှတ်ခြင်း အစရှိတာတွေကို ဖော်ဆောင်သွားသင့်ပါတယ်။

**အစီအစဉ်မှူး ။ ။ ဦးအေးဟန်အနေနဲ့ကရော အခုပြောဆိုနေတဲ့ အကြောင်းအရာတွေနဲ့ ဆက်စပ်ပြီး အမြင်လေးကိုလည်း ဆွေးနွေးပေးပါဦး။**

**ဦးအေးဟန်** ။ ။ ကျွန်တော့်အနေနဲ့က ပြည်တွင်း ထုတ်လုပ်ရေး လုပ်ငန်းတွေ ကိုယ်စားအနေနဲ့ ပြည်ပကတင်သွင်းတဲ့ ကုန်ချောတွေနဲ့ ယှဉ်ပြိုင်နိုင်ရေးနဲ့ ပတ်သက်ပြီး ဆွေးနွေးချင်ပါတယ်။ ပြည်တွင်းသွင်းကုန်အစားထိုး လုပ်ကိုင်နေတဲ့ စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းရှင်တွေဟာ ထုတ်ကုန်မျိုးစုံကို ပြည်တွင်းဈေးကွက်ရရှိဖို့အတွက် အခက်အခဲမျိုးစုံနဲ့ လှုပ်ရှားရုန်းကန် ရပ်တည်နေကြရတယ်။ ဒေသတွင်းနိုင်ငံတွေကို ခြေဦးမလှည့်နိုင်ကြတာကို တွေ့ရှိရပါတယ်။ နိုင်ငံခြားကနေ တင်သွင်းလာတဲ့ ကုန်ချောအမျိုးမျိုးကို ခံစစ်နဲ့ တွန်းလှန်နေကြရပါတယ်။ နိုင်ငံခြားကတင်သွင်းတဲ့ ကုန်ချောအမျိုးမျိုးတွေကလည်း ပြည်တွင်းဈေးကွက်ကို ဖဲ့ယူနေကြတယ်။

မြန်မာပြည်က သုံးစွဲသူတွေကလည်း နိုင်ငံခြားပစ္စည်းတွေကိုပဲ ဈေးကြီးပေးသုံးစွဲကြတာကြောင့် (Made in Myanmar) ထုတ်ကုန်တွေ ဈေးကွက်တွင် မျက်နှာငယ်ကြရပါတယ်။ ကျွန်တော်တို့ ပြည်တွင်းမှာ Value added သွင်းကုန်အစားထိုးထုတ်လုပ်တဲ့ စက်ရုံတွေအတွက် သွင်းကုန်အစားထိုး ထုတ်ကုန်တွေ ဦးမော့နိုင်ဖို့နဲ့ ပြည်ပသွင်းကုန်တွေနဲ့ ယှဉ်ပြိုင်နိုင်ဖို့အတွက် လိုအပ်ချက်တွေထဲက ပြည်ပကနေ တင်သွင်းတဲ့ စက်မှုကုန်ကြမ်းတွေ၊ အသုံးပြုမယ့် စက်တွေ၊ အထောက်အကူပြုယန္တရားတွေ တင်သွင်းလာတာမျိုးအပေါ် Import Customs Duty အကောက်အခွန် ကင်းလွတ်ခွင့်ပြုတာမျိုးနဲ့ အကောက်အခွန်နှုန်း လျှော့ပေါ့တာမျိုး၊

*စာမျက်နှာ ၂၁ သို့*

**“ပြည်တွင်းသွင်းကုန်အစားထိုး လုပ်ကိုင်နေတဲ့ စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းရှင်တွေဟာ ထုတ်ကုန်မျိုးစုံကို ပြည်တွင်းဈေးကွက်ရရှိဖို့အတွက် အခက်အခဲမျိုးစုံနဲ့ လှုပ်ရှားရုန်းကန် ရပ်တည်နေကြရတယ်။ ဒေသတွင်းနိုင်ငံတွေကို ခြေဦးမလှည့်နိုင်ကြတာကို တွေ့ရှိရပါတယ်။ နိုင်ငံခြားကနေ တင်သွင်းလာတဲ့ ကုန်ချောအမျိုးမျိုးကို ခံစစ်နဲ့ တွန်းလှန်နေကြရပါတယ်။ နိုင်ငံခြားကတင်သွင်းတဲ့ ကုန်ချောအမျိုးမျိုးတွေကလည်း ပြည်တွင်းဈေးကွက်ကို ဖဲ့ယူနေကြတယ်”**

# ပေါက်တောမြို့နယ် မြေငူကျွန်းရှိ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်ဘုရားပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**စစ်တွေ ဒီဇင်ဘာ ၄**

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် မြေငူကျွန်းရှိ နိလာပဗ္ဗတတောင်ပေါ်တွင် တည်ထားကိုးကွယ်သည့် ရှေးဟောင်း သမိုင်းဝင်ဆံတော်ရှင်စေတီသည် ဘုရားရှင်၏ ဆံတော်ဓာတ်ကို ဌာပနာထည့်သွင်း တည်ထားတော်မူသည့် စေတီတစ်ဆူဖြစ်ပြီး ရှေးဟောင်း သမိုင်းဝင် ဆံတော်ရှင်ဘုရားပွဲကို ဒီဇင်ဘာ ၁၆ ရက်မှ ၂၃ ရက်ထိ ၈ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ဆံတော်ရှင် ဘုရားပွဲတော် ကျင်းပရေးကော်မတီမှ သိရသည်။

ဆိုပါပွဲတော်ကာလအတွင်း ညပွဲအဖြစ် အဆင့်မြင့်ဇာတ်သဘင်ဖြင့် ဖျော်ဖြေသွားမည်ဖြစ်ကြောင်း၊ ဆံတော်ရှင်ဘုရားပွဲတော်သည် ရခိုင်ပြည်နယ်အတွင်း အစည်ကားဆုံး ဘုရားပွဲတော်ဖြစ်ကြောင်းနှင့် သင်္ဘောများ၊ အမြန်ရေယာဉ်များ၊ မော်တော်စက်လှေများဖြင့် ရဟန်းရှင်လူ ပြည်သူများ လာရောက်ဖူးမြော် ကြည်ညိုကြကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# ကျောက်ဖြူမြို့နယ်တွင် ကျေးရွာခြောက်ရွာ လျှပ်စစ်မီးရရှိ

**ကျောက်ဖြူ ဒီဇင်ဘာ ၄**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နှင့် ၂၈ မိုင်ဝေးကွာသော ဇင်ချောင်းကျေးရွာအုပ်စုတွင် ဒီဇင်ဘာ ၂ ရက် ည ၇ နာရီ ၁၅ မိနစ်က စတင်ပြီး လျှပ်စစ်မီး ၂၄ နာရီ ရရှိနေပြီဖြစ်ကြောင်း ကျောက်ဖြူမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ သိရသည်။

ကျေးရွာခြောက်ရွာဖြစ်သော တောင်ရင်း၊ ကုန်ဘွယ်၊ ကုန်းဘောင်ကြီး၊ ဝက်တောပြင် (ရွာမ)၊ ကုန်ဘောင်နှင့် ကျီးဒွေကျေးရွာတို့ကို ဇင်ချောင်းကျေးရွာရှိ ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံမှ ဓာတ်အားပို့လွှတ်ခဲ့သည်။ ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ကျောက်ဖြူခရိုင် စနဲမြို့သို့လည်း ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်လှဖြူ (ရမ်းဗြဲ)**



# ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အခမ်းအနားများ ကျင်းပ

**မုံရွာ**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမ၌ ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၃ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နေရာဒေသအသီးသီးမှာရှိကြသည့် မသန်စွမ်းသူများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဂုဏ်သိက္ခာရှိစွာ ရပ်တည်နေနိုင်ရေး၊ နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် တစ်တပ်တစ်အားပါဝင်နိုင်ရေးအတွက် မြှင့်တင်အားပေးဆောင်ရွက်နေကြသည့် ဌာနဆိုင်ရာများ၊ ပြည်တွင်း/ ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအားလုံး ဆက်လက်ပူးပေါင်းဆောင်ရွက်ကြရန်၊ ဖေးမကူညီခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊အပြန်အလှန်နားလည်ခြင်း၊ စုစည်းဆောင်ရွက်ခြင်းတို့ဖြင့် မသန်စွမ်းသူများဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် သင်တန်းကျောင်းအခြေပြုနှင့် ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်းများ တိုးတက် များပြားလာပြီး ဝိုင်းဝန်းဆောင်ရွက်ကြရန်၊ ပြောင်းလဲလာသော ခေတ်စနစ်နဲ့အညီ နည်းပညာစွမ်းအားကို အသုံးပြုပြီးမသန်စွမ်းသူများဘဝ ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရန်၊ ကိုယ့်အားကိုယ်ကိုးအဖွဲ့အစည်းများ ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းလာနိုင်ရန်အတွက် ပံ့ပိုးပေးကြရန် ပြောကြားခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် ကောက်ယူခဲ့သော သန်းခေါင်စာရင်းစစ်တမ်းအရ မြန်မာနိုင်ငံ လူဦးရေသည် ၅၂ သန်းကျော်ရှိသည့်အနက် ၂ ဒသမ ၃သန်း (၄ ဒသမ ၆ ရာခိုင်နှုန်းကျော်) သည် မသန်စွမ်းမှုများကို ခံစားနေရသူများဖြစ်ပြီး တိုင်းဒေသကြီးအတွင်း အမြင်အာရုံမသန်စွမ်းသူ၊ အကြားအာရုံမသန်စွမ်းသူ၊ လမ်းလျှောက်အကူပစ္စည်းကိုင်တွယ်ရန် ခက်ခဲသူ၊ သင်ယူလေ့လာခြင်းမှတ်ယူရန် အာရုံစူးစိုက်မှုခက်ခဲသူစသည့် မသန်စွမ်းသူ လူဦးရေစုစုပေါင်း ၁၇၇၈၅၁ ဦးရှိကြောင်း သိရသည်။

**ဝင်းဦး (ဧယျာတိုင်း)**

**ဟားခါး**

၂၀၁၈ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၃ ရက်က ဟားခါးမြို့ အ.ထ.က (၁) ဗိုလ်တိုက်ချွန်းခန်းမ၌ ကျင်းပရာ ပြည်နယ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဝီကော၊ ပြည်နယ်ဥပဒေချုပ် ဦးဆန်နီထန်ကျုံး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းဖွဲ့များမှ ကိုယ်စားလှယ်များ၊ မသန်စွမ်း သူများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။ အခမ်းအနားတွင် ပြည်နယ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးက အမှာစကားပြောကြားပြီး ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က ပေးပို့သော သဝဏ်လွှာကို ပြည်နယ်လူမှုဝန်ထမ်းရုံး ညွှန်ကြားရေးမှူး ဦးအေးမင်းညွန့်က ဖတ်ကြားသည်။**ခရိုင် (ပြန်/ဆက်)**

*စာမျက်နှာ ၂၀ မှ*

ပြည်တွင်းမှာ အရည်အသွေးမီထုတ်လုပ်နိုင်တဲ့ ထုတ်ကုန်တွေနဲ့အလားတူ ပြည်ပသွင်းကုန်တွေကို အကောက်ခွန်နှုန်း မြှင့်တင်ပေးခြင်းဖြင့် ပြည်တွင်း သွင်းကုန်အစားထိုး ထုတ်ကုန်တွေကို အားပေးဖို့ ဆောင်ရွက်သင့်တယ်လို့ မြင်ပါတယ်။

**အစီအစဉ်မှူး။** ။အခု **ဆွေးနွေးသွားတဲ့အကြောင်းအရာနဲ့ ပတ်သက်ပြီး** (UMFCCI) **အနေနဲ့လည်း အမြင်လေးကို ဆွေးနွေးပေးစေလိုပါတယ်။ ဒေါ်ခိုင်ခိုင်နွယ်။** ။ဦးအေးဟန် ဆွေးနွေးသွားတဲ့ Made in Myanmar ပေါ့နော်၊ ကျွန်မတို့ ကုန်သည်/စက်မှုအသင်းချုပ်က ညီနောင်အသင်း ၇၆ သင်းရှိတယ်၊ အဲ့ဒီမှာ ကျွန်မတို့ရဲ့ညီနောင်အသင်းဖြစ်တဲ့ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ စက်မှုထုတ်ကုန်အသင်းတွေထဲမှာ လက်ခစားလုပ်ငန်းတွေ လုပ်ကိုင်ရတာရှိတယ်။ နိုင်ငံတော်ကလည်း အလုပ်အကိုင်အခွင့်အလမ်းကို အများကြီး ဖန်တီးပေးထားတာရှိတော့ ကျွန်မတို့လုပ်ငန်းကို အားပေးတယ်။ Made in Myanmar က ကျွန်မတို့အတွက် ဂုဏ်ရှိတယ်၊ ကျွန်မတို့အနေနဲ့ လက်ခစားလုပ်ငန်းကနေ တန်ဖိုးမြင့်ပို့ကုန် ထုတ်တဲ့လုပ်ငန်းကို နိုင်ငံတော်ကလည်း အားပေးပါတယ်။

ကျွန်မတို့ကလည်း ပြောင်းချင်နေတယ်။ ပြောင်းဖို့ကြိုးစားနေတာပေါ့နော်၊ အများကြီး လုပ်ကြရဦးမှာပါ။ CMP ကနေ FOB ပြောင်းမယ်ဆိုရင် အကောက်ခွန်ပေါ့၊ ပစ္စည်းသွင်းလာတဲ့အခါ မှာ သွင်းလာတဲ့ပစ္စည်းက Re Export ပြန်လုပ်တဲ့ အတွက် အကောက်ခွန်ပေးစရာမလိုဘူးပေါ့နော်။ ဒါပေမယ့်လည်း FOB လုပ်တယ်ဆိုရင် သွင်းလာတဲ့အချိန်မှာ အကောက်ခွန် အရင်ပေးရမယ်၊ ပြီးရင် ထုတ်လုပ်မယ်၊ ပြီးလို့ရှိရင် Export လုပ်တဲ့အခါမှာ ဒါကိုပြန်လျှောက်ပြီး ပြန်ပြီးတော့ အကောက်ခွန် ပြန်ရမှာပါ။ အဲဒီလို လုပ်ငန်းစဉ်ကို ဖြစ်နိုင်ရင် ပိုလွယ်ကူအောင် ဘယ်လိုနည်းရှိလဲဆိုတာ စဉ်းစားစေချင်တယ်။ အခုဆိုရင် ကျွန်မတို့ရဲ့ CMP လုပ်ငန်းက အထည်ချုပ်ရှိတယ်။ ဖိနပ်၊ ဆံပင်တုရှိတယ်။ ဒါတွေအကုန်လုံးက ကျွန်မတို့နိုင်ငံရဲ့ အလုပ်အကိုင်ဖန်တီးမှုက အားလုံးဆိုရင် ၆ သိန်းကျော်လောက်ရှိတယ်။ နိုင်ငံ့ဝင်ငွေဆိုလည်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၃ ဘီလီယံလောက် ရှိတယ်။ ဒါပေမယ့် ဒါတွေဟာ ကျွန်မတို့ရဲ့ ဝင်ငွေမဟုတ်ဘူး၊ ကျွန်မတို့က ဒီဟာရဲ့ ၁၀ ရာခိုင်နှုန်းလောက်ပဲ ဝင်ငွေရတယ်။ တကယ်လို့များ ကျွန်မတို့ဟာ FOB ပြောင်းနိုင်ခဲ့ရင် ဒေါ်လာ ၃ ဘီလီယံက ကျွန်မတို့နိုင်ငံရဲ့ဝင်ငွေဖြစ်သွားမှာပါ။

ကျွန်မတို့အနေနဲ့ အခုလက်ရှိ CMP စနစ် ကနေ FOB စနစ်ကို တစ်ဆင့်တက်ဖို့ ကြိုးစားဆောင်ရွက်နေပါတယ်။ ညွှန်ချုပ်ကြီး ဆွေးနွေးသွားတဲ့ Dry Port၊ Bonded Warehouse စနစ်တွေလည်း အကောင်အထည်ဖော်လာနိုင်ခဲ့ရင် ကျွန်မတို့လုပ်ငန်းပိုင်းတွေမှာ အလွန်ကို အဆင်ပြေမယ့်စနစ်တွေ ဖြစ်လာမယ်လို့ မျှော်လင့်တဲ့အတွက် အမြန်ဆုံးအကောင်အထည်ဖော်ဖို့လည်း တိုက်တွန်းလိုပါတယ်။ ပြီးတော့ ကျွန်မတို့ဆောင်ရွက်မယ့် FOB စနစ်နဲ့ တင်သွင်းလာတဲ့အခါကျရင်လည်း အခွန်ကင်းလွတ်ခွင့်နဲ့ တင်သွင်းပြီး ပြန်လည်တင်ပို့ခွင့်ပြုပေးနိုင်မယ့် စီမံချက်တစ်ခုကို ရှာဖွေပေးစေလိုပါတယ်။ ဆိပ်ကမ်းထုတ်လုပ်မှုအပိုင်းမှာလည်း ကြန့်ကြာမှုမရှိစေရေးကိုလည်း ဆောင်ရွက်ပေးဖို့အတွက် ကျွန်မအနေနဲ့ တင်ပြလိုပါတယ်။

**ဇော်ကြီး၊ ဓာတ်ပုံ- ဖေဇော်**

*(ဆက်လက်ဖော်ပြပါမည်)*

# ခူမီးနှစ်သစ်ကူးပွဲတော်အခမ်းအနား ရန်ကုန်မြို့၌ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၄**

ခူမီးတိုင်းရင်းသားတို့ ရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနားကို ဒီဇင်ဘာ ၁ ရက်က ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွာမရပ်ကွက် အထက်မင်းကြီးလမ်းရှိ ဝေဠုဝနံ့မွတက္ကသိုလ်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားကို ခူမီးရိုးရာအကဖြင့် ဖွင့်လှစ်ပေးပြီး ချင်းပြည်နယ်အစိုးရအဖွဲ့လျှပ်စစ်၊ စည်ပင်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ဒေါ်ခင်ခင်သန်းက ဂုဏ်ပြုဖတ်ကြားခဲ့သည်။

အခမ်းအနားတွင် ပလက်ဝမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်အောင်၊ ချင်းတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးပူးနိုင်ထန်ကပ်၊ ဒု-ဥက္ကဋ္ဌ ဦးကျော်ငြိမ်း၊ ဘီရှော့(ပ်) အင်ဒရူးမန်လုံးနှင့် ဘီရှော့(ပ်) ဂျိမ်းစ်မင်းဒိန်တို့က နှစ်သစ်ကူးအမှာစကားများ ပြောကြားခဲ့ကြသည်။

အခမ်းအနားသို့ ရန်ကုန်မြို့ရှိ ခူမီးတိုင်းရင်းသားများ၊ ချင်းတိုင်းရင်းသားများ တက်ရောက်ခဲ့ကြပြီး ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ခူမီးတိုင်းရင်းသား၊ တိုင်းရင်းသူများဖြစ်ကြသည့် ခြောက်ဘာသာဂုဏ်ထူးရှင် မယဉ်ယဉ်နွယ်၊ လေးဘာသာဂုဏ်ထူးရှင် မောင်ငြိမ်းသတိုး၊ မောင်ရဲသီဟလင်းတို့ကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မောင်မောင်ကျော့(ပလက်ဝ)**

# ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် ကျေးလက်ရေပေးရေး၊ ကုန်ထုတ်လမ်းတံတားများအတွက် ဆွေးနွေးပွဲကျင်းပ

**ကြို့ပင်ကောက် ဒီဇင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ကျေးလက်ရေပေးရေးလုပ်ငန်းနှင့် ကုန်ထုတ်လမ်းတံတားများအတွက် မြို့နယ်စီမံကိန်းအကောင်အထည်ဖော်ရေးဆွဲရေးကော်မတီနှင့် ဌာနဆိုင်ရာများ ဆွေးနွေးပွဲကို ဒီဇင်ဘာ ၂ ရက်က ကျင်းပခဲ့သည်။

ကျေးလက်ရေရရှိရေးလုပ်ငန်းကို ကျေးရွာ ၁၅ ရွာတွင် တွင်းတိမ် ကိုးရွာ၊ တွင်းနက် ခြောက်ရွာတို့၌ တူးဖော်ခွင့်ရရှိပါက ကျေးလက်နေပြည်သူ ၄၉၁၄ ဦးခန့်ကို အကျိုးပြုနိုင်မည်ဖြစ်ပြီး ကုန်ထုတ်လမ်းဖောက်လုပ်ရန်အတွက် စီမံကိန်းလေးခု အုန်းနဲ့ကျောတန်း-အောင်ချမ်းသာလမ်း၊ ရွှေကျွန်းတော-သခွတ်ပင်လမ်း၊ ဘန်းဘွေးကုန်း - အင်ဂလာရိုး လမ်းနှင့် သပြေရုံ-ညောင်ဝိုင်းလမ်းတို့ကို ဆောင်ရွက်ရန်လျာထားကြောင်း၊ ဆောင်ရွက်ခွင့်ရရှိပါက ကျေးလက်နေပြည်သူ ၂၁၀၀၀ ခန့်ကို အကျိုးပြုမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ဇေယျာထွန်း (ကြို့ပင်ကောက်)**


**ရိုလုံရွှေဆိုင်ကြီး (လက်လီလက်ကား)**

အမှတ်(၁)(၂)(၃)၊(၄)ချမ်းလုံ၊(၅)ချွန်းလုံ ရွှေဆိုင်မှ ၁၅ပဲရည် ၁၆ပဲရည် ရွှေထည်များ (စိန်ထည်+ပလက်တီနမ်) ဒီဇိုင်းမျိုးစုံကို ဈေးနှုန်းမှန်ကန်စွာဖြင့် လက်လီလက်ကား ရောင်းချပေးနေပါသည်။

ဦးလှဝေ+ဒေါ်ဝင်းမြင့်လွင် ရိုလုံရွှေဆိုင်ကြီး(ယုဇနပလာဇာ)

ရိုလုံ (၁) အမှတ်(S-7)၊ ပထမထပ်၊ ယုဇနပလာဇာ၊ ဗညားဒလလမ်း၊ ရန်ကုန်။ ☎-၀၁-၂၀၀၇၄၇(Ext.)၂၀၀၈၊ ၀၉-၇၉၂၉၂၆၄၁၀

ရိုလုံ (၂) ကိုနိုင်နိုင်ဦး + မလဲ့ရည်ရှား အမှတ်(F-1)၊ ပထမထပ်၊ ယုဇနပလာဇာ၊ ဗညားဒလလမ်း၊ ရန်ကုန်။ ☎-၀၁-၂၀၀၇၄၇(Ext.)၂၈၀၀

ရိုလုံ (၃) (ပလက်တီနမ်ဆိုင်)ကိုနိုင်နိုင်ဦး + မလဲ့ရည်ရှား (C-5)၊ ပထမထပ်၊ ယုဇနပလာဇာ၊ ရန်ကုန်။ ☎-၀၁-၂၀၀၇၄၇(Ext.)၂၈၀၀

ချမ်းလုံ(၄) ဒေါက်တာ တင်အောင်ဝေ + ဒေါက်တာချောစုငယ် အမှတ်(C-7)၊ ပထမထပ်၊ ယုဇနပလာဇာ၊ ရန်ကုန်။

ရွှေဆိုင် ☎-၀၉-၇၃၁၀၃၀၉၀၊ ၀၁-၂၀၀၇၄၇(Ext.)၂၂၂၅

ချွန်းလုံ(၅) ကိုဘုန်းကျော်ဝေ+မငုဇင်သိန်း

ရွှေဆိုင် အမှတ်(H-10)၊ ယုဇနပလာဇာ(ပထမထပ်)။☎-၀၉-၇၃၀၅၃၁၀၁၊ ၀၁-၂၀၀၇၄၇(Ext.)၂၈၈၀

Facebook Page { ရိုလုံ(၂)ရတနာရွှေဆိုင် / ချမ်းလုံ ရတနာရွှေဆိုင်




# ဖြူးမဟာစည်ဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ၏ တရားပွဲ

ဖြူးမဟာစည်သာသနာ့ရိပ်သာများနှင့် ရတနာစိန်စည်ပရိယတ္တိစာသင်တိုက်တို့၏ ပဓာန နာယက၊ ကျေးဇူးရှင် ဖြူးဆရာတော်၏ တပည့်ကြီး၊ ဖြူးမဟာစည်ဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ (နိုင်ငံတော်ဓမ္မကထိကဗဟုဇနဟိတဓရ)၊ ပြည်တွင်းပြည်ပ မဟာစည်နာယက၊ ကမ္မဋ္ဌာနာစရိယ၊ သာသနာပြုနယ်လှည့်ဓမ္မကထိက အရှင်သူမြတ်သည် ၄-၁၂-၂၀၁၈ ရက် (အင်္ဂါနေ့) တောင်ဥက္ကလာပမြို့နယ် ဓမ္မသဘင်၊ ၅-၁၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) တောင်ငူမြို့၊ (၁၈)ရပ်ကွက်၊ ဘုံဆွမ်းလောင်းအသင်း ဓမ္မသဘင်၊ ၇-၁၂-၂၀၁၈ ရက် (သောကြာနေ့) တောင်ဥက္ကလာပမြို့နယ်၊ မြင်သာရပ်ကွက် ဓမ္မသဘင်၊ ၈-၁၂-၂၀၁၈ ရက် (စနေနေ့) ဖြူးမြို့၊ မဟာစည်ရိပ်သာ၊ ယောဂီဆောင်ပန္နက်တင်မင်္ဂလာ၊ ၉-၁၂-၂၀၁၈ ရက် (တနင်္လာနေ့) ဖြူးမြို့နယ်၊ သပြေသာရွာ၊ ဦးအုန်းငွေ-ဒေါ်ကြည်လေးတို့၏ ကျောင်းအလှူတော် အကြိုဓမ္မသဘင်၊ ၁၃-၁၂-၂၀၁၈ရက် (ကြာသပတေးနေ့) ဖြူးမြို့နယ်၊ သပြေသာရွာ၊ ကျောင်းရေစက်ချ၊ ၁၅-၁၂-၂၀၁၈ရက် (စနေနေ့) မြောက်ဒဂုံမြို့နယ်၊ (၅၀)ရပ်ကွက်၊ ဓမ္မသဘင်၊ ၁၆-၁၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) တောင်ငူမြို့၊ (၁၉)ရပ်ကွက်၊ ဝိသုဒ္ဓါရုံမြင်းဖြူ အင်းကျောင်း ဓမ္မသဘင်၊ ၁၉-၁၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ဖြူးမြို့၊ မဟာစည်ရိပ်သာ၊ ဖြူးဆရာတော်ကြီး၏ (၉)နှစ်ပြည့် ဓမ္မသဘင်၊ ၂၀-၁၂-၂၀၁၈ ရက် (ကြာသပတေးနေ့) မန္တလေးမြို့၊ မျက်ပါးရပ်ဘုရားပွဲ ဦးသူတော်နှင့်သားသမီးမြေးတစ်စု အကယ်ဒမီရွှေသန့်လုပ်ငန်းမိသားစု ဓမ္မပူဇာသဘင်၊ ၂၁-၁၂-၂၀၁၈ရက် (သောကြာနေ့) တွံတေးမြို့နယ်၊ ဘုရားငုတ်တိုရွာ ဓမ္မသဘင်၊ ၂၂-၁၂-၂၀၁၈ရက် (စနေနေ့) နံနက်ခင်း၊ဖြူးမြို့၊ မဟာစည်ရိပ်သာ၊ ဖြူးဆရာတော်ကြီး၊ စံလွန်တော်မူရာ (၉)နှစ်ပြည့် ကုသိုလ်တော်ပွဲ၊ ညချမ်း-တောင်ဥက္ကလာပမြို့နယ် ဓမ္မသဘင်၊ ၂၃-၁၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက်ခင်း၊ ဖြူးမြို့နယ်၊ ခေမာသီဝံမဟာစည်ရိပ်သာဓမ္မာရုံ ရေစက်ချပွဲ၊ ညချမ်း-မုံရွာမြို့နယ်၊ ညောင်ပင်ကြီးရွာ၊ ဆရာတော်၏ မွေးနေ့ ဓမ္မပူဇာသဘင်၊ ၂၅-၁၂-၂၀၁၈ရက် (အင်္ဂါနေ့) စစ်ကိုင်းမြို့၊ သလွန်ဖြူဘုရားအနီး ရဟန်းခံ၊ ရှင်ပြုအလှူ ဓမ္မပူဇာသဘင်၊ ၂၆-၁၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ဖြူးမြို့နယ်၊ မြို့မနာရေးကူညီမှုအသင်း ဓမ္မပူဇာသဘင်၊ ၂၇-၁၂-၂၀၁၈ရက် (ကြာသပတေးနေ့) ဘားအံမြို့နယ်၊ ရွှေဝွန်းရွာ ဓမ္မပူဇာသဘင်၊ ၃၀-၁၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ မြကန်သာအိမ်ရာ၊ အပိုင်း(၂) ဓမ္မပူဇာသဘင်၊ ၃-၁-၂၀၁၉ရက် (ကြာသပတေးနေ့) လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ မြကန်သာအိမ်ရာ၊ အပိုင်း(၁) ဓမ္မပူဇာသဘင်၊ ၄-၁-၂၀၁၉ရက် (သောကြာနေ့) ကော့သောင်းမြို့၊ ဓမ္မသဘင်၊ ၅-၁-၂၀၁၉ရက် (စနေနေ့) ကော့သောင်းမြို့ ဓမ္မသဘင်၊ ၆-၁-၂၀၁၉ရက် (တနင်္ဂနွေနေ့) မင်္ဂလာဒုံမြို့နယ်၊ ဝါယာလက်ဓမ္မသဘင်တို့၌ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားချီးမြှင့်ပေးမည်ဖြစ်ပါသည်။ ဆရာတော်၏ တရားပွဲများကို ပင့်လျှောက်လိုပါက ဖုန်း-၀၉-၅၃၉၀၄၁၇၊ ၀၁-၅၃၀၀၆၈၊ ၀၁-၅၃၀၁၁၃၊ ၀၉-၅၀၅၆၁၀၇၊ ၀၉-၂၅၀၂၁၄၉၇၇၊ ၀၉-၂၅၃၆၉၉၆၇၉ တို့သို့ ဆက်သွယ်ပင့်လျှောက်နိုင်ပါသည်။

---

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ Regional Development Project for Poverty Reduction Phase II တွင် JICA ODA Loan(MY-P 17) ဖြင့် ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်တွင် ၆၆ ကေဗွီ၊ မောင်တောဓာတ်အားခွဲရုံတွင် Switch Bay Extension တည်ဆောက်ခြင်းနှင့် ၆၆ကေဗွီ ကြိမ်ချောင်း ဓာတ်အားခွဲရုံတည်ဆောက်ခြင်းအတွက် ဓာတ်အားခွဲရုံ ဆက်စပ်ပစ္စည်းများနှင့် ထရန်စဖော်မာများ Lot အလိုက် မြန်မာကျပ်ငွေ (Kyat)ဖြင့် ဝယ်ယူလိုပါသည်-

**တင်ဒါပိတ်မည့်ရက်** - ၃-၁-၂၀၁၉ ရက်
**တင်ဒါပိတ်မည့်အချိန်** - မွန်းတည့် ၁၂ နာရီ

တင်ဒါပုံစံနှင့် အချက်အလက်များကို Web Potal (www.moee.gov.mm) ၌ အသေးစိတ်ကြည့်ရှု၍ Download ဆွဲယူနိုင်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၂၄၄၊ ၀၆၇-၈၁၀၄၂၄၅၊ Fax -၀၆၇-၈၁၀၄၂၄၆**

---

## ဝယ်လိုသည်

Air Con အဟောင်း၊ အပျက်များ ဈေးကောင်းပေးဝယ်သည်။

**ဖုန်း-၀၉-၇၇၅၁၂၃၂၆၂**
**၀၉-၇၃၂၃၄၉၈၆**

---

## ဖခင်အမည်မှန်

လှိုင်ကော်မြို့နယ်၊ အထက ပန်ကန်းကျောင်း ဆဋ္ဌမတန်းမှ မရီတာကျော်မြ၏ ဖခင်အမည်မှန်မှာ ခွန်းပိုလီကားပို ၂/ဒမဆ(နိုင်)၀၃၃၇၅၆ ဖြစ်ပါသည်။

**ခွန်းပိုလီကားပို**

---

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကော့ခပုံကျေးရွာ အထက(ကော့ခပုံ) နဝမတန်း(A)မှ မောင်ပြည့်ဖြိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးချိုဝင်း ၁၀/မဒန(နိုင်)၁၈၀၈၈၆ ဖြစ်ပါကြောင်း။

**ဦးချိုဝင်း**

---

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9G/6829 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး၊(ရန်ကုန်မြောက်ပိုင်း)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၂၀၇၀၃ Honda Click-110 ယာဉ်လက်ဝယ်ရှိသူ ဦးမိုးကျော်သူ ၉/ဝတန(နိုင်)၀၂၂၀၃၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

---

# ဖိတ်ကြားလွှာ

(ကြည်း၊ ရေ၊ လေ) အမျိုးသမီးစစ်မှုထမ်းဟောင်းများ၏ ၈-၁၂-၂၀၁၈ရက် နံနက် ၈ နာရီမှ ၁၁ နာရီအထိ တွေ့ဆုံဆွေးနွေးပွဲသို့ ချစ်သူငယ်ချင်းများ M.3 Food Centre သို့ တက်ရောက်ကြပါရန်၊ အမှတ်တရပစ္စည်းများလဲလှယ်ရန်လည်းရှိမည်ဖြစ်ပါသဖြင့် (ကြည်း၊ ရေ၊ လေ) အမျိုးသမီးစစ်မှုထမ်းဟောင်းများ (မပျက်မကွက်)လာရောက်ကြပါရန် ခင်မင်လေးစားစွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

**(သူငယ်ချင်းတစ်စု)**

**ဆက်သွယ်ရန်**

ဖုန်း-၀၁-၃၈၁၇၈၅ တပ်ကြပ်ကြီးခင်နှင်းယု(ငြိမ်း)
ဖုန်း-၀၉-၃၁၄၅၈၅၆၂ ဗိုလ်ကြီးဒေါ်အေးနွဲ့(ငြိမ်း)
ဖုန်း-၀၉-၂၅၄၃၁၇၄၉၇ အရာခံဗိုလ်ဒေါ်ရှုကြည်(အဘုတ်)(ငြိမ်း)

---

**စစ်ကိုင်းတိုင်းဒေသကြီး၊ ဆည်မြောင်းနှင့်**
**ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မုံရွာမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မုံရွာမြို့မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ကမ္ဘာ့ဘဏ်ချေးငွေ(ADSP) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မြောက်ယမားတမံမူလမြောင်းမကြီးဆည်ရေသောက်စနစ် ပြုပြင်ခြင်းလုပ်ငန်းအတွက် လိုအပ်သော တည်ဆောက်ရေးပစ္စည်းများအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါပုံစံများရောင်းချမည့်ရက်** - ၃-၁၂-၂၀၁၈ ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၂-၁-၂၀၁၉ ရက်
**တင်ဒါရွေးချယ်မည့်နေရာ** - တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့

၂။ လျှောက်လွှာပုံစံများကို ညွှန်ကြားရေးမှူး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မုံရွာမြို့တွင် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

၃။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်ရောက်ရှိလာသော လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်သိရှိလိုပါက ညွှန်ကြားရေးမှူးရုံး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ ဖုန်း-၀၇၁-၂၃၆၂၅၊ ၀၇၁-၂၃၆၂၆၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မုံရွာမြို့ ဖုန်း-၀၇၁-၂၁၁၈၂၊ ၀၇၁-၂၁၀၅၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

လေးမျက်နှာမြို့နယ်၊ အိုင်သပြုဈေးတာလေးလမ်း၊ ကွင်းအမှတ်(၁၁၇၇)၊ မြေကွက်အမှတ်(၁၂၀)၊ မြေဧရိယာ ၀ဒသမ ၀၄၈ဧက ကိုစောမီကာအဲလ် ၁၄/လမန(နိုင်)၀၃၅၁၆၄ သည် လွန်ခဲ့သော ၁၂ နှစ်မှစ၍ ပိုင်ဆိုင်အသုံးပြုခဲ့ရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ မြေငှားဂရန်သစ်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**စောမီကာအဲလ်**

---

## သားအဖြစ်မှစွန့်လွှတ်ခြင်း

ဘားအံမြို့၊(၁)ရပ်ကွက်၊ စိန်တလေးလမ်း၊ အမှတ်(၁/၂၁၉)နေ ဒေါ်စမ်းစမ်းအေး၏ သားဖြစ်သူ မောင်ပြည့်စုံစိုး ၃/ဘအန(နိုင်)၂၅၀၃၉၅ သည် မိဘဆိုဆုံးမမှုကို မနာခံ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။၎င်းနှင့်ပတ်သက်၍ မည်သည့်အကြောင်းမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**
**ဒေါ်စမ်းစမ်းအေး**

---

**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**
**အင်ဂျင်နီယာချုပ်ရုံး၊ နေပြည်တော်**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ နေပြည်တော်ကောင်စီခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ခြင်း လုပ်ငန်းများအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်းပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့် ရက်/အချိန်** - ၅-၁၂-၂၀၁၈ ရက် နံနက် ၁၀ နာရီ

၃။ **တင်ဒါပုံစံအရောင်းပိတ်မည့် ရက်/အချိန်** - ၂၆-၁၂-၂၀၁၈ ရက် မွန်းလွဲ ၂ နာရီ

၄။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံး ရက်/အချိန်** - ၇-၁-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီ

၅။ **တင်ဒါတင်သွင်းရမည့်နေရာ** - အင်ဂျင်နီယာချုပ်ရုံး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

၆။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် ၅-၁၂-၂၀၁၈ ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**အင်ဂျင်နီယာချုပ်ရုံး၊ နေပြည်တော်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**
**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၄၂၀၆၆၆**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပြည်ထောင်စုရှေ့နေချုပ်ရုံး**

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

